မှတ်ပုံတင်အမှတ်—၃၉

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
# ပြန်တမ်း

**အမှတ် ၇ ]** ရန်ကုန်မြို့ { ၁၃၇၅ ခုနှစ်၊ တပို့တွဲလဆန်း ၁၅ ရက် ( ၂၀၁၄ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၄ ရက် ) } **သောကြာနေ့ [ အတွဲ ၆၇**

ဤအပိုင်းကို သီးခြားစုပေါင်း၍တွဲထားနိုင်ရန် သီးခြားစာမျက်နှာတပ်ထားပါသည်။

## အပိုင်း ၁

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**နိုင်ငံတော်သမ္မတရုံး**

**(အမိန့်အမှတ် ၂/၂၀၁၄)**

၁၃၇၅ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၅ ရက်

( ၂၀၁၄ ခုနှစ်၊ ဇန်နဝါရီလ ၂၀ ရက် )

**နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး အဖွဲ့ဝင် ခန့်အပ်တာဝန်ပေးခြင်း**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၃၂၇ နှင့် ပုဒ်မ ၃၃၂ တို့ပါ ပြဋ္ဌာန်းချက်များအရ ဒေါက်တာသီတာဦးအား လစ်လပ်လျက်ရှိသော နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး အဖွဲ့ဝင်အဖြစ် ခန့်အပ်တာဝန်ပေးလိုက်သည်။

(ပုံ) သိန်းစိန်

နိုင်ငံတော်သမ္မတ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ပြည်ထောင်စုလွှတ်တော်

## အမိန့်ကြော်ငြာစာအမှတ် (၁၂/၂၀၁၄)

၁၃၇၅ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၆ ရက်

( ၂၀၁၄ ခုနှစ်၊ ဇန်နဝါရီလ ၂၁ ရက် )

### ဥပဒေကြမ်းပူးပေါင်းကော်မတီဝင် ပြောင်းလဲတာဝန်ပေးအပ်ခြင်း

ပြည်ထောင်စုလွှတ်တော်သည် လွှတ်တော်၌သာ ဆွေးနွေးဆုံးဖြတ်ရမည့် ဥပဒေကြမ်းများနှင့် စပ်လျဉ်း၍ လွှတ်တော်အစည်းအဝေး၌ ဆွေးနွေးခြင်းမပြုမီ အသေးစိတ်လေ့လာစိစစ်နိုင်ရေးအတွက် ပြည်ထောင်စုလွှတ်တော်၏ ၂၀၁၃ ခုနှစ်၊ ဩဂုတ်လ ၁၃ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၅၂/၂၀၁၃) ဖြင့် ဖွဲ့စည်းထားသည့် ဥပဒေကြမ်းပူးပေါင်းကော်မတီတွင် ဗိုလ်မှူးကြီးမောင်မောင်ထူး၊ တပ်မတော်သား အမျိုးသားလွှတ်တော်ကိုယ်စားလှယ် **အစား** ဗိုလ်မှူးချုပ်ကျော်ဦးလွင် တပ်မတော်သား အမျိုးသားလွှတ်တော် ကိုယ်စားလှယ်အား အဖွဲ့ဝင်အဖြစ် ပြောင်းလဲတာဝန်ပေးအပ်လိုက်သည်။

(ပုံ) သူရရွှေမန်း
နာယက
ပြည်ထောင်စုလွှတ်တော်

**[ ယခင်အပတ် ငွေကြေးခဝါချမှုတိုက်ဖျက်ရေးဥပဒေ (မူကြမ်း) မှအဆက် ]**

(ဃ) အပိုဒ်ခွဲ (က) အရ ဖောက်သည်အပေါ် အလေးထားစိစစ်ခြင်း ဆောင်ရွက်ချက်များကို အောက်ပါအတိုင်း ဆောင်ရွက်ရမည် -

(၁) လွတ်လပ်၍ ယုံကြည်အားထားရသော ဇာစ်မြစ်များ၊ အထောက်အထားများ၊ အချက်အလက်များ သို့မဟုတ် သတင်းအချက်အလက်များဖြင့် ဖောက်သည်အား အတည်ပြုစိစစ်ခြင်းနှင့် ဖောက်သည်၏မှတ်ပုံတင်ကို အတည်ပြုခြင်း၊

(၂) စီးပွားရေးဆက်ဆံဆောင်ရွက်မှု၏ ရည်ရွယ်ချက်၊ သဘောသဘာဝဆိုင်ရာသတင်းအချက်အလက်များ စုဆောင်းရယူခြင်းနှင့် နားလည်သိရှိခြင်း၊

(၃) သတင်းပို့အဖွဲ့အစည်းများအနေဖြင့် အကျိုးခံစားခွင့်ရှိသူ ပိုင်ရှင်မည်သူမည်ဝါဖြစ်ကြောင်း သိရှိနိုင်၍ ကုမ္ပဏီအဖွဲ့အစည်း သို့မဟုတ် ဥပဒေရေးရာစီစဉ်ဆောင်ရွက်မှု၏ ပိုင်ဆိုင်မှုနှင့် ထိန်းချုပ်မှုပုံစံတို့ကို နားလည်သဘောပေါက်ပြီး အတည်ပြုစိစစ်နိုင်မည့် အကျိုးခံစားခွင့်ရှိသူ ပိုင်ရှင်ကို အတည်ပြုဖော်ထုတ်ခြင်းနှင့် အဆိုပါအကျိုးခံစားခွင့်ရှိသူ ပိုင်ရှင်၏ သက်သေခံအထောက်အထားကို စိစစ်ရန်အလို့ငှာ သင့်လျော်သည့် အရေးယူဆောင်ရွက်မှုအားလုံးကို ဆောင်ရွက်ခြင်း၊

(၄) ပုဂ္ဂိုလ်၊ ကုမ္ပဏီ၊ အဖွဲ့အစည်း သို့မဟုတ် ဥပဒေရေးရာစီစဉ်ဆောင်ရွက်မှုများအတွက် ဖောက်သည်ကိုယ်စားဆောင်ရွက်သူသည် အာဏာအပ်နှင်းခြင်းခံရသူ ဟုတ်မဟုတ် စိစစ်ခြင်းနှင့် ယင်း၏မှတ်ပုံတင်ကို မှန်ကန်ကြောင်းအတည်ပြုခြင်း၊ ပုဂ္ဂိုလ်၊ ကုမ္ပဏီ၊ အဖွဲ့အစည်း သို့မဟုတ် ဥပဒေရေးရာစီစဉ်ဆောင်ရွက်မှု၏ တရားဝင်တည်ရှိမှုအခြေအနေအား စိစစ်ခြင်း၊ ဖောက်သည်၏အမည်၊ တရားဝင်ဖွဲ့စည်းမှုပုံစံ၊ လိပ်စာ၊ ဒါရိုက်တာများနှင့်ပတ်သက်သည့် သတင်းအချက်အလက်များရယူခြင်းနှင့် ကုမ္ပဏီအဖွဲ့အစည်း သို့မဟုတ် ဥပဒေအရ စီစဉ်

ဆောင်ရွက်မှုများအပေါ် စည်းနှောင်မှုရှိစေသည့် လုပ်ပိုင်ခွင့်ဆိုင်ရာစည်းမျဉ်းများ သတ်မှတ်ခြင်း၊

(၅) ဖောက်သည်သည် ပြည်တွင်းပြည်ပတွင် ဩဇာတိက္ကမရှိသူ သို့မဟုတ် အပြည်ပြည်ဆိုင်ရာ ဩဇာတိက္ကမရှိသူဖြစ်ကြောင်း ယုံကြည်ရန် အကြောင်းရှိပါက ပုဒ်မခွဲ (၁) မှ (၄) ပါ ဖောက်သည်အပေါ် အလေးထားစိစစ်ခြင်းကို တိုးမြှင့်ဆောင်ရွက်ရမည်။

(င) ပုဒ်မခွဲ (ဃ) ပါ တာဝန်ဝတ္တရားများကို ဆောင်ရွက်နိုင်ခြင်းမရှိပါက ပုဒ်မခွဲ (ခ) မှ (၁) မှ (၃) အထိ ဆောင်ရွက်ချက်များကို ရှောင်ကြဉ်ခြင်း၊ ဆောင်ရွက်မပေးခြင်း သို့မဟုတ် ရပ်စဲခြင်းပြုရမည်။ ယင်းအခြေအနေအား ငွေကြေးဆိုင်ရာစုံစမ်းထောက်လှမ်းရေးတပ်ဖွဲ့သို့ သတင်းပို့ရမည်။

(စ) ပုဒ်မခွဲ (ဃ) အရ ဆောင်ရွက်ရမည့် ဖောက်သည်အပေါ် အလေးထားစိစစ်ခြင်းဆိုင်ရာ ဆောင်ရွက်ချက်များကို စီးပွားဆက်ဆံမှုဆောင်ရွက်ပြီးသော်လည်း ပြုလုပ်နိုင်သည်။

(ဆ) အထူးသဖြင့် အန္တရာယ်အဆင့်မြင့်သည့် ဖောက်သည်များ သို့မဟုတ် စီးပွားရေးဆက်ဆံဆောင်ရွက်မှုများဆိုင်ရာအချက်အလက်များ အပါအဝင် ဤပုဒ်မအရ စုဆောင်းရယူထားသည့် အထောက်အထားစာရွက်စာတမ်းများ၊ အချက်အလက်များ သို့မဟုတ် သတင်းအချက်အလက်များသည် နောက်ဆုံးအခြေအနေနှင့် ကိုက်ညီစေရေး၊ သက်ဆိုင်အကျုံးဝင်သောအချက်အလက်များ ဖြစ်စေရေး ဆောင်ရွက်ထားရှိရမည်။

၂၀။ သတင်းပို့အဖွဲ့အစည်းများသည် စီးပွားဆက်ဆံဆောင်ရွက်မှုတစ်ခုချင်းအတွက် ဖောက်သည်အပေါ် အလေးထားစိစစ်ခြင်းကို စဉ်ဆက်မပြတ်ဆောင်ရွက်ရမည်။ ထို့အပြင် မိမိတို့သိရှိထားသည့် ဖောက်သည်ဆိုင်ရာအချက်အလက်များ၊ စီးပွားရေးဆိုင်ရာဆောင်ရွက်ချက်များနှင့် အန္တရာယ်ရှိမှုအဆင့်အတန်းများနှင့် ကိုက်ညီစေရေးအတွက် မည်သည့်လွှဲပြောင်းဆောင်ရွက်မှုကိုမဆို သေချာစွာစိစစ်ရမည်။ လိုအပ်ပါက ငွေကြေးဇာစ်မြစ်ကိုလည်း စိစစ်ရမည်။

၂၁။ (က) သတင်းပို့အဖွဲ့အစည်းများသည် အောက်ပါဆောင်ရွက်ချက်များကို စောင့်ကြည့်စစ်ဆေးရမည် -

(၁) စီးပွားရေးလုပ်ငန်းအရင်းခံ ထင်သာမြင်သာမရှိဘဲနှင့်ဖြစ်စေ၊ ဥပဒေနှင့်ညီကြောင်း ထင်သာမြင်သာမရှိဘဲနှင့်ဖြစ်စေ ရှုပ်ထွေးသော၊ ပုံမှန်မဟုတ်သော ပမာဏများပြားသည့် လွှဲပြောင်းဆောင်ရွက်မှုများအားလုံး၊ ပုံမှန်မဟုတ်သောပုံစံဖြင့် လွှဲပြောင်းသည့်ဆောင်ရွက်မှုများအားလုံး၊

(၂) ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်ငွေကြေးထောက်ပံ့မှု တားဆီးကာကွယ်ရေးအတွက် ဆောင်ရွက်ချက်များကို လုံလောက်စွာ လိုက်နာဆောင်ရွက်ခြင်းမရှိသည့် နိုင်ငံတစ်နိုင်ငံမှ သို့မဟုတ် ယင်းနိုင်ငံရှိသူတစ်ဦးနှင့် စီးပွားဆက်ဆံဆောင်ရွက်မှု သို့မဟုတ် လွှဲပြောင်းဆောင်ရွက်မှုအားလုံး။

(ခ) ပုဒ်မခွဲ (က) တွင် ဖော်ပြထားသည့် လွှဲပြောင်းဆောင်ရွက်မှုများ သို့မဟုတ် စီးပွားဆက်ဆံဆောင်ရွက်မှုများ၏ နောက်ခံအခြေအနေနှင့် ရည်ရွယ်ချက်များကို ဖြစ်နိုင်သမျှ စစ်ဆေးရမည့်အပြင် တွေ့ရှိချက်များကိုလည်း ရေးသားမှတ်တမ်းတင်ရမည်။

(ဂ) ပုဒ်မခွဲ (က) အရ ငွေကြေးခဝါချမှု သို့မဟုတ် အကြမ်းဖက်ငွေကြေးထောက်ပံ့မှုအန္တရာယ်သည် အဆင့်မြင့်သည်ဟု ဖော်ထုတ်သိရှိရပါက သတင်းပို့အဖွဲ့အစည်းများသည် ဖောက်သည်အပေါ် အလေးထားစိစစ်ခြင်းလုပ်ငန်းစဉ်ကို တိုးမြှင့်ဆောင်ရွက်ရမည်။

၂၂။ သတင်းပို့အဖွဲ့အစည်းများအနေဖြင့် ဖောက်သည်တစ်ဦးတစ်ယောက် သို့မဟုတ် အကျိုးခံစားခွင့်ရှိသူပိုင်ရှင်တစ်ဦးသည် ပြည်တွင်းပြည်ပ ဩဇာတိက္ကမရှိသူများ သို့မဟုတ် အပြည်ပြည်ဆိုင်ရာဩဇာတိက္ကမ

ရှိသူများ ဟုတ် မဟုတ် ဆုံးဖြတ်နိုင်ရန် သင့်လျော်သည့် အန္တရာယ်စီမံခန့်ခွဲမှုစနစ်တစ်ရပ်ကို ထားရှိပြီး အောက်ပါအတိုင်း ဆောင်ရွက်ရမည် -

(က) အပြည်ပြည်ဆိုင်ရာသြဇာတိက္ကမရှိသူများနှင့်စပ်လျဉ်း၍ -

(၁) စီးပွားဆက်ဆံဆောင်ရွက်မှု ထူထောင်ခြင်းမပြုမီ သို့မဟုတ် ဆက်လက်ဆောင်ရွက်ခြင်းမပြုမီ အကြီးတန်းစီမံအုပ်ချုပ်သူထံမှ သဘောတူညီချက်ရယူခြင်း၊

(၂) ချမ်းသာကြွယ်ဝမှုနှင့် ငွေကြေးအရင်းအမြစ်ကို ဖော်ထုတ်ရန် ဆီလျော်သည့် အရေးယူဆောင်ရွက်မှုများအားလုံး ဆောင်ရွက်ခြင်း၊

(၃) ဖောက်သည်အပေါ် တိုးမြှင့်အလေးထားစိစစ်ခြင်းကို စဉ်ဆက်မပြတ်ကျင့်သုံး၍ ယင်းစီးပွားဆက်ဆံမှုကို စောင့်ကြည့်ခြင်း။

(ခ) ပြည်တွင်းပြည်ပသြဇာတိက္ကမရှိသူများနှင့်စပ်လျဉ်း၍ သတင်းပို့အဖွဲ့အစည်းများက အန္တရာယ်အဆင့်မြင့်သည်ဟု ဆုံးဖြတ်ပါက ပုဒ်မခွဲ (က) ပါ အရေးယူဆောင်ရွက်မှုများကို ကျင့်သုံးရမည်။

၂၃။ သတင်းပို့အဖွဲ့အစည်းများသည် အောက်ပါသတင်းအချက်အလက်ဆိုင်ရာမှတ်တမ်းများကို ထိန်းသိမ်းထားရှိရမည့်အပြင် ငွေကြေးဆိုင်ရာစုံစမ်းထောက်လှမ်းရေးတပ်ဖွဲ့နှင့် အခြားအာဏာပိုင်များထံသို့ ယင်းမှတ်တမ်းများနှင့် အရေးပါသည့် သတင်းအချက်အလက်များကို အဆင်သင့်ပေးပို့နိုင်စေရန် ဆောင်ရွက်ထားရမည်ဖြစ်ပြီး ယင်းမှတ်တမ်းများသည် လွှဲပြောင်းဆောင်ရွက်မှုတစ်ခုချင်းစီကို ပြန်လည်ဆက်စပ် ဖော်ထုတ်နိုင်သည်အထိ ပြည့်စုံလုံလောက်မှုရှိရမည် -

(က) စီးပွားဆက်ဆံဆောင်ရွက်မှုရပ်စဲပြီးချိန်မှဖြစ်စေ၊ ရံဖန်ရံခါလွှဲပြောင်းဆောင်ရွက်မှုကို ပြုလုပ်ပြီးချိန်မှဖြစ်စေ နောက်ထပ် အနည်းဆုံးငါးနှစ်ကြာကာလအထိ ဖောက်သည် သို့မဟုတ် အကျိုးခံစားခွင့်ရှိသူပိုင်ရှင်၏ သက်သေခံအထောက်အထားဆိုင်ရာစာရွက်စာတမ်းများ၊ ငွေစာရင်းဖိုင်များနှင့် စီးပွားရေးဆိုင်ရာစာအဆက်အသွယ်များ အပါအဝင် ဖောက်သည်အပေါ် အလေးထားစိစစ်ခြင်းမှတစ်ဆင့်ရရှိထားသော မှတ်တမ်းမှတ်ရာများနှင့် ဆောင်ရွက်ခဲ့ပြီးသော စိစစ်တွေ့ရှိချက်ရလဒ်အားလုံး၏မိတ္တူများ၊

(ခ) ပြည်တွင်းပြည်ပလွှဲပြောင်းဆောင်ရွက်ရန် အားထုတ်မှု သို့မဟုတ် လွှဲပြောင်းဆောင်ရွက်မှုကို ဆောင်ရွက်ပြီးချိန်မှ နောက်ထပ်ငါးနှစ်တာကာလအထိ လွှဲပြောင်းဆောင်ရွက်မှုများဆိုင်ရာမှတ်တမ်းအားလုံး၊

(ဂ) ငွေကြေးဆိုင်ရာစုံစမ်းထောက်လှမ်းရေးတပ်ဖွဲ့သို့ သတင်းပို့တင်ပြခဲ့သည်မှာ အနည်းဆုံး ငါးနှစ်ကြာပြီဖြစ်သည့် ဤဥပဒေအခန်း (၈) အရ လွှဲပြောင်းဆောင်ရွက်မှု သတင်းပို့ချက်မိတ္တူများနှင့် အခြားသက်ဆိုင်သည့်စာရွက်စာတမ်းများ၊

(ဃ) ဆောင်ရွက်မှုပြီးဆုံးခဲ့သည်မှာ သို့မဟုတ် နောက်ဆုံးအချိန်ပြင်ဆင်မွမ်းမံခဲ့သည်မှာ ငါးနှစ်ကြာမြင့်ပြီးဖြစ်သော ပုဒ်မ ၁၈ အရ အန္တရာယ်အကဲဖြတ်ချက်နှင့် အခြားအရေးပါသည့် သတင်းအချက်အလက်များ။

၂၄။ (က) သတင်းပို့အဖွဲ့အစည်းများသည် ပုဒ်မ ၁၉ တွင် ပြဋ္ဌာန်းထားသည့် ဖောက်သည်အပေါ် အလေးထားစိစစ်ခြင်းဆိုင်ရာအချက်များအနက် အောက်ပါလိုအပ်ချက်များကို အကောင်အထည်ဖော်နိုင်စွမ်းရှိသော ကြားလူကို အားထားဆောင်ရွက်နိုင်သည်။ စီးပွားစတင်ဆောင်ရွက်နိုင်ရန်အတွက် ၎င်းကြားလူသည် -

(၁) ပုဒ်မ ၁၉၊ ပုဒ်မခွဲ (ဃ) ပါ သတင်းအချက်အလက်အားလုံးကို ချက်ချင်းရယူခြင်း၊

(၂) မှတ်ပုံတင်အထောက်အထားဆိုင်ရာအချက်အလက်များနှင့် ဖောက်သည်အပေါ် အလေးထား စိစစ်ခြင်းဆိုင်ရာ အထောက်အထားစာရွက်စာတမ်းများကို တောင်းဆိုပါက နှောင့်နှေးမှု မရှိဘဲ ကျေနပ်ဖွယ်ဆောင်ရွက်ပေးနိုင်ခြင်း၊

(၃) ပုဒ်မ ၂၀ မှ ၂၃ ပါ ဆောင်ရွက်ရန် လိုအပ်ချက်များကို ကိုယ်စားလိုက်နာဆောင်ရွက်ရေး အတွက် ထိန်းသိမ်းခန့်ခွဲခြင်း၊ ကြီးကြပ်ခြင်း သို့မဟုတ် စောင့်ကြည့်စစ်ဆေးခြင်းနှင့် အကဲဖြတ် ခြင်းများကို ကျေနပ်ဖွယ် ဆောင်ရွက်ထားနိုင်ခြင်း။

(ခ) ဖောက်သည်ကို မည်သူမည်ဝါဖြစ်ကြောင်း ဖော်ထုတ်ခြင်းနှင့် အတည်ပြုစိစစ်ခြင်းအတွက် အဓိကတာဝန်ရှိမှုသည် ပုဒ်မခွဲ (က) အရ ကြားလူ သို့မဟုတ် အဖွဲ့အစည်းကိုအားထား ဆောင်ရွက်သည့် သတင်းပို့အဖွဲ့အစည်းများတွင် ဆက်လက်တည်ရှိရမည်။

၂၅။ သတင်းပို့အဖွဲ့အစည်းများသည် အသစ်တီထွင်ထားသည့် ထုတ်ကုန်၊ ဝန်ဆောင်မှု၊ စီးပွားရေးလုပ်ငန်း သို့မဟုတ် နည်းပညာများနှင့်ဆက်နွှယ်၍ ပေါ်ပေါက်သော ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်ငွေကြေး ထောက်ပံ့မှုအန္တရာယ်များကို ဖော်ထုတ်ခြင်းနှင့် အကဲဖြတ်ခြင်း၊ ယင်းအန္တရာယ်များကို စီမံခန့်ခွဲရန်နှင့် လျော့ပါးစေရန် သင့်လျော်သည့် အရေးယူဆောင်ရွက်ခြင်းတို့ကို အကောင်အထည်ဖော်ရမည်။

၂၆။ နယ်စပ်ဖြတ်ကျော်ဆောင်ရွက်သည့် ကိုယ်စားလှယ်ဘဏ်လုပ်ငန်းနှင့် အခြားသောအလားတူဆက်ဆံ ဆောင်ရွက်မှုများမပြုလုပ်မီ ပုဒ်မ ၁၉ ပြဋ္ဌာန်းချက်ပါ ဖောက်သည်အပေါ် အလေးထားစိစစ်ခြင်းများကို ပုံမှန်ပြုလုပ်ရမည့်အပြင် ငွေရေးကြေးရေးအဖွဲ့အစည်းများသည် အောက်ပါတို့ကို ဆောင်ရွက်ရမည် -

(က) မိမိနှင့်စီးပွားဆက်ဆံဆောင်ရွက်သော အခြားနိုင်ငံမှအဖွဲ့အစည်း၏ စီးပွားရေးလုပ်ငန်း၊ ယင်း၏ ဂုဏ်သတင်းနှင့် ငွေကြေးခဝါချမှု သို့မဟုတ် အကြမ်းဖက်ငွေကြေးထောက်ပံ့နှင့်စပ်လျဉ်း၍ စုံစမ်း စစ်ဆေးခံရခြင်း သို့မဟုတ် စည်းကမ်းထိန်းသိမ်းခြင်းဆိုင်ရာအရေးယူခံရခြင်း ရှိ မရှိကို လည်းကောင်း၊ ကြီးကြပ်မှုဆိုင်ရာအရည်အသွေးနှင့်သက်ဆိုင်သော သတင်းအချက်အလက်များကို လည်းကောင်း စုဆောင်းရယူခြင်းနှင့် သိရှိခြင်း၊

(ခ) အကြီးတန်းစီမံခန့်ခွဲသူထံမှ ခွင့်ပြုချက်ရယူခြင်း၊

(ဂ) အဆက်အသွယ်ဘဏ်အဖွဲ့အစည်း၏ ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်ငွေကြေးထောက်ပံ့မှု တိုက်ဖျက်ရေးဆိုင်ရာထိန်းချုပ်ကြီးကြပ်မှုအရည်အသွေးကို အကဲဖြတ်ခြင်း၊

(ဃ) အဖွဲ့အစည်းတစ်ခုချင်းစီ၏ ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်ငွေကြေးထောက်ပံ့မှုတိုက်ဖျက်ရေး တာဝန်ဝတ္တရားများကို မှတ်တမ်းတင်ခြင်း။

၂၇။ (က) ကြေးနန်းသို့မဟုတ် အီလက်ထရောနစ်နည်းဖြင့် ငွေလွှဲခြင်းပါဝင်သော ဆောင်ရွက်မှုများကို ပြုလုပ်သည့် ငွေရေးကြေးရေးအဖွဲ့အစည်းများသည် ယင်းလွှဲပြောင်းဆောင်ရွက်မှုများ၌ ကနဦး လွှဲပြောင်းသူ၏ အမည်အပြည့်အစုံ၊ ငွေစာရင်းအမှတ်နှင့်လိပ်စာ၊ လိပ်စာမရှိပါက နိုင်ငံသား မှတ်ပုံတင်အမှတ်၊ မွေးနေ့သက္ကရာဇ်နှင့် မွေးရာဇာတိတို့ကိုလည်းကောင်း၊ ယင်းလွှဲပြောင်းမှု လုပ်ငန်းစဉ်တွင် ပါဝင်သည့် အကျိုးခံစားခွင့်ရှိသူ၏ အမည်နှင့် ငွေစာရင်းအမှတ်များကို လည်းကောင်း ရယူခြင်းနှင့် စိစစ်ခြင်းများ ဆောင်ရွက်ရမည်။ ယင်းသတင်းအချက်အလက် များတွင် ကြေးနန်း သို့မဟုတ် အီလက်ထရောနစ်နည်းဖြင့် ငွေလွှဲရာ၌ပါရှိသည့် မှာကြား ချက်များ သို့မဟုတ် ငွေပေးချေမှုများလည်း ပါဝင်ရမည်။ အကယ်၍ ငွေစာရင်းအမှတ်မရှိပါက ထိုလွှဲပြောင်းမှုအတွက် သီးခြားရည်ညွှန်းနံပါတ်ကို သတ်မှတ်ပေးရမည်။ ဤပုဒ်မ၏ပြဋ္ဌာန်းချက်ပါ သတင်းအချက်အလက်ကို ငွေပေးချေမှုဆောင်ရွက်သော ကြားခံငွေရေးကြေးရေးအဖွဲ့အစည်း များက ထိန်းသိမ်းခြင်းနှင့်တစ်ဆင့် ပေးပို့ခြင်းများ ဆောင်ရွက်ရမည်။

(ခ) ပုဒ်မခွဲ (က) သည် အောက်ပါတို့နှင့် သက်ဆိုင်ခြင်းမရှိစေရ -

(၁) အကြွေးဝယ်ကတ် သို့မဟုတ် မြီစားကတ်ဖြင့် လွှဲပြောင်းဆောင်ရွက်မှု၊ ယင်းလွှဲပြောင်းမှုနှင့် အတူ အကြွေးဝယ်ကတ်နှင့် မြီစားကတ်အမှတ်များပါရှိသော လွှဲပြောင်းမှု၊

(၂) ငွေရေးကြေးရေးအဖွဲ့အစည်းများ ကိုယ်စားဆောင်ရွက်သည့် ကနဦးလွှဲပြောင်းသူနှင့် အကျိုးခံစားခွင့်ရှိသူ ပိုင်ရှင်တို့သည် ငွေရေးကြေးရေးအဖွဲ့အစည်းများဖြစ်ပါက ယင်းငွေရေးကြေးရေး အဖွဲ့အစည်းများအကြား ဆောင်ရွက်သည့်လွှဲပြောင်းမှု။

(ဂ) ငွေပေးချေမှုဆောင်ရွက်သော ငွေရေးကြေးရေးအဖွဲ့အစည်းတစ်ရပ်၏ ပုဒ်မခွဲ (က) ပါ ပြဋ္ဌာန်းချက်များကို လိုက်နာဆောင်ရွက်နိုင်ခြင်းမရှိသည့် ကြေးနန်း သို့မဟုတ် အီလက်ထရောနစ်နည်းဖြင့် ငွေလွှဲခြင်းကို ဆောင်ရွက်ပေးခြင်းမပြုရ၊

(ဃ) နိုင်ငံဖြတ်ကျော်၍ ကြေးနန်း သို့မဟုတ် အီလက်ထရောနစ်နည်းဖြင့် ငွေလွှဲခြင်း သို့မဟုတ် ငွေကြေးလက်ခံမှုပြုသည့် ငွေရေးကြေးရေးအဖွဲ့အစည်းတစ်ရပ်သည် -

(၁) အဆိုပါလွှဲပြောင်းဆောင်ရွက်ချက်နှင့်အတူ ကနဦးလွှဲပြောင်းပေးသူနှင့် အကျိုးခံစားခွင့်ရှိသူ ပိုင်ရှင်တို့၏ သတင်းအချက်အလက်များ ထိန်းသိမ်းထားရှိရန် ကြပ်မတ်ဆောင်ရွက်ရမည်။

(၂) ပုဒ်မခွဲ (က) ပါ လိုအပ်သည့် သတင်းအချက်အလက်များ မပါဝင်သော ကြေးနန်း သို့မဟုတ် အီလက်ထရောနစ်နည်းဖြင့် ငွေလွှဲခြင်းများကို ဖော်ထုတ်ရန် ထိုက်သင့်သော အရေးယူ ဆောင်ရွက်မှုများ ပြုလုပ်ရမည်။

(၃) ယင်းလွှဲပြောင်းမှုဆောင်ရွက်ခြင်း၊ လက်ခံခြင်း၊ ပယ်ဖျက်ခြင်း သို့မဟုတ် ဆိုင်းငံ့ထားခြင်းနှင့် နောက်ဆက်တွဲအရေးယူဆောင်ရွက်မှု တစ်စုံတစ်ရာချမှတ်ခြင်းများ ဆောင်ရွက်ရန် ဆုံးဖြတ် နိုင်ရေးအတွက် အန္တရာယ်အခြေပြုလုပ်ထုံးလုပ်နည်းများကို ချမှတ်ထားရှိရမည်။

(င) ပုဒ်မခွဲ (က) ပါ ကနဦးလွှဲပြောင်းသူ သို့မဟုတ် အကျိုးခံစားခွင့်ရှိသူ ပိုင်ရှင်နှင့်စပ်လျဉ်းသည့် သတင်းအချက်အလက်များသည် ပြည်တွင်းကြေးနန်း သို့မဟုတ် အီလက်ထရောနစ်နည်းဖြင့် ငွေလွှဲခြင်းတစ်ရပ်တွင် မှတ်တမ်းကျန်ရှိစေရေးအတွက် နည်းပညာကန့်သတ်ချက်များကြောင့် အတားအဆီးဖြစ်ပါက ယင်းငွေကြေးလွှဲပြောင်းမှုပြုလုပ်ရန် ညွှန်ကြားသည့် သို့မဟုတ် ဆောင်ရွက်သည့်အဖွဲ့အစည်းထံမှ ဖော်ပြပါ သတင်းအချက်အလက်အားလုံးရရှိသော အဖွဲ့ အစည်းသည် မှတ်တမ်းကို သိမ်းဆည်းထားရှိရမည်။

(စ) ပုဒ်မခွဲ (က) ပါ လိုအပ်သည့် သတင်းအချက်အလက်များကင်းမဲ့နေသော ကြေးနန်း သို့မဟုတ် အီလက်ထရောနစ်နည်းဖြင့် နိုင်ငံဖြတ်ကျော်၍ ငွေလွှဲပြောင်းခြင်းကို လက်ခံဆောင်ရွက်သည့် ငွေရေးကြေးရေးအဖွဲ့အစည်းတစ်ရပ်သည် ယင်းလွှဲပြောင်းဆောင်ရွက်မှုနှင့်စပ်လျဉ်း၍ အကျိုး ခံစားခွင့်ရှိသူ ပိုင်ရှင်အား အတည်ပြုစိစစ်ရမည်။

(ဆ) နိုင်ငံတော်ဗဟိုဘဏ်သည် ကြေးနန်း သို့မဟုတ် အီလက်ထရောနစ်နည်းဖြင့် ငွေကြေးလွှဲပြောင်း ဆောင်ရွက်မှုပြုလုပ်သည့် ငွေရေးကြေးရေးအဖွဲ့အစည်းများက လိုက်နာဆောင်ရွက်ရမည့် အချက်များကို ညွှန်ကြားချက် ထုတ်ပြန်သတ်မှတ်ပေးရမည်။

၂၈။ (က) သတင်းပို့အဖွဲ့အစည်းများသည် ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော် ဆောင်ရန်နှင့် ဤဥပဒေနှင့်အညီ ဖော်ထုတ်ရရှိသည့်အန္တရာယ်များကို လျော့ပါးစေရေးအတွက် ထိရောက်စွာစီမံခန့်ခွဲရန် ဌာနတွင်းအစီအစဉ်များ၊ မူဝါဒများ၊ လုပ်ထုံးလုပ်နည်းများနှင့် ကြီးကြပ် ထိန်းသိမ်းမှုများကို ပြဋ္ဌာန်းခြင်း၊ ထပ်မံဖြည့်စွက်ပြဋ္ဌာန်းခြင်းနှင့် အကောင်အထည်ဖော်ဆောင် ခြင်းများပြုလုပ်ရမည်။ ထို့ပြင် လိုအပ်ပါက ယင်းမူဝါဒများနှင့် ကြီးကြပ်ထိန်းသိမ်းမှုများအား

အကောင်အထည်ဖော်မှုကို စောင့်ကြည့်စစ်ဆေးခြင်းနှင့် တိုးမြှင့်ဆောင်ရွက်ခြင်းများပြုလုပ်ရမည်။ ယင်းမူဝါဒများနှင့် ကြီးကြပ်ထိန်းသိမ်းမှုများတွင် အောက်ပါအချက်များ ပါဝင်သည် -

(၁) ဖောက်သည်အပေါ် အလေးထားစိစစ်ခြင်းဆိုင်ရာဆောင်ရွက်ချက်များ၊ စဉ်ဆက်မပြတ်အလေးထားစိစစ်ခြင်း၊ လွှဲပြောင်းဆောင်ရွက်မှုများကို စောင့်ကြည့်စစ်ဆေးမှုများ၊ သတင်းပို့ရန် တာဝန်နှင့် မှတ်တမ်းထိန်းသိမ်းခြင်းဆိုင်ရာတာဝန်ဝတ္တရားများ၊

(၂) မိမိဝန်ထမ်းများ၏ ဂုဏ်သိက္ခာအဆင့်အတန်းမြင့်မားစေရန် ကြီးကြပ်သည့် လုပ်ထုံးလုပ်နည်းများနှင့် ယင်းဝန်ထမ်းများ၏ ကိုယ်ရေးအချက်အလက်များ၊ အလုပ်တာဝန်ထမ်းဆောင်မှုများနှင့် ငွေရေးကြေးရေးနောက်ခံသမိုင်းကြောင်းတို့ကို အကဲဖြတ်ရန် နည်းစနစ်တစ်ရပ်၊

(၃) မိမိဖောက်သည်ကို သိရှိခြင်း၊ ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်ငွေကြေးထောက်ပံ့မှုတိုက်ဖျက်ရေးဆိုင်ရာအထူးတာဝန်ဝတ္တရားများနှင့် အခန်း (၈) ပါ သတင်းပို့ရန် လိုအပ်သည့်လွှဲပြောင်းဆောင်ရွက်မှုများကို သိရှိခြင်းတို့နှင့်စပ်လျဉ်း၍ ဝန်ထမ်းများက အကူအညီပေးနိုင်ရေးအတွက် စဉ်ဆက်မပြတ်လေ့ကျင့်ရေးအစီအစဉ်များ၊

(၄) ဤဥပဒေကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် လိုက်နာကျင့်သုံးမှုနှင့် အရေးယူဆောင်ရွက်မှုများ၏ ထိရောက်မှုကို စစ်ဆေးရန် လွတ်လပ်သော စစ်ဆေးရေးလုပ်ငန်းစဉ်တစ်ရပ်။

( ခ ) သတင်းပို့အဖွဲ့အစည်းများသည် ဤဥပဒေကို အကောင်အထည်ဖော်ဆောင်ရွက်ရန် တာဝန်ရှိသည့် အကြီးတန်းစီမံခန့်ခွဲမှုအဆင့်ရှိသော အကောင်အထည်ဖော်ဆောင်ရေးအရာရှိတစ်ဦးအား ခန့်အပ်ထားရှိရမည်။

( ဂ ) သတင်းပို့အဖွဲ့အစည်းသည် ဤပုဒ်မတွင်ဖော်ပြထားသည့် လိုက်နာဆောင်ရွက်ရန် လိုအပ်ချက်တစ်ခုချင်းစီအတွက် ယင်းအဖွဲ့အစည်းက ဆောင်ရွက်မည့် အရေးယူဆောင်ရွက်မှုအမျိုးအစားများကို သတ်မှတ်ရမည်။ ယင်းသို့သတ်မှတ်ရာတွင် ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်ငွေကြေးထောက်ပံ့မှုအန္တရာယ်နှင့်တကွ စီးပွားရေးလုပ်ငန်းများပမာဏ၊ ဖောက်သည်များ၊ လွှဲပြောင်းဆောင်ရွက်မှုများ၊ ထုတ်ကုန်များ၊ ဝန်ဆောင်မှုများ၊ ဝန်ဆောင်မှုပေးသည့်နည်းလမ်းနှင့် အတိုင်းအတာ၊ အဆိုပါ စီးပွားရေးလုပ်ငန်းတွင် အကျုံးဝင်ပတ်သက်သည့် ပထဝီဝင်အနေအထားနှင့် နိုင်ငံများ စသည်တို့ကို ထည့်သွင်းသုံးသပ်ရမည်။

(ဃ) သတင်းပို့အဖွဲ့အစည်းများသည် အောက်ပါလုပ်ငန်းစဉ်များကို တိကျစွာလိုက်နာဆောင်ရွက်ရမည် -

(၁) ဤဥပဒေအရ ထုတ်ပြန်ထားသည့် မူဝါဒများနှင့် ကြီးကြပ်ထိန်းသိမ်းမှုများကို နိုင်ငံရပ်ခြားလုပ်ငန်းခွဲများနှင့် အများစုပိုင်ဆိုင်မှုရှိသည့် လက်အောက်ခံလုပ်ငန်းခွဲများ အပါအဝင် လုပ်ငန်းအုပ်စုအလိုက် ကျယ်ပြန့်စွာလိုက်နာကျင့်သုံးစေခြင်း၊

(၂) ဖောက်သည်အပေါ် အလေးထားစိစစ်ခြင်းဆိုင်ရာလုပ်ငန်းစဉ်အား ဆောင်ရွက်ခြင်းနှင့် ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်ငွေကြေးထောက်ပံ့မှုအန္တရာယ် စီမံခန့်ခွဲခြင်းတို့ကို ဆောင်ရွက်ရန် သတင်းအချက်အလက်ဖလှယ်မှုလုံခြုံရေးနှင့် အသုံးပြုရေး လုပ်ထုံးလုပ်နည်းများ အပါအဝင် ဘဏ္ဍာရေးအုပ်စုတစ်ခုအတွင်း သတင်းအချက်အလက်ဖလှယ်ခြင်း လုပ်ထုံးလုပ်နည်းများ ထားရှိစေခြင်း။

၂၉။ သတင်းပို့အဖွဲ့အစည်းများသည် ပုဒ်မ ၂၈၊ ပုဒ်မခွဲ (ခ) အရ ခန့်အပ်ထားသည့် အကောင်အထည်ဖော်ဆောင်ရေးအရာရှိအတွက် အောက်ပါလုပ်ပိုင်ခွင့်များ အပ်နှင်းခြင်းနှင့် လိုအပ်သည့်အရင်းအမြစ်များထောက်ပံ့ခြင်းတို့ကို မဖြစ်မနေဆောင်ရွက်ပေးရမည် -

(က) လုပ်ငန်းတာဝန်များကို ဆောင်ရွက်ရန် လိုအပ်သော စာရွက်စာတမ်း အထောက်အထားများ၊ မှတ်တမ်းများ၊ မှတ်ပုံတင်များနှင့် ငွေစာရင်းများကို ရယူပိုင်ခွင့်၊

(ခ) သတင်းပို့အဖွဲ့အစည်း၏ မည်သည့်ဝန်ထမ်းထံမှမဆို မည်သည့်သတင်းအချက်အလက်၊ အကြောင်းကြားစာ၊ ရှင်းလင်းချက် သို့မဟုတ် စာရွက်စာတမ်းအထောက်အထားများကိုမဆို တောင်းခံပိုင်ခွင့်နှင့် ရယူပိုင်ခွင့်။

၃၀။ (က) မည်သည့်သဏ္ဌာန်ဆောင် ဘဏ်ကိုမျှ နိုင်ငံတော်အတွင်း ဖွဲ့စည်းထူထောင်ခြင်း သို့မဟုတ် လုပ်ငန်းဆက်လက်လုပ်ဆောင်စေခြင်း မပြုရ၊

(ခ) ငွေရေးကြေးရေးအဖွဲ့အစည်းများသည် သဏ္ဌာန်ဆောင်ဘဏ်များနှင့်ဖြစ်စေ၊ ၎င်းဘဏ်များ တည်ရှိသည့်နိုင်ငံများ၌ဖြစ်စေ စီးပွားရေးဆက်ဆံဆောင်ရွက်မှုစတင်ခြင်း သို့မဟုတ် စီးပွားဆက်ဆံမှုဆက်လက်ဆောင်ရွက်ခြင်း မပြုလုပ်ရ၊

(ဂ) ငွေရေးကြေးရေးအဖွဲ့အစည်းများသည် သဏ္ဌာန်ဆောင်ဘဏ်များအား ယင်းတို့၏ငွေစာရင်းများကို အသုံးပြုရန်ခွင့်ပြုထားသည့် အဆက်အသွယ် ငွေရေးကြေးရေးအဖွဲ့အစည်းနှင့် စီးပွားဆက်ဆံဆောင်ရွက်မှု စတင်ခြင်း သို့မဟုတ် စီးပွားဆက်ဆံဆောင်ရွက်မှု ဆက်လက်လုပ်ဆောင်ခြင်းများ မပြုလုပ်ရ။

၃၁။ (က) ငွေကြေးဆိုင်ရာ စုံစမ်းထောက်လှမ်းရေးတပ်ဖွဲ့သည် ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်ငွေကြေးထောက်ပံ့မှုတိုက်ဖျက်ရေးဆိုင်ရာ အရေးယူဆောင်ရွက်ရမည့်အချက်များကို လုံလောက်စွာလိုက်နာဆောင်ရွက်ခြင်းမရှိသည့်နိုင်ငံများကို ဖော်ထုတ်သတ်မှတ်ရမည့်အပြင် ထိုကဲ့သို့သောနိုင်ငံများနှင့်ဆက်သွယ်၍ လိုက်နာဆောင်ရွက်ရမည့်အချက်များကို ညွှန်ကြားချက်များထုတ်ပြန်၍ သတ်မှတ်ပေးရမည်။

(ခ) သတင်းပို့ အဖွဲ့အစည်းများသည် အပိုဒ်ခွဲ (က) ပါ ထုတ်ပြန်သည့် ညွှန်ကြားချက်ကို တိကျစွာလိုက်နာကျင့်သုံးရမည်။

(ဂ) စည်းမျဉ်းထိန်းသိမ်းကြီးကြပ်သည့် အာဏာပိုင်များသည် သတင်းပို့အဖွဲ့အစည်းများက တိကျစွာလိုက်နာဆောင်ရွက်စေရန် ကြီးကြပ်ရမည်။

၃၂။ သတင်းပို့အဖွဲ့အစည်းများသည် သတင်းပို့ရန်သတ်မှတ်ထားသည့်ပမာဏ သို့မဟုတ် ယင်းပမာဏထက်ကျော်လွန်သော ငွေကြေး သို့မဟုတ် ပစ္စည်းလွှဲပြောင်းဆောင်ရွက်မှုများဖြစ်လျှင် သို့မဟုတ် ငွေကြေး သို့မဟုတ် ပစ္စည်းတစ်ရပ်ရပ်ကို တရားမဝင်သောနည်းလမ်းဖြင့် ရရှိသည်ဟုသော်လည်းကောင်း၊ ငွေကြေးခဝါချမှု သို့မဟုတ် အကြမ်းဖက်ငွေကြေးထောက်ပံ့မှုနှင့် ဆက်သွယ်ပတ်သက်သည်ဟုသော်လည်းကောင်း၊ ယင်းသို့ဖြစ်စေရန် အားထုတ်သည်ဟုသော်လည်းကောင်း သံသယဖြစ်ရန် သင့်လျော်သည့်အကြောင်းရှိပါက ငွေကြေးဆိုင်ရာစုံစမ်းထောက်လှမ်းရေးတပ်ဖွဲ့မှ ပုဒ်မ ၁၀ (က) အရ ထုတ်ပြန်ထားသော သတ်မှတ်ထားသည့်နည်းလမ်းများအတိုင်း ယင်းတပ်ဖွဲ့သို့ နှောင့်နှေးကြန့်ကြာမှုမရှိစေဘဲ ပေးပို့ရမည်။

၃၃။ (က) ဤဥပဒေပါပြဋ္ဌာန်းချက်များနှင့်အညီ သဘောရိုးဖြင့် သတင်းပို့ချက်များ တင်ပြသည့် သို့မဟုတ် သတင်းအချက်အလက်များ ပေးအပ်သည့် သတင်းပို့အဖွဲ့အစည်းများ သို့မဟုတ် ယင်းတို့၏ ဒါရိုက်တာများ၊ အရာရှိများ သို့မဟုတ် ဝန်ထမ်းများအား ဘဏ်လုပ်ငန်းဆိုင်ရာပြဋ္ဌာန်းချက်များကိုဖြစ်စေ၊ အသက်မွေးဝမ်းကျောင်းလုပ်ငန်းဆိုင်ရာ လျှို့ဝှက်ချက်ထားရှိရေးပြဋ္ဌာန်းချက်များကိုဖြစ်စေ၊ သဘောတူစာချုပ်ပါ ပြဋ္ဌာန်းချက်များကိုဖြစ်စေ ချိုးဖောက်သည့်အကြောင်းကြောင့် ပြစ်မှုကြောင်းအရလည်းကောင်း၊ တရားမကြောင်းအရလည်းကောင်း၊ စည်းကမ်းထိန်းသိမ်းမှု သို့မဟုတ် စီမံခန့်ခွဲမှုနည်းလမ်းများအရလည်းကောင်း တရားစွဲဆိုခြင်း၊ အရေးယူခြင်းမပြုရ၊

(ခ) သတင်းပို့အဖွဲ့အစည်းများ သို့မဟုတ် ယင်းတို့၏ဒါရိုက်တာများ၊ အရာရှိများ သို့မဟုတ် ဝန်ထမ်းများက လိုက်နာရမည့် ငွေရေးကြေးရေးနှင့် အသက်မွေးဝမ်းကျောင်းကျွမ်းကျင်မှုဆိုင်ရာ လျှို့ဝှက်ချက်ထားရှိရေးနှင့် လုံခြုံမှုသတိပြုရေးဆိုင်ရာပြဋ္ဌာန်းချက်များကို ဤဥပဒေဆိုင်ရာ ပြဋ္ဌာန်းချက်များက လွှမ်းမိုးသည်။

၃၄။ သတင်းပို့အဖွဲ့အစည်းများ၊ အစိုးရဌာနအဖွဲ့အစည်းများ သို့မဟုတ် ယင်းတို့၏ဒါရိုက်တာများ၊ အရာရှိများနှင့် ဝန်ထမ်းများသည် မိမိတို့၏ဖောက်သည်များ သို့မဟုတ် ကြားလူနှင့် အဖွဲ့အစည်းများအား ပုဒ်မ ၃၂ အရ သတင်းပို့ချက် သို့မဟုတ် ဆက်နွယ်သည့် သတင်းအချက်အလက်ကို ငွေကြေးဆိုင်ရာစုံစမ်းထောက်လှမ်းရေးတပ်ဖွဲ့သို့ တင်ပြရန်ရှိသည်ဟုလည်းကောင်း၊ တင်ပြနေသည်ဟုလည်းကောင်း၊ တင်ပြထားပြီးဖြစ်သည်ဟုလည်းကောင်း၊ ငွေကြေးခဝါချမှု သို့မဟုတ် အကြမ်းဖက်ငွေကြေးထောက်ပံ့မှုဆိုင်ရာစုံစမ်းစစ်ဆေးမှုတစ်ရပ်ပြုလုပ်နေသည် သို့မဟုတ် ပြုလုပ်ခဲ့သည်ဟုလည်းကောင်း ထုတ်ဖော်ပြောကြားခြင်းမပြုရ။

၃၅။ ပုဒ်မ ၃၄ ပါ ပြဋ္ဌာန်းချက်သည် သတ်မှတ်ထားသော သတင်းပို့အဖွဲ့အစည်းများ၊ အစိုးရဌာနအဖွဲ့အစည်းများ သို့မဟုတ် ယင်းတို့၏ဒါရိုက်တာများ၊ အရာရှိများ၊ ဝန်ထမ်းများနှင့် ဥပဒေအကျိုးဆောင်များအကြား ထုတ်ဖော်ပြောကြားခြင်းကိုဖြစ်စေ၊ ဆက်သွယ်ဆောင်ရွက်ခြင်းကိုဖြစ်စေ ဟန့်တားပိတ်ပင်ခြင်းမရှိစေရ။

၃၆။ ငွေရေးကြေးရေးအဖွဲ့အစည်းများသည် သတ်မှတ်ထားသောပမာဏနှင့် ယင်းပမာဏထက်ကျော်လွန်သည့် ငွေသားလွှဲပြောင်းဆောင်ရွက်မှုကို တစ်ကြိမ်တည်းဆောင်ရွက်သည်ဖြစ်စေ၊ ဆက်နွယ်မှုရှိသည်ဟု ယူဆရသည့် လွှဲပြောင်းမှုအမြောက်အမြားဖြင့် ဆောင်ရွက်သည်ဖြစ်စေ ငွေကြေးဆိုင်ရာစုံစမ်းထောက်လှမ်းရေးတပ်ဖွဲ့သို့ သတင်းပို့ရမည်။

၃၇။ ရှေ့နေများ၊ နိုတရီများနှင့် အခြားလွတ်လပ်သောဥပဒေပညာရှင်များသည် တရားစွဲဆိုခြင်း သို့မဟုတ် တရားစွဲဆိုမှုကို ရှောင်ရှားခြင်းဆိုင်ရာအကြံပေးခြင်း အပါအဝင် မိမိတို့ဖောက်သည်များ၏ဥပဒေရေးရာရပ်တည်ချက်ကို ဆုံးဖြတ်သည့်ကိစ္စရပ်များမှလည်းကောင်း သို့မဟုတ် အဆိုပါဖောက်သည်အတွက် တရားစွဲဆိုခြင်းကိစ္စရပ်တွင်ဖြစ်စေ၊ တရားစွဲဆိုခြင်းနှင့်ပတ်သက်သည့် ကိစ္စရပ်များတွင်ဖြစ်စေ ခုခံကာကွယ်ခြင်း သို့မဟုတ် ကိုယ်စားပြုဆောင်ရွက်ခြင်းများ ပြုလုပ်ရာမှလည်းကောင်း ရရှိသည့် ဖောက်သည်ဆိုင်ရာ သတင်းအချက်အလက်များကို သတင်းပို့ရန် တာဝန်မရှိစေရ။

## အခန်း (၉)
## ကြီးကြပ်ဆောင်ရွက်ခြင်း

၃၈။ စည်းမျဉ်းထိန်းသိမ်းကြီးကြပ်သည့် အာဏာပိုင်သည် -

(က) သတင်းပို့အဖွဲ့အစည်းများအား စည်းမျဉ်းစည်းကမ်းထိန်းသိမ်းခြင်း၊ ကြီးကြပ်ခြင်း၊ စောင့်ကြည့်စစ်ဆေးခြင်းဖြင့် ဤဥပဒေပါ ပြဋ္ဌာန်းချက်များအား မပျက်မကွက် တိကျစွာလိုက်နာဆောင်ရွက်စေရန် ထိန်းသိမ်းကြီးကြပ်ရမည်။

(ခ) မိမိတို့စည်းမျဉ်းထိန်းသိမ်းခြင်းနှင့် ကြီးကြပ်ခြင်းဆောင်ရွက်ရသည့် သတင်းပို့အဖွဲ့အစည်းများတွင် ရှိနိုင်သည့် ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်ငွေကြေးထောက်ပံ့မှုအန္တရာယ်များကို ဖော်ထုတ်ခြင်း၊ ချင့်တွက်ခြင်း၊ စောင့်ကြည့်ခြင်းများပြုလုပ်ရန်အတွက် အကဲဖြတ်မှုကို ဆောင်ရွက်ရမည်။ အဆိုပါအကဲဖြတ်မှုကို အခါအားလျော်စွာ နောက်ဆုံးအခြေအနေနှင့် ကိုက်ညီနေစေရမည့်အပြင် အဆိုပါဖော်ထုတ်ရရှိသည့် အန္တရာယ်များအပေါ် လုံလောက်စွာ စီမံခန့်ခွဲမှုပြုနိုင်ရေးအတွက် အရေးယူဆောင်ရွက်ရန်အချက်များကို ချမှတ်ရမည်။

(ဂ) သတင်းပို့အဖွဲ့အစည်းများထံမှ သတင်းအချက်အလက်များနှင့် အခြားသောအချက်အလက်များကို ရယူစုဆောင်းခြင်းနှင့် အုပ်စုလိုက်အကောင်အထည်ဖော်ဆောင်မှုအပေါ် အခြေပြု၍ လုပ်ငန်းခွင်သို့ သွားရောက်စစ်ဆေးခြင်း၊ လုပ်ငန်းခွင်ပြင်ပမှ စစ်ဆေးခြင်းနှင့်စပ်လျဉ်း၍ မိမိကိုယ်တိုင်ဖြစ်စေ၊ မိမိကိုယ်စားဆောင်ရွက်ရန် မည်သူ့ကိုမဆို လွှဲအပ်၍ဖြစ်စေ ဆောင်ရွက်နိုင်သည်။

(ဃ) သတင်းပို့အဖွဲ့အစည်းများက သိမ်းဆည်းထားသော သတင်းအချက်အလက် အထောက်အထား မိတ္တူကို ယင်းသတင်းပို့အဖွဲ့အစည်းများထံမှ ရယူနိုင်သည်၊

(င) အခန်း (၈) ပါ ပြဋ္ဌာန်းချက်များအား လိုက်နာဆောင်ရွက်ရန်ပျက်ကွက်သော သတင်းပို့အဖွဲ့အစည်းကို အရေးယူဆောင်ရွက်မှုအစီအစဉ်များ ချမှတ်ကျင့်သုံးနိုင်သည်။

(စ) ဤဥပဒေပါ တာဝန်ဝတ္တရားများကို သတင်းပို့အဖွဲ့အစည်းများက လိုက်နာဆောင်ရွက်ရာတွင် အထောက်အကူဖြစ်စေရေးအတွက် ညွှန်ကြားချက်များနှင့် လမ်းညွှန်ချက်များ ထုတ်ပြန်နိုင်သည်။

(ဆ) ငွေကြေးခဝါချမှု၊ ဤဥပဒေနှင့်သက်ဆိုင်သောပြစ်မှု သို့မဟုတ် အကြမ်းဖက်ငွေကြေးထောက်ပံ့မှုနှင့် သက်ဆိုင်သည့် စုံစမ်းစစ်ဆေးခြင်း၌ဖြစ်စေ၊ တရားစွဲဆိုတင်ပို့ခြင်း၌ဖြစ်စေ အခြားအာဏာပိုင်များနှင့် ပူးပေါင်းဆောင်ရွက်ခြင်း၊ သတင်းအချက်အလက်ဖလှယ်ခြင်းများ ဆောင်ရွက်နိုင်သည်။

(ဇ) သတင်းပို့အဖွဲ့အစည်းများ၏ နိုင်ငံခြားလုပ်ငန်းခွဲများကဖြစ်စေ၊ ယင်းတို့က အများစုပိုင်ဆိုင်မှုရှိသည့် လက်အောက်ခံကုမ္ပဏီခွဲများကဖြစ်စေ ဤဥပဒေပါပြဋ္ဌာန်းချက်များနှင့်သော်လည်းကောင်း၊ တည်ဆဲပြည်တွင်းဥပဒေနှင့် စည်းမျဉ်းများနှင့်သော်လည်းကောင်း ညီညွတ်သည့် အရေးယူဆောင်ရွက်မှုများကို ပြဋ္ဌာန်းသတ်မှတ်ခြင်းနှင့် ယင်းသတ်မှတ်ချက်အတိုင်း ကျင့်သုံးဆောင်ရွက်ခြင်း ရှိ မရှိတို့ကို စိစစ်နိုင်သည်။

(ဈ) ငွေကြေးခဝါချမှု သို့မဟုတ် အကြမ်းဖက်ငွေကြေးထောက်ပံ့မှုနှင့်ဆက်စပ်နိုင်သော မည့်သည့် လွှဲပြောင်းဆောင်ရွက်မှုနှင့် အချက်အလက်များကိုမဆို ငွေကြေးဆိုင်ရာစုံစမ်းထောက်လှမ်းရေး တပ်ဖွဲ့သို့ ချက်ချင်းသတင်းပို့ရမည်။

(ည) သတင်းပို့အဖွဲ့အစည်းများ၏ အုပ်ချုပ်မှု၊ စီမံခန့်ခွဲမှု သို့မဟုတ် လုပ်ငန်းလည်ပတ်ဆောင်ရွက်မှုတွင် တိုက်ရိုက်ဖြစ်စေ သို့မဟုတ် သွယ်ဝိုက်၍ဖြစ်စေ ပိုင်ဆိုင်ခြင်း၊ ထိန်းချုပ်ခြင်း သို့မဟုတ် ပါဝင်ခြင်းအတွက် ကိုက်ညီသင့်လျော်မှုရှိသည့် စံနှုန်းသတ်မှတ်ချက်များထားရှိပြီး ကျင့်သုံးဆောင်ရွက်နိုင်သည်။

(ဋ) ဤဥပဒေကို ကျင့်သုံး၍ အရေးယူဆောင်ရွက်ချက်များနှင့်သက်ဆိုင်သည့် စာရင်းဇယားများကို ထိန်းသိမ်းထားရှိရမည်။

၃၉။ စည်းမျဉ်းထိန်းသိမ်းကြီးကြပ်သည့်အာဏာပိုင်များသည် အခန်း (၈) ပါ တာဝန်ဝတ္တရားများကို လိုက်နာဆောင်ရွက်ရန်ပျက်ကွက်သည့် သတင်းပို့အဖွဲ့အစည်းများ သို့မဟုတ် ယင်းအဖွဲ့အစည်းများ၏ဒါရိုက်တာများ၊ ဘုတ်အဖွဲ့ဝင်များ၊ အမှုဆောင်အရာရှိများ သို့မဟုတ် ကြီးကြပ်စီမံခန့်ခွဲသူများအား အောက်ပါအရေးယူဆောင်ရွက်မှုတစ်မျိုးမျိုးဖြစ်စေ၊ တစ်မျိုးထက်ပို၍ဖြစ်စေ ချမှတ်နိုင်သည် -

(က) စာဖြင့်ရေးသား သတိပေးခြင်း၊

(ခ) သီးခြားသတ်မှတ်ထားသည့် ညွှန်ကြားချက်များကို လိုက်နာရန် အမိန့်ပေးခြင်း၊

(ဂ) ဖော်ထုတ်သိရှိသည့်ချိုးဖောက်မှုကို အရေးယူဆောင်ရွက်ချက်နှင့်စပ်လျဉ်း၍ ပုံမှန်အစီရင်ခံစာများ တင်ပြရန် ညွှန်ကြားခြင်း၊

(ဃ) ငွေရေးကြေးရေးမဟုတ်သော စီးပွားရေးလုပ်ငန်းနှင့် ကျွမ်းကျင်မှုဆိုင်ရာအသက်မွေးဝမ်းကျောင်း လုပ်ငန်းကို ဆိုင်းငံ့ခြင်း၊ ကန့်သတ်ခြင်း သို့မဟုတ် လိုင်စင်ရုပ်သိမ်းခြင်းနှင့် ဆက်လက်လုပ်ဆောင်မှုကို တားမြစ်ခြင်းများ ဆောင်ရွက်နိုင်ရန် ဗဟိုအဖွဲ့သို့ တင်ပြခြင်း၊

(င) အခြားသောသင့်လျော်သည့် အရေးယူဆောင်ရွက်မှုများ ပြုလုပ်ခြင်း။

၄၀။ စည်းမျဉ်းထိန်းသိမ်းကြီးကြပ်သည့် အာဏာပိုင်များသည် ပုဒ်မ ၃၉ အရ ချမှတ်ဆောင်ရွက်သည့် အရေးယူဆောင်ရွက်မှုများကို ငွေကြေးဆိုင်ရာစုံစမ်းထောက်လှမ်းရေးတပ်ဖွဲ့မှတစ်ဆင့် ဗဟိုအဖွဲ့သို့ သတင်းပို့ရမည်။

## အခန်း (၁၀)
## ငွေကြေး သို့မဟုတ် သယ်ဆောင်လွှဲပြောင်းနိုင်သောစာချုပ်စာတမ်းများအား နိုင်ငံဖြတ်ကျော် သယ်ယူပို့ဆောင်မှု

၄၁။ ဗဟိုအဖွဲ့က သတ်မှတ်သောပမာဏနှင့်ညီမျှသည့် သို့မဟုတ် ကျော်လွန်သည့် တန်ဖိုးရှိသောငွေကြေး၊ သယ်ဆောင်လွှဲပြောင်းနိုင်သော စာချုပ်စာတမ်း၊ အဖိုးတန်ကျောက်မျက်ရတနာ သို့မဟုတ် သတ္တုများကို နိုင်ငံတော်အတွင်းသို့ ဝင်ရောက်သူ သို့မဟုတ် ယင်းမှထွက်ခွာသူသည် လက်ဝယ်၌ဖြစ်စေ၊ ဝန်စည်စလယ်၌ ဖြစ်စေ ပါရှိလျှင်သော်လည်းကောင်း၊ နိုင်ငံတော်အတွင်းသို့ သို့မဟုတ် ပြင်ပသို့ သင်္ဘော သို့မဟုတ် လေယာဉ်ဖြင့်ဖြစ်စေ၊ ချောစာပို့ဆောင်သည့် နည်းလမ်းဖြင့်ဖြစ်စေ သယ်ယူပို့ဆောင်ရန် စီစဉ်ဆောင်ရွက်လျှင်သော်လည်းကောင်း အကောက်ခွန်ဦးစီးဌာနသို့ တရားဝင်ကြေညာရမည်။

၄၂။ အကောက်ခွန်ဦးစီးဌာနသည် ပုဒ်မ ၄၁ နှင့်အညီ တရားဝင်ကြေညာရန် ပျက်ကွက်သည့် သို့မဟုတ် လိမ်လည်ကြေညာသည့်ကိစ္စရပ်များကိုသော်လည်းကောင်း၊ ငွေကြေးခဝါချမှု သို့မဟုတ် ဤဥပဒေနှင့် သက်ဆိုင်သောပြစ်မှုများနှင့် ဆက်နွယ်ပတ်သက်သည်ဟု သံသယရှိသောကိစ္စရပ်များတွင်သော်လည်းကောင်း၊ ငွေကြေး၊ သယ်ဆောင်လွှဲပြောင်းနိုင်သော စာချုပ်စာတမ်းများ သို့မဟုတ် အဖိုးတန်သတ္တုနှင့် ကျောက်မျက်ရတနာများ၏ တစ်စိတ်တစ်ပိုင်းကိုဖြစ်စေ၊ အားလုံးကိုဖြစ်စေ ဖမ်းဆီးရန်လည်းကောင်း၊ နိုင်ငံ့ဘဏ္ဍာအဖြစ် သိမ်းဆည်းရန်သော်လည်းကောင်း လုပ်ပိုင်ခွင့်ရှိသည်။ ထိုသို့ဆောင်ရွက်ရာတွင် ပစ္စည်းများနှင့်စပ်လျဉ်း၍ စုံစမ်းစစ်ဆေးနိုင်ရန် ဤဥပဒေအခန်း (၆) နှင့် ပင်လယ်အကောက်ခွန်ဥပဒေတို့တွင်ပါရှိသည့် လုပ်ထုံးလုပ်နည်းများကို လိုအပ်သလို ကျင့်သုံးနိုင်သည်။

၄၃။ အကောက်ခွန်ဦးစီးဌာနသည် ဤအခန်းပါပြဋ္ဌာန်းချက်များကို အောက်ပါအချက်များနှင့် ပင်လယ်အကောက်ခွန်ဥပဒေအရ သက်ဆိုင်သူများက လိုက်နာဆောင်ရွက်စေရေးအတွက် အပ်နှင်းထားသည့် လုပ်ပိုင်ခွင့်များ ရှိစေရမည် -

(က) လူများ၊ ယင်းတို့၏ဝန်စည်စလယ်များ၊ ယင်းတို့၏ သယ်ယူပို့ဆောင်မှုနှင့် ချောစာပေးပို့မှုနည်းလမ်းများ သို့မဟုတ် ကုန်သေတ္တာများအပေါ် ထိန်းချုပ်မှုများ ဆောင်ရွက်ခြင်း၊

(ခ) လိမ်လည်ကြေညာခြင်း သို့မဟုတ် ကြေညာရန်ပျက်ကွက်ခြင်းများကို တွေ့ရှိလျှင်ဖြစ်စေ၊ ငွေကြေးခဝါချမှု၊ အကြမ်းဖက်ငွေကြေးထောက်ပံ့မှု သို့မဟုတ် ဤဥပဒေပါ ပြစ်မှုတစ်ရပ်ရပ်နှင့်သံသယရှိလျှင်ဖြစ်စေ ပုဒ်မခွဲ (က) တွင် ညွှန်းဆိုထားသည့် ပုဂ္ဂိုလ်များထံမှ အဆိုပါ ငွေကြေး၊ လွှဲပြောင်းနိုင်သော စာချုပ်စာတမ်းများနှင့် အဖိုးတန်သတ္တုနှင့် ကျောက်မျက်ရတနာများ၏မူလဇာစ်မြစ်နှင့် အသုံးပြုရန်ရည်ရွယ်ချက်များနှင့် သက်ဆိုင်သည့် သတင်းအချက်အလက်အသစ်များကို တောင်းခံခြင်း သို့မဟုတ် ရယူခြင်း။

၄၄။ ဤဥပဒေပြဋ္ဌာန်းချက်များအရ အကောက်ခွန်ဦးစီးဌာနက ရရှိထားသည့် သတင်းအချက်အလက်များကို ငွေကြေးဆိုင်ရာစုံစမ်းထောက်လှမ်းရေးတပ်ဖွဲ့နှင့် နိုင်ငံတော်ဗဟိုဘဏ်၏ နိုင်ငံခြားငွေစီမံခန့်ခွဲရေးဌာနများသို့ ပေးပို့ရမည်။

## အခန်း (၁၁)
## ပြစ်မှုနှင့်ပြစ်ဒဏ်များ

၄၅။ မည်သူမဆို ပုဒ်မ ၃၊ ပုဒ်မခွဲ (ဃ) တွင် ဖော်ပြပါပြစ်မှုတစ်ရပ်ရပ်ကို ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို တစ်ဆယ်နှစ်အထိ ထောင်ဒဏ်ဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

၄၆။ မည်သူမဆို ပုဒ်မ ၅၊ ပုဒ်မခွဲ (ည) တွင် ဖော်ပြပါ ပြစ်မှုတစ်ရပ်ရပ်ကို ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို ငါးနှစ်အထိ ထောင်ဒဏ်ဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

၄၇။ ကုမ္ပဏီ သို့မဟုတ် အဖွဲ့အစည်းများသည် ငွေကြေးခဝါချမှုဆိုင်ရာ ပြစ်မှုကျူးလွန်ကြောင်းပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက ယင်းကုမ္ပဏီ သို့မဟုတ် အဖွဲ့အစည်းကို ကျပ်သန်းငါးရာထိ ငွေဒဏ်ချမှတ်ရမည်။ ဒဏ်ငွေမဆောင်နိုင်ပါက ပြစ်မှုကျူးလွန်သည့် ကုမ္ပဏီ သို့မဟုတ် အဖွဲ့အစည်း၏အကျိုးခံစားခွင့်ရှိသူ မူလပိုင်ရှင်ကိုထောင်ဒဏ်ခုနစ်နှစ်အထိ ချမှတ်ရမည်။

၄၈။ မည်သူမဆို ပုဒ်မ ၁၈ မှ ၃၀ ထိပြဋ္ဌာန်းထားသော တာဝန်ဝတ္တရားများနှင့်အညီ လိုက်နာရန်လိုအပ်ချက်များ သို့မဟုတ် အရေးယူဆောင်ရွက်ရမည့်အချက်များကို ချိုးဖောက်ခြင်းဖြစ်စေ၊ လိုက်နာရန်ပျက်ကွက်ခြင်းဖြစ်စေ ကျူးလွန်ကြောင်းပြစ်မှုထင်ရှားတွေ့ရှိပါက ထိုသူကို သုံးနှစ်အထိ ထောင်ဒဏ်ချမှတ်ရမည့်ပြင် ငွေဒဏ်လည်း ချမှတ်နိုင်သည်။ ကုမ္ပဏီအဖွဲ့အစည်းက ပြစ်မှုကျူးလွန်ပါက ယင်းကုမ္ပဏီ သို့မဟုတ်အဖွဲ့အစည်းကို ငွေဒဏ်ကျပ်သန်းတစ်ရာထိ ချမှတ်ရမည်။

၄၉။ မည်သူမဆို ရည်ရွယ်ချက်ဖြင့်ဖြစ်စေ၊ အလွန်ပေါ့ဆ၍ဖြစ်စေ ပုဒ်မ ၃၀ (က) ပါ ပြဋ္ဌာန်းချက်ကိုဖောက်ဖျက်၍ မြန်မာနိုင်ငံအတွင်း သဏ္ဌာန်ဆောင်ဘဏ်တစ်ခုကို ထူထောင်ခြင်း သို့မဟုတ် ထူထောင်ရန်အားထုတ်ခြင်း သို့မဟုတ် လုပ်ငန်းလည်ပတ်လုပ်ဆောင်ခြင်း သို့မဟုတ် ပုဒ်မ ၃၀ (ခ) သို့မဟုတ် (ဂ) ပါပြဋ္ဌာန်းချက်များကို ဖောက်ဖျက်၍ ငွေရေးကြေးရေးအဖွဲ့အစည်းတစ်ရပ်နှင့် စီးပွားဆက်ဆံဆောင်ရွက်မှုစတင်ရန် ဆောင်ရွက်ခြင်း သို့မဟုတ် အားထုတ်ခြင်းပြုကြောင်း ပြစ်မှုထင်ရှားတွေ့ရှိပါက ထိုသူကို ခုနစ်နှစ်အထိ ထောင်ဒဏ်ချမှတ်ရမည့်ပြင် ငွေဒဏ်လည်း ချမှတ်နိုင်သည်။ ကုမ္ပဏီအဖွဲ့အစည်းက ပြစ်မှုကျူးလွန်ပါကယင်းကုမ္ပဏီ သို့မဟုတ် အဖွဲ့အစည်းကို ငွေဒဏ်ကျပ်သန်းသုံးရာထိ ချမှတ်ရမည်။

၅၀။ မည်သည့်သတင်းပို့အဖွဲ့အစည်းမှ တာဝန်ရှိသူမဆို ပုဒ်မ ၃၂ အရ ငွေကြေးဆိုင်ရာ စုံစမ်းထောက်လှမ်းရေးတပ်ဖွဲ့သို့ သတင်းပေးပို့ရာတွင် မှားယွင်းသောအချက်အလက်ဖော်ပြခြင်း သို့မဟုတ် အချက်အလက် ဖုံးကွယ်ထားခြင်းများ ပါဝင်သည့် အစီရင်ခံစာ သို့မဟုတ် အကြောင်းကြားစာပေးပို့ခြင်းပြုကြောင်းပြစ်မှုထင်ရှားတွေ့ရှိပါက ထိုသူကို ထောင်ဒဏ် အနည်းဆုံး သုံးနှစ်မှ အများဆုံး ခုနစ်နှစ်ထိ ချမှတ်ရမည့်ပြင်ငွေဒဏ်လည်း ချမှတ်နိုင်သည်။ ကုမ္ပဏီအဖွဲ့အစည်းက ပြစ်မှုကျူးလွန်ပါက ယင်းကုမ္ပဏီ သို့မဟုတ် အဖွဲ့အစည်းကို ငွေဒဏ်ကျပ်သန်းသုံးရာထိ ချမှတ်ရမည်။

၅၁။ မည်သူမဆို ရည်ရွယ်ချက်ဖြင့်ဖြစ်စေ၊ ပေါ့လျော့၍ဖြစ်စေ ပုဒ်မ ၄၁ ပါ ပြဋ္ဌာန်းချက်ကို ဖောက်ဖျက်ခြင်း၊လိုက်နာဆောင်ရွက်ရန် ပျက်ကွက်ခြင်းသော်လည်းကောင်း၊ ပုဒ်မ ၄၂ အရ ငွေကြေး သို့မဟုတ် လွှဲပြောင်းနိုင်သော စာချုပ်စာတမ်းများဆိုင်ရာလိမ်လည်ကြေညာမှုကို ပြုလုပ်ခြင်းသော်လည်းကောင်း၊ အကောက်ခွန်အရာရှိ၊ အရာရှိ သို့မဟုတ် အာဏာပိုင်တစ်ဦးဦးထံ ထုတ်ဖော်ကြေညာရမည့် အချက်အလက်များကိုဖုံးကွယ်ခြင်းသော်လည်းကောင်း ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားတွေ့ရှိပါက ထိုသူကို သုံးနှစ်ထိ ထောင်ဒဏ်ချမှတ်ခြင်းခံရမည့်ပြင် ငွေဒဏ်လည်း ချမှတ်နိုင်သည်။ ကုမ္ပဏီအဖွဲ့အစည်းက ပြစ်မှုကျူးလွန်ပါက ယင်းကုမ္ပဏီသို့မဟုတ် အဖွဲ့အစည်းကို ငွေဒဏ်ကျပ်သန်းသုံးရာထိ ချမှတ်ရမည်။

၅၂။ မည်သူမဆို ဤဥပဒေအရ စုံစမ်းစစ်ဆေးနေသည့်ကာလအတွင်း ငွေကြေးနှင့်ပစ္စည်းများဆိုင်ရာ တားမြစ်အမိန့်များ၊ ညွှန်ကြားချက်များကို လိုက်နာရန်ပျက်ကွက်ပါက ခုနစ်နှစ်အထိ ထောင်ဒဏ်ချမှတ်ရမည့်ပြင် ငွေဒဏ်လည်း ချမှတ်ရမည်။ ကုမ္ပဏီအဖွဲ့အစည်းက ပြစ်မှုကျူးလွန်ပါက ယင်းကုမ္ပဏီ သို့မဟုတ် အဖွဲ့အစည်းကို ငွေဒဏ်ကျပ်သန်းသုံးရာထိ ချမှတ်ရမည်။

၅၃။ မည်သူမဆို ပုဒ်မ ၃၆ ပါ ပြဋ္ဌာန်းချက်များကိုဖောက်ဖျက်၍ ငွေကြေးလွှဲပြောင်းဆောင်ရွက်မှုများနှင့် စပ်လျဉ်း၍ သတင်းပို့ရန်ပျက်ကွက်ကြောင်း ပြစ်မှုထင်ရှားတွေ့ရှိပါက ထိုသူကိုသုံးနှစ် ထိထောင်ဒဏ်ချမှတ်ရမည့်ပြင် ငွေဒဏ်လည်းချမှတ်နိုင်သည်။ ကုမ္ပဏီအဖွဲ့အစည်းက ပြစ်မှုကျူးလွန်ပါက ယင်းကုမ္ပဏီ သို့မဟုတ် အဖွဲ့အစည်းကို ငွေဒဏ်ကျပ်သန်းသုံးရာထိ ချမှတ်ရမည်။

၅၄။ မည်သူမဆို ပုဒ်မ ၃၄ ပါ ပြဋ္ဌာန်းချက်များကို ဖောက်ဖျက်၍ ထုတ်ဖော်ပြောကြားကြောင်း ပြစ်မှုထင်ရှားတွေ့ရှိပါက ထိုသူကို ထောင်ဒဏ်သုံးနှစ်အထိဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

၅၅။ စိစစ်ရေးအဖွဲ့ သို့မဟုတ် စုံစမ်းစစ်ဆေးရေးအဖွဲ့ဝင်တစ်ဦးဦးသည် ဤဥပဒေနှင့်သက်ဆိုင်သည့် ပြစ်မှုနှင့်စပ်လျဉ်း၍ စိစစ်ခြင်း၊ စုံစမ်းစစ်ဆေးခြင်းပြုရာတွင် အောက်ပါပြုလုပ်မှု သို့မဟုတ် ပျက်ကွက်မှု တစ်ရပ်ရပ်ကို ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူအား ထောင်ဒဏ်အနည်းဆုံး သုံးနှစ်မှ အများဆုံး ခုနစ်နှစ်အထိ ချမှတ်ရမည့်ပြင် ငွေဒဏ်လည်း ချမှတ်နိုင်သည် -

(က) မိမိအတွက်ဖြစ်စေ၊ သူတစ်ပါးအတွက်ဖြစ်စေ တံစိုးလက်ဆောင်အဖြစ် ငွေကြေး၊ ပစ္စည်း တစ်စုံတစ်ရာကို တောင်းခံခြင်း သို့မဟုတ် လက်ခံရယူခြင်း၊

(ခ) ပြစ်မှုကျူးလွန်သူအား အရေးယူခြင်းမပြုနိုင်စေရန် ပြစ်မှုကျူးလွန်သူကို အခြားသူတစ်ဦးဦးဖြင့် အစားထိုးခြင်း၊ သို့မဟုတ် ပြစ်မှုကျူးလွန်သူကို အရေးမယူဘဲ ထိမ်ချန်ခြင်း၊

(ဂ) ငွေကြေးခဝါချရာမှရရှိသော ငွေကြေးနှင့်ပစ္စည်းကို အရေးယူခြင်းမပြုနိုင်စေရန် ဖုံးကွယ်ခြင်း၊ ဖျောက်ဖျက်ခြင်း၊ ပြောင်းလဲခြင်း၊ တစ်နည်းနည်းဖြင့် လွှဲပြောင်းခြင်း သို့မဟုတ် အသွင်ပြောင်းလဲခြင်း၊

(ဃ) စာတမ်းအမှတ်အသားများအား ပြုပြင်ခြင်း၊ ပြောင်းလဲခြင်း၊ ဖြည့်စွက်ခြင်း၊ အစားထိုးခြင်း၊ မမှန်မကန်ရေးသွင်းခြင်း။

၅၆။ တရားရုံးသည် -

(က) ဤဥပဒေပါ ငွေကြေးခဝါချမှုပြစ်မှုတစ်ခုခုဖြင့် ပြစ်ဒဏ်ချမှတ်လျှင် သက်သေခံပစ္စည်းအဖြစ် သိမ်းဆည်းထားသော ငွေကြေးခဝါချမှုနှင့်သက်ဆိုင်သည့် ငွေကြေးနှင့်ပစ္စည်းများကို နိုင်ငံ့ဘဏ္ဍာအဖြစ် သိမ်းယူခြင်း သို့မဟုတ် သတ်မှတ်ချက်များနှင့်အညီ စီမံခန့်ခွဲခြင်းပြုသည့် အမိန့်ချမှတ်ရမည်။

(ခ) နိုင်ငံ့ဘဏ္ဍာအဖြစ် သိမ်းဆည်းထားသောငွေကြေးနှင့် ပစ္စည်းများရောင်းရငွေ၏ ငါးရာခိုင်နှုန်းကို ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်ငွေကြေးထောက်ပံ့မှုတိုက်ဖျက်ရေး ရန်ပုံငွေသို့ လွှဲပြောင်းပေးသွင်းရမည်။

## အခန်း (၁၂)
## နိုင်ငံတကာနှင့်ပူးပေါင်းဆောင်ရွက်ခြင်း

၅၇။ ဗဟိုအဖွဲ့သည် အောက်ပါကိစ္စရပ်များ အပါအဝင် သင့်လျော်သော အရေးယူဆောင်ရွက်မှုများ ပြုလုပ်ရန်အတွက် အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများ၊ ဒေသဆိုင်ရာအဖွဲ့အစည်းများနှင့်လည်းကောင်း၊

ငွေကြေးခဝါချမှုတိုက်ဖျက်ရေးနှင့်စပ်လျဉ်းသည့် အပြည်ပြည်ဆိုင်ရာ သို့မဟုတ် ဒေသဆိုင်ရာအဖွဲ့အစည်းဝင်နိုင်ငံများနှင့်လည်းကောင်း ပူးပေါင်းညှိနှိုင်းဆောင်ရွက်ရမည် -

(က) ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်ငွေကြေးထောက်ပံ့မှုဆိုင်ရာသတင်းဖလှယ်ခြင်း၊

(ခ) ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်ငွေကြေးထောက်ပံ့မှုတိုက်ဖျက်ရေးဆိုင်ရာ စီစဉ်ညွှန်ကြားခြင်း၊ ပြင်ဆင်ခြင်း၊ စီမံခြင်းနှင့် ပြစ်မှုဆိုင်ရာကိစ္စရပ်များတွင် နိုင်ငံအချင်းချင်း အကူအညီပေးရေး ဥပဒေနှင့်အညီ ပူးပေါင်းဆောင်ရွက်ခြင်း၊

(ဂ) ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်ငွေကြေးထောက်ပံ့မှု တိုက်ဖျက်ရေးဆိုင်ရာလေ့ကျင့်ရေး၊ နည်းပညာပူးပေါင်းဆောင်ရွက်ရေး၊ စွမ်းရည်မြှင့်တင်ရေး ဆောင်ရွက်ခြင်း၊

(ဃ) ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်ငွေကြေးထောက်ပံ့မှု တိုက်ဖျက်ရေးဆိုင်ရာအသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ခြင်း၊

(င) ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်ငွေကြေးထောက်ပံ့မှုတိုက်ဖျက်ရာတွင် နိုင်ငံတကာစံနှုန်းများနှင့်အညီ ဖြစ်စေရန် စွမ်းရည်မြှင့်တင်ရေးအတွက် ပူးပေါင်းဆောင်ရွက်ခြင်း၊

(စ) ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုတိုက်ဖျက်ရေးဆိုင်ရာ သုတေသနနှင့်ဖွံ့ဖြိုးမှုဆိုင်ရာလုပ်ငန်းများကို ပူးပေါင်းဆောင်ရွက်ခြင်း။

## အခန်း (၁၃)
## တရားခံ လွှဲပြောင်းပေးခြင်း

၅၈။ (က) ဤဥပဒေပါ ငွေကြေးခဝါချမှုကို တရားခံလွှဲပြောင်းပေးနိုင်သည့်ပြစ်မှုအဖြစ် သတ်မှတ်ရမည့်အပြင် တရားခံလွှဲပြောင်းရေးကို ပြည်တွင်းဥပဒေ သို့မဟုတ် ပြည်တွင်းရပ်တည်ချက်နှင့်အညီ ဆောင်ရွက်ရမည်။

(ခ) ဤဥပဒေနှင့်ပတ်သက်သည့် တရားခံလွှဲပြောင်းခြင်းနှင့်စပ်လျဉ်း၍ တရားခံလွှဲပြောင်းပေးရန် တောင်းဆိုခြင်းခံရသည့်နိုင်ငံ၏ ဥပဒေဖြင့် ပြဋ္ဌာန်းထားသည့် အခြားစည်းကမ်းချက်များကို အထောက်အထားပြု၍ ဆောင်ရွက်ရမည်။

၅၉။ အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းဝင်နိုင်ငံတစ်ခုခုမှဖြစ်စေ၊ ဒေသဆိုင်ရာအဖွဲ့ဝင်နိုင်ငံတစ်ခုခုမှဖြစ်စေ ဤဥပဒေပါ ငွေကြေးခဝါချမှုတစ်ရပ်ရပ်ကို ပြည်တွင်း၌ကျူးလွန်သည့် တရားခံအား ပြည်ပသို့လွှဲပြောင်းပေးရန်နှင့် ပြစ်မှုဆိုင်ရာကိစ္စရပ်များတွင် အပြန်အလှန်အကူအညီပေးရန် မေတ္တာရပ်ခံချက်တို့နှင့်စပ်လျဉ်း၍ -

(က) ဤဥပဒေနှင့်အကျုံးဝင်သည့် ငွေကြေးခဝါချမှုများကို နိုင်ငံရေးပြစ်မှု၊ ယင်းနှင့်ဆက်နွှယ်သည့်ပြစ်မှု သို့မဟုတ် နိုင်ငံရေးရည်ရွယ်ချက်အတွက် ကျူးလွန်သည့်ပြစ်မှုဟု မှတ်ယူခြင်းမပြုရ၊

(ခ) ယင်းမေတ္တာရပ်ခံချက်တွင် ဖော်ပြပါရှိသည့် ကျူးလွန်ခဲ့သော ငွေကြေးခဝါချမှုမှာ နိုင်ငံရေးပြစ်မှု၊ ယင်းနှင့်ဆက်နွှယ်သည့်ပြစ်မှု သို့မဟုတ် နိုင်ငံရေးရည်ရွယ်ချက်အတွက် ကျူးလွန်သည့်ပြစ်မှုဟူသော အကြောင်းပြချက်တစ်ခုတည်းဖြင့် ငြင်းပယ်ခြင်းမပြုရ။

## အခန်း (၁၄)
## ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်ငွေကြေးထောက်ပံ့မှုတိုက်ဖျက်ရေးရန်ပုံငွေ

၆၀။ ဗဟိုအဖွဲ့သည် ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်ငွေကြေးထောက်ပံ့မှုတိုက်ဖျက်ရေးရန်ပုံငွေကို အောက်ပါရငွေများ၊ ပစ္စည်းများဖြင့် ထူထောင်ရမည် -

(က) တည်ဆဲဥပဒေနှင့်အညီ နိုင်ငံ့ဘဏ္ဍာရန်ပုံငွေမှ ထောက်ပံ့ငွေ၊

(ခ) နိုင်ငံ့ဘဏ္ဍာအဖြစ် သိမ်းယူထားသောငွေကြေးနှင့် ပစ္စည်းများတန်ဖိုး၏ငါးရာခိုင်နှုန်း၊

(ဂ) ပြည်တွင်းပြည်ပမှ စေတနာရှင်များ၏ ထောက်ပံ့လှူဒါန်းငွေနှင့် ပစ္စည်းများ။

၆၁။ ဗဟိုအဖွဲ့သည် ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်ငွေကြေးထောက်ပံ့မှုတိုက်ဖျက်ရေးရန်ပုံငွေကို အောက်ပါကိစ္စများအတွက် အသုံးပြုရန်နှင့် ကုန်ကျစရိတ်များကျခံရန် ခွင့်ပြုနိုင်သည် -

(က) ငွေကြေးဆိုင်ရာစုံစမ်းထောက်လှမ်းရေးတပ်ဖွဲ့၊ စိစစ်ရေးအဖွဲ့၊ စုံစမ်းစစ်ဆေးရေးအဖွဲ့တို့၏ လုပ်ငန်းတာဝန်များကို ဆောင်ရွက်ရာ၌ လိုအပ်သော ကုန်ကျစရိတ်များ၊

(ခ) ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်ငွေကြေးထောက်ပံ့မှုတိုက်ဖျက်ရေးအတွက် လိုအပ်သော အစီအမံများ ချမှတ်ဆောင်ရွက်သည့်ကိစ္စများ၊

(ဂ) ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်ငွေကြေးထောက်ပံ့မှုများအား စိစစ်ခြင်း၊ စုံစမ်းစစ်ဆေးခြင်းနှင့် ဖော်ထုတ်ရာတွင် ကူညီထောက်ပံ့ပေးသည့် ပုဂ္ဂိုလ်နှင့်အဖွဲ့အစည်းများအား ထိုက်သင့်သည့် ဆုကြေးငွေချီးမြှင့်သည့်ကိစ္စများ၊

(ဃ) ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်ငွေကြေးထောက်ပံ့မှုတိုက်ဖျက်ရေးနှင့်စပ်လျဉ်း၍ အသိပညာပေး အစီအစဉ်များ၊ စွမ်းရည်မြှင့်တင်ရေးအစီအမံများ ဆောင်ရွက်ရာ၌ ကုန်ကျစရိတ်များ၊

(င) ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်ငွေကြေးထောက်ပံ့မှုတိုက်ဖျက်ရေးလုပ်ငန်းများအတွက် အထောက်အကူပြုပစ္စည်းများ ဝယ်ယူတပ်ဆင်ခြင်းဆိုင်ရာကုန်ကျစရိတ်များ၊

(စ) ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်ငွေကြေးထောက်ပံ့မှုတိုက်ဖျက်ရေးနှင့်စပ်လျဉ်း၍ အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများ၊ ဒေသဆိုင်ရာအဖွဲ့အစည်းများ၊ ပြည်ပနိုင်ငံများနှင့် ပူးပေါင်းဆောင်ရွက်သည့် ကိစ္စများ၊

(ဆ) ဗဟိုအဖွဲ့ကသတ်မှတ်သော အခြားလိုအပ်သည့်ကိစ္စများနှင့် အခြားအရေးပေါ်လုပ်ငန်းတာဝန်များ ဆောင်ရွက်ရာ၌ ကုန်ကျစရိတ်များ၊

(ဇ) ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်ငွေကြေးထောက်ပံ့မှုများ စွမ်းစွမ်းတမံ ဖော်ထုတ်ဆောင်ရွက်သူအား ဆုငွေချီးမြှင့်သည့်ကိစ္စများ။

## အခန်း (၁၅)

## အထွေထွေ

၆၂။ ပုဒ်မ ၅ ပါ ပြစ်မှုတစ်ရပ်ရပ်နှင့်စပ်လျဉ်း၍ တရားမဝင်သောနည်းလမ်းဖြင့် ရရှိသည့် ငွေကြေးနှင့် ပစ္စည်းများမဟုတ်ကြောင်း သက်သေထင်ရှားတင်ပြရန် တာဝန်သည် စွပ်စွဲခံရသူတွင် ရှိစေရမည်။

၆၃။ တရားစွဲအဖွဲ့အစည်းသည် တရားမဝင်သောနည်းလမ်းဖြင့်ရရှိသည့် ငွေကြေးနှင့်ပစ္စည်းများနှင့် စပ်လျဉ်း၍ တရားစွဲဆိုရာတွင် -

(က) တရားမဝင်သော ငွေကြေးနှင့်ပစ္စည်းများသည် ပုဒ်မ ၅ ပါ ပြစ်မှုတစ်ရပ်ရပ်ကို ကျူးလွန်ရာမှ ရရှိကြောင်း သက်သေထင်ရှားတင်ပြနိုင်လျှင် ဥပဒေကြောင်းအရ မြင်သာသော အထောက်အထား ဖြစ်သည်ဟု မှတ်ယူရမည်။ ယင်းငွေကြေးနှင့်ပစ္စည်းများကို ရရှိစေခဲ့သည့် မူလပြစ်မှုကို မည်ကဲ့သို့ ကျူးလွန်ခဲ့ကြောင်း သက်သေတင်ပြရန် လိုအပ်ခြင်းမရှိစေရ။

(ခ) အပိုဒ်ခွဲ (က) ပါ ပြစ်မှုနှင့်ပတ်သက်၍ ပြစ်မှုကျူးလွန်ရာမှရရှိသော ငွေကြေးနှင့်ပစ္စည်းများ၏ ပမာဏကို ထည့်သွင်းစဉ်းစားခြင်းမပြုရ။

(ဂ) ဖြစ်မှုကျူးလွန်သူ၏ အသိအမြင်၊ ရည်ရွယ်ချက်၊ ကြံရွယ်ချက်တို့သည် မူလဖြစ်မှု၏ အခြေခံ အချက်များ အထိုက်အလျောက်ဖြစ်စေကာမူ ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်ငွေကြေးထောက်ပံ့မှု ဖြစ်မှုများတွင် ၎င်းအချက်များကို ဖြစ်ရပ်မှန်အကြောင်းအခြင်းရာများမှ ကောက်ချက်ချနိုင်သည်။

၆၄။ ငွေကြေးခဝါချရာမှရရှိသော ငွေကြေးနှင့်ပစ္စည်းများနှင့်စပ်လျဉ်း၍ စိစစ်ခြင်း၊ စုံစမ်းစစ်ဆေးခြင်း ခံနေရသူ မဟုတ်သော အခြားသူတစ်ဦးတစ်ယောက်က ယင်းငွေကြေးနှင့်ပစ္စည်းများအား သဘောရိုးဖြင့် အဖိုးစားနားပေး၍ လွှဲပြောင်းရယူထားခြင်းဖြစ်ကြောင်း သက်သေထင်ရှားတင်ပြနိုင်ပါက ယင်း၏ရပိုင်ခွင့်နှင့် အခွင့်အရေးတို့ကို ထိခိုက်ခြင်းမရှိစေရ။

၆၅။ မည်သူမဆို ဤဥပဒေအရ ငွေကြေးခဝါချမှုဆိုင်ရာ စိစစ်ခြင်း၊ စုံစမ်းစစ်ဆေးခြင်းနှင့် အရေးယူခြင်းတို့ ဆောင်ရွက်ရာတွင် အပြည်ပြည်ဆိုင်ရာလူ့အခွင့်အရေးဥပဒေနှင့် လိုက်လျောညီသည့် သတ်မှတ်ပြဋ္ဌာန်းချက် များအရ တရားမျှတစွာပြုမူဆက်ဆံရေးနှင့် အခြားခံစားခွင့် အခွင့်အရေးများရရှိစေရေးတို့အတွက် အာမခံချက် ရရှိစေရမည်။

၆၆။ ငွေကြေးခဝါချမှုဖြင့် စွပ်စွဲခံရပြီး ဖမ်းဆီးချုပ်နှောင်ခြင်းခံရသူ မည်သူမဆို ယင်း၏အခွင့်အရေးများ ရရှိရေးအတွက် ယင်းပုဂ္ဂိုလ်နိုင်ငံသားဖြစ်သည့်နိုင်ငံ၏ အနီးစပ်ဆုံး သင့်လျော်ရာသံရုံးသို့ဖြစ်စေ၊ ကောင်စစ်ဝန် ရုံးသို့ဖြစ်စေ၊ ကိုယ်စားလှယ်ထံသို့ဖြစ်စေ နှောင့်နှေးကြန့်ကြာခြင်းမရှိစေဘဲ ဆက်သွယ်အကြောင်းကြားနိုင်ရန် အခွင့်အရေးရရှိစေရမည်။

၆၇။ ဤဥပဒေနှင့်အညီ ထုတ်ပြန်သည့်အမိန့်များကို သက်ဆိုင်ရာအစိုးရဌာန၊ အဖွဲ့အစည်းများက လိုက်နာ ဆောင်ရွက်ရမည်။

၆၈။ ဗဟိုအဖွဲ့၊ ငွေကြေးဆိုင်ရာစုံစမ်းထောက်လှမ်းရေးအဖွဲ့၊ စည်းမျဉ်းထိန်းသိမ်းကြီးကြပ်သည့် အာဏာပိုင်၊ သတင်းပို့အဖွဲ့အစည်းများ၊ ဤဥပဒေကိုအကောင်အထည်ဖော်ဆောင်ရသည့် အခြားသောအစိုးရဌာနဆိုင်ရာ အဖွဲ့အစည်းများနှင့် ယင်းဌာနအဖွဲ့အစည်းများတွင် လက်ရှိတာဝန်ထမ်းဆောင်နေသည့် သို့မဟုတ် ယခင်က တာဝန်ထမ်းဆောင်ခဲ့သူတစ်ဦးသည် မိမိတာဝန်ထမ်းဆောင်နေစဉ်အတွင်း လက်ခံရရှိသည့် မည်သည့်သတင်း အချက်အလက်ကိုမဆို တာဝန်ပြီးဆုံးသည့်တိုင်အောင် လျှို့ဝှက်ထိန်းသိမ်းထားရှိရမည်ဖြစ်ပြီး တာဝန်ရှိသူ တိုင်းသည် ရရှိထားသော သတင်းအချက်အလက်များကို ဤဥပဒေပါပြဋ္ဌာန်းချက် သို့မဟုတ် တရားရုံး၏ အမိန့်အရသာ အသုံးပြုနိုင်သည်။ ဤပြဋ္ဌာန်းချက်ကို ဖောက်ဖျက်ကျူးလွန်ပါက မြန်မာနိုင်ငံအစိုးရ လျှို့ဝှက်ချက်များဥပဒေအရ အရေးယူခြင်းခံရမည်။

၆၉။ ပုဒ်မ ၅ ပါ ဤဥပဒေနှင့်သက်ဆိုင်သော ဖြစ်မှုတစ်ရပ်ရပ်ကို ကျူးလွန်ရာမှရရှိသော ငွေကြေး သို့မဟုတ် ပစ္စည်းအား -

(က) ဤဥပဒေ စတင်အာဏာတည်ပြီးနောက် ပုဒ်မ ၃၊ ပုဒ်မခွဲ (ပ) ပါ ဖြစ်မှုတစ်ရပ်ရပ်ကျူးလွန်ရာမှ ရရှိသည့် ငွေကြေးနှင့်ပစ္စည်းများနှင့် သက်ဆိုင်သောဖြစ်မှုများကို ဤဥပဒေအရသာ အရေးယူ ရမည်။

(ခ) ဤဥပဒေ စတင်အာဏာမတည်မီက ပုဒ်မ ၃၊ ပုဒ်မခွဲ (ပ) ပါ ဖြစ်မှုတစ်ရပ်ရပ်ကိုကျူးလွန်ရာမှ ရရှိသည့် ငွေကြေးနှင့်ပစ္စည်းများနှင့် သက်ဆိုင်သောဖြစ်မှုများကို ၂၀၀၂ ခုနှစ်၊ တရားမဝင်သော နည်းလမ်းဖြင့်ရရှိသည့် ငွေကြေးနှင့်ပစ္စည်းများထိန်းချုပ်ရေးဥပဒေဖြင့် အရေးယူရမည်။

၇၀။　ဤဥပဒေပါ ပြစ်မှုတစ်ရပ်ရပ်ဖြင့် တရားစွဲဆိုရာတွင် ဗဟိုအဖွဲ့ သို့မဟုတ် ဗဟိုအဖွဲ့က လွှဲအပ်ထားသောအဖွဲ့၏ ကြိုတင်ခွင့်ပြုချက်ကို ရယူရမည်။

၇၁။　ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် -

(က) ပြည်ထဲရေးဝန်ကြီးဌာနသည် လိုအပ်ပါက နည်းဥပဒေများ၊ စည်းမျဉ်းများ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ထုတ်ပြန်နိုင်သည်။

(ခ) ဗဟိုအဖွဲ့သည် လိုအပ်ပါက အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်နိုင်သည်။

(ဂ) စည်းမျဉ်းထိန်းသိမ်းကြီးကြပ်သည့် အာဏာပိုင်တို့သည် လိုအပ်ပါက ညွှန်ကြားချက်၊ လုပ်ထုံးလုပ်နည်းများနှင့် စည်းကမ်းချက်များကို ဗဟိုအဖွဲ့၏သဘောတူညီချက်ဖြင့် ထုတ်ပြန်နိုင်သည်။

၇၂။　ရုပ်သိမ်းလိုက်သည့် ၂၀၀၂ ခုနှစ်၊ တရားမဝင်သောနည်းလမ်းဖြင့်ရရှိသည့် ငွေကြေးနှင့်ပစ္စည်းများထိန်းချုပ်ရေးဥပဒေ (နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥပဒေအမှတ် ၆/၂၀၀၂) အရဖြစ်စေ၊ အခြားလုပ်ပိုင်ခွင့်တစ်ခုခုအရဖြစ်စေ ထုတ်ပြန်သည့် နည်းဥပဒေများ၊ စည်းမျဉ်းများ၊ စည်းကမ်းများ၊ အမိန့်နှင့် ညွှန်ကြားချက်များကို ဤဥပဒေနှင့်မဆန့်ကျင်သရွေ့ ဆက်လက်ကျင့်သုံးနိုင်သည်။

၇၃။　၂၀၀၂ ခုနှစ်၊ တရားမဝင်သောနည်းလမ်းဖြင့်ရရှိသည့် ငွေကြေးနှင့်ပစ္စည်းများထိန်းချုပ်ရေးဥပဒေကို ဤဥပဒေဖြင့် ရုပ်သိမ်းလိုက်သည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**လွှတ်တော်ရုံး**

**အမိန့်ကြော်ငြာစာအမှတ် (၈/၂၀၁၄)**

နေပြည်တော်၊ ၁၃၇၅ ခုနှစ်၊ ပြာသိုလဆန်း ၁၅ ရက်

( ၂၀၁၄ ခုနှစ်၊ ဇန်နဝါရီလ ၁၅ ရက် )

**အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေကြမ်းကို ထုတ်ပြန်ကြေညာခြင်း**

ပြည်ထောင်စုအစိုးရအဖွဲ့ရုံးမှ ပြည်ထောင်စုလွှတ်တော်သို့ ပေးပို့ထားသော အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေကြမ်းအား ပြည်ထောင်စုလွှတ်တော်ဆိုင်ရာနည်းဥပဒေ ၇၉ အရ ထုတ်ပြန်ကြေညာအပ်ပါသည်။

(ပုံ) ကျော်စိုး၊
ညွှန်ကြားရေးမှူးချုပ်၊
လွှတ်တော်ရုံး။

# အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေ (မူကြမ်း)
## ( ၂၀၁၄ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ်    ။ )

၁၃၇၅ ခုနှစ်၊    လ    ရက်

( ၂၀၁၄ ခုနှစ်၊    လ    ရက် )

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

## အခန်း (၁)
## အမည်၊ စီရင်ပိုင်ခွင့်နှင့်အဓိပ္ပာယ်ဖော်ပြချက်များ

၁။ ဤဥပဒေကို **အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေ**ဟု ခေါ်တွင်စေရမည်။

၂။ ဤဥပဒေသည် အောက်ဖော်ပြပါ အကြမ်းဖက်မှု သို့မဟုတ် ပြစ်မှုတစ်ခုခုကျူးလွန်ရန် အားထုတ်သူ၊ အားပေးကူညီသူ၊ လှုံ့ဆော်သူ၊ ကြံရာပါအဖြစ် ဆောင်ရွက်သူများအပေါ် စီရင်ပိုင်ခွင့်ရှိစေရမည် -

(က) နိုင်ငံတော်အတွင်း မည်သူမဆို ကျူးလွန်သည့် အကြမ်းဖက်မှု သို့မဟုတ် ကျူးလွန်ခံရသည့် အကြမ်းဖက်မှု၊

(ခ) အများပြည်သူ၏ လုံခြုံရေးကိုဖြစ်စေ၊ အသက်အိုးအိမ်စည်းစိမ်ကိုဖြစ်စေ၊ အများပြည်သူ သို့မဟုတ် ပုဂ္ဂလိကအတွက်အရေးကြီးသော အခြေခံအဆောက်အအုံဆိုင်ရာအသုံးအဆောင်ပစ္စည်းများကို ဖြစ်စေ၊ နိုင်ငံတော် သို့မဟုတ် နိုင်ငံတော်အစိုးရအဆောက်အအုံနှင့် အသုံးအဆောင်ပစ္စည်းများကို ဖြစ်စေ ပြင်းထန်စွာထိခိုက်ဆုံးရှုံးစေရန် ပြုလုပ်မှုများ၊

(ဂ) အကြမ်းဖက်မှုကို ကျူးလွန်သော သို့မဟုတ် ကျူးလွန်မည်ဖြစ်သော သို့မဟုတ် ကျူးလွန်ရန် ရည်ရွယ်ချက်ရှိသော အကြမ်းဖက်သမားတစ်ဦးဦးကိုဖြစ်စေ၊ အကြမ်းဖက်အုပ်စုတစ်ခုခုကိုဖြစ်စေ အားပေးကူညီရာရောက်သော အကြမ်းဖက်ငွေကြေးထောက်ပံ့မှု၊

(ဃ) ပြည်ပတွင်မြန်မာနိုင်ငံသားကဖြစ်စေ၊ နိုင်ငံတော်တွင် အမြဲတမ်းနေထိုင်ခွင့်ရသည့်နိုင်ငံခြားသားက ဖြစ်စေ ကျူးလွန်သည့် အကြမ်းဖက်မှု သို့မဟုတ် ယင်းတို့တစ်ဦးဦးအပေါ်တွင် ကျူးလွန်သည့် အကြမ်းဖက်မှု၊

(င) ပြည်ပရှိ နိုင်ငံတော် သို့မဟုတ် နိုင်ငံတော်အစိုးရပိုင်အဆောက်အအုံ၊ အသုံးအဆောင်၊ ယာဉ် စက်ကိရိယာပစ္စည်းများကိုလည်းကောင်း၊ နိုင်ငံတော်၏သံရုံးနှင့် ကောင်စစ်ဝန်ရုံး အပါအဝင် သံတမန်ဆိုင်ရာရုံးများကိုလည်းကောင်း ကျူးလွန်သည့် အကြမ်းဖက်မှု၊

(စ) တည်ဆဲဥပဒေတစ်ရပ်ရပ်အရ မြန်မာနိုင်ငံတော်အတွင်း မှတ်ပုံတင်ထားသော ရေယာဉ် သို့မဟုတ် လေယာဉ်အပေါ်တွင် ကျူးလွန်သည့် အကြမ်းဖက်မှု၊

(ဆ) ပြည်ပမှ စင်းလုံးငှားရမ်းထားသော ရေယာဉ် သို့မဟုတ် လေယာဉ် သို့မဟုတ် စက်တပ်ယာဉ် တစ်ခုခုပေါ်တွင် အမှုထမ်း ပါသည်ဖြစ်စေ၊ မပါသည်ဖြစ်စေ မြန်မာနိုင်ငံသား သို့မဟုတ် မြန်မာနိုင်ငံအတွင်း အမြဲတမ်းနေထိုင်ခွင့်ရသော နိုင်ငံခြားသား သို့မဟုတ် ယင်းတို့ပိုင်အဖွဲ့အစည်း သို့မဟုတ် အသင်းအဖွဲ့က ကျူးလွန်သည့် အကြမ်းဖက်မှု၊

(ဇ) နိုင်ငံတော်အတွင်းသို့ ရောက်ရှိနေသော အကြမ်းဖက်မှုကျူးလွန်သည်ဟု စွပ်စွဲခြင်းခံရသူအား သက်ဆိုင်ရာပြည်ပနိုင်ငံ သို့မဟုတ် တရားခံလွှဲပြောင်းပေးရန် တောင်းဆိုချက်အပေါ် ခွင့်မပြုသည့် အခါ ထိုသူက ကျူးလွန်ခဲ့သည့် အကြမ်းဖက်မှု၊

(ဈ) နိုင်ငံတော်အတွင်း အခြေပြု၍ နိုင်ငံတော်ကိုသော်လည်းကောင်း၊ အခြားနိုင်ငံများကိုသော် လည်းကောင်း ကျူးလွန်သည့် အကြမ်းဖက်မှုများ၊

(ည) နိုင်ငံတော်၏ မြေပြင်၊ ရေပြင်၊ လေပြင်၊ ပိုင်နက်နယ်မြေနှင့် ကမ်းလွန်ရေတိမ်ပိုင်းတို့တွင် ဘေးအန္တရာယ်ဖြစ်စေရန် ဥပဒေနှင့်မညီဘဲ တမင်ကျူးလွန်သည့် ပြစ်မှုများ၊

(ဋ) နိုင်ငံတော်၏ ပိုင်နက်ပင်လယ်နယ်နမိတ်ကို ကျော်လွန်၍ ပင်လယ်ရေပြင်အတွင်းသို့ဖြစ်စေ၊ အဆိုပါ ရေပြင်မှဖြစ်စေ၊ အဆိုပါရေပြင်ကို ဖြတ်သန်းလျက်ဖြစ်စေ ခုတ်မောင်းသွားလာလျက်ရှိသော ရေယာဉ်များမှ သို့မဟုတ် ရေယာဉ်များအပေါ်တွင်လည်းကောင်း၊ ယင်းသို့သွားလာရန် ခရီးစဉ် သတ်မှတ်ခုတ်မောင်းလျက်ရှိသော ရေယာဉ်များမှ သို့မဟုတ် ရေယာဉ်များအပေါ်တွင် လည်းကောင်း ရေကြောင်းပို့ဆောင်ရေးကို ဘေးအန္တရာယ်ဖြစ်စေရန် ဥပဒေနှင့်မညီဘဲ တမင် ကျူးလွန်သောပြစ်မှုများ၊

(ဌ) နိုင်ငံတော်၏အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးကို ထိပါးသည့် ဆူပူသောင်းကျန်းမှု သို့မဟုတ် အတင်းအဓမ္မနည်းဖြင့် ဆောင်ရွက်မှုများ၊

(ဍ) အကြမ်းဖက်သမားကိုဖြစ်စေ၊ အကြမ်းဖက်အုပ်စုတစ်ခုခု၏အဖွဲ့ဝင်ကိုဖြစ်စေ လက်နက်နှင့်ခဲယမ်း မီးကျောက်များ၊ ဇီဝ၊ ဓာတုနှင့် နျူကလီးယားလက်နက်များ၊ ပေါက်ကွဲစေတတ်သော လက်နက် ပစ္စည်းများ သို့မဟုတ် နျူကလီးယားဒြပ်ပစ္စည်းများကို ထုတ်လုပ်ပေးရန်၊ လွှဲပြောင်းပေးပို့ရန်၊ လက်ခံထိန်းသိမ်းပေးရန်၊ ထောက်ပံ့ရန် သို့မဟုတ် ထောက်ပံ့ရန် ကမ်းလှမ်းသည့်ပြုလုပ်မှုများ၊

(ဎ) သဘောသဘာဝအရ အများပြည်သူအတွင်း ထိတ်လန့်ကြောက်ရွံ့မှုဖြစ်ပေါ်စေရန်သော် လည်းကောင်း၊ အစိုးရကို သို့မဟုတ် အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းကို ဥပဒေနှင့်မညီဘဲ တစ်စုံ တစ်ခုကို အတင်းအကျပ်ပြုလုပ်စေရန် သို့မဟုတ် ဥပဒေနှင့်အညီ ပြုလုပ်ရမည်ကို မပြုလုပ်ဘဲ ရှောင်ရှားစေရန်သော်လည်းကောင်း ရည်ရွယ်၍ အရပ်သားကိုဖြစ်စေ၊ လက်နက်ကိုင်ပဋိပက္ခ တိုက်ပွဲဖြစ်နေသည့်အခြေအနေတွင် စစ်ပြိုင်မှု၌ ပါဝင်တိုက်ခိုက်ခြင်းမရှိသည့် အခြားသူတစ်ဦးဦးကို ဖြစ်စေ သေစေရန် သို့မဟုတ် အပြင်းအထန်နာကျင်စေရန် အခြားပြုလုပ်မှုများ၊

(ဏ) အများပြည်သူ၏ကျန်းမာရေးကိုဖြစ်စေ၊ ဘေးကင်းရေးကိုဖြစ်စေ၊ သဘာဝပတ်ဝန်းကျင်ကိုဖြစ်စေ ဆိုးရွားစွာထိခိုက်စေသည့် ပြုလုပ်မှုများ၊

(တ) အကြမ်းဖက်အုပ်စုတစ်ခုခုတွင် သို့မဟုတ် အကြမ်းဖက်လုပ်ငန်းများ ဆောင်ရွက်ရာတွင် သူတစ်ဦးဦးအား ပါဝင်စေခြင်းအလို့ငှာ တိုက်တွန်းရန်၊ စည်းရုံးသိမ်းသွင်းရန်၊ ဝါဒဖြန့်ရန် သို့မဟုတ် စုဆောင်းရန် ပြုလုပ်မှုများ၊

(ထ) အကြမ်းဖက်အုပ်စု ဖွဲ့စည်းရန်၊ အကြမ်းဖက်အုပ်စုတစ်ခုခုတွင် သိလျက်နှင့် ပါဝင်ဆောင်ရွက်ရန် သို့မဟုတ် တာဝန်ပေး၍ လုပ်ရှားဆောင်ရွက်စေရန် ပြုလုပ်မှုများ၊

(ဒ) အကြမ်းဖက်သမားကိုဖြစ်စေ၊ အကြမ်းဖက်အုပ်စုတစ်ခုခု၏ အဖွဲ့ဝင်ကိုဖြစ်စေ ဖမ်းဆီး၍ အရေးယူခြင်းမပြုနိုင်စေရန် သို့မဟုတ် လွတ်မြောက်စေရန်အလို့ငှာ သိလျက်နှင့် ခိုလှုံခွင့်ပေးရန်၊ ပုန်းအောင်းခွင့်ပေးရန်၊ ယာယီတည်းခိုနေထိုင်ခွင့်ပေးရန် သို့မဟုတ် ဝှက်ထားရန် ပြုလုပ်မှုများ၊

(ဓ) အကြမ်းဖက်သမားကိုဖြစ်စေ၊ အကြမ်းဖက်အုပ်စုတစ်ခုခု၏ အဖွဲ့ဝင်ကိုဖြစ်စေ အဆောက်အအုံနှင့် နေရာတစ်ခုခုကို အသုံးပြုခွင့်၊ စုဝေးခွင့်၊ အစည်းအဝေးပြုလုပ်ခွင့်ပေးရန်၊ အကြမ်းဖက်မှုဆိုင်ရာ လေ့ကျင့်သင်တန်းပေးရန် သို့မဟုတ် သယ်ယူပို့ဆောင်ရေး စီစဉ်ဆောင်ရွက်ပေးရန် ပြုလုပ်မှုများ၊

(န) အကြမ်းဖက်မှုဟု နိုင်ငံတော်က အခါအားလျော်စွာ အမိန့်ကြော်ငြာစာ ထုတ်ပြန်၍ သတ်မှတ် ကြေညာသော ပြစ်မှုများ။

၃။ ဤဥပဒေတွင်ပါရှိသော စကားရပ်များသည် အောက်ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက် စေရမည် -

(က) **နိုင်ငံတော်**ဆိုသည်မှာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ကို ဆိုသည်။

(ခ) **အကြမ်းဖက်မှု**ဆိုရာတွင် အောက်ဖော်ပြပါ ပြုလုပ်မှုနှင့် ပြုလုပ်ရန်ပျက်ကွက်မှုများ ပါဝင်သည် -

(၁) **မြို့ပြလေကြောင်းပျံသန်းရေးနှင့် လေဆိပ်တို့အား ဘေးအန္တရာယ်ဖြစ်စေသည့် ဥပဒေမဲ့ပြုလုပ်မှု**ဆိုသည်မှာ ဤဥပဒေ အခန်း (၄) တွင် ပြဋ္ဌာန်းထားသော မြို့ပြလေကြောင်းပျံသန်းရေးနှင့် လေဆိပ်တို့အား ဥပဒေနှင့်မညီဘဲ တမင်ကျူးလွန်သည့်ပြစ်မှုအသီးသီးကို ဆိုသည်၊

(၂) **အပြည်ပြည်ဆိုင်ရာအကာအကွယ်ပေးရမည့် ပုဂ္ဂိုလ်များအား ကျူးလွန်မှု**ဆိုသည်မှာ ဤဥပဒေ အခန်း (၅) တွင် ပြဋ္ဌာန်းထားသော သံတမန်ကိုယ်စားလှယ်များ အပါအဝင် အပြည်ပြည်ဆိုင်ရာအကာအကွယ်ပေးရမည့်ပုဂ္ဂိုလ်များအား ကျူးလွန်သည့် ပြုလုပ်မှု အသီးသီးကို ဆိုသည်၊

(၃) **ဓားစာခံအဖြစ် ဖမ်းဆီးထိန်းသိမ်းမှု**ဆိုသည်မှာ ဤဥပဒေ အခန်း (၆) တွင် ပြဋ္ဌာန်းထားသော ဓားစာခံအဖြစ် ဖမ်းဆီးထိန်းသိမ်းမှုနှင့်စပ်လျဉ်း၍ ကျူးလွန်သည့် ပြုလုပ်မှု အသီးသီးကို ဆိုသည်၊

(၄) **နျူကလီးယားဒြပ်ပစ္စည်း၊ ရေဒီယိုသတ္တိကြွဒြပ်ပစ္စည်းနှင့် နျူကလီးယားအဆောက်အအုံဆိုင်ရာ ပြစ်မှု**ဆိုသည်မှာ ဤဥပဒေ အခန်း (၇) တွင် ပြဋ္ဌာန်းထားသော နျူကလီးယားဒြပ်ပစ္စည်း၊ ရေဒီယိုသတ္တိကြွဒြပ်ပစ္စည်းနှင့် နျူကလီးယားအဆောက်အအုံများနှင့် သက်ဆိုင်သည့် ပြစ်မှု အသီးသီးကို ဆိုသည်၊

(၅) **ရေကြောင်းပို့ဆောင်ရေးကို ဘေးအန္တရာယ်ဖြစ်စေသည့် ဥပဒေမဲ့ပြုလုပ်မှု**ဆိုသည်မှာ ဤဥပဒေ အခန်း (၈) တွင် ပြဋ္ဌာန်းထားသော ပင်လယ်ရေကြောင်းသွားလာရေးကို ဘေးအန္တရာယ်ဖြစ်စေရန် ဥပဒေနှင့်မညီဘဲ တမင်ကျူးလွန်သည့် ပြစ်မှုအသီးသီးကို ဆိုသည်၊

(၆) **ရေအောက်သယံဇာတရှာဖွေရေး အဆောက်အအုံအား ဘေးအန္တရာယ်ဖြစ်စေရန် ဥပဒေမဲ့ပြုလုပ်မှု**ဆိုသည်မှာ ဤဥပဒေ အခန်း (၉) တွင် ပြဋ္ဌာန်းထားသော ကမ်းလွန်ရေတိမ်ပိုင်းတွင် ရေအောက်သယံဇာတရှာဖွေရေးအဆောက်အအုံအား ဘေးအန္တရာယ်ဖြစ်စေရန် ဥပဒေနှင့် မညီဘဲ တမင်ကျူးလွန်သည့် ပြစ်မှုအသီးသီးကို ဆိုသည်၊

(၇) **အမှတ်အသားပြုလုပ်မထားသည့် ပေါက်ကွဲစေတတ်သော ပလတ်စတစ်ဝတ္ထုပစ္စည်းဆိုင်ရာ ပြစ်မှု**ဆိုသည်မှာ ဤဥပဒေ အခန်း (၁၀) တွင် ပြဋ္ဌာန်းထားသော အမှတ်အသားပြုလုပ် မထားသည့် ပေါက်ကွဲစေတတ်သော ဝတ္ထုပစ္စည်းများနှင့်စပ်လျဉ်း၍ ကျူးလွန်သည့် ပြစ်မှု အသီးသီးကို ဆိုသည်၊

(၈) **အကြမ်းဖက်ဗုံးခွဲတိုက်ခိုက်မှုဆိုင်ရာပြစ်မှု**ဆိုသည်မှာ ဤဥပဒေ အခန်း (၁၁)တွင် ပြဋ္ဌာန်းထားသော အကြမ်းဖက်ဗုံးခွဲတိုက်ခိုက်မှုနှင့်စပ်လျဉ်း၍ ကျူးလွန်သည့် ပြစ်မှုအသီးသီးကို ဆိုသည်၊

(၉) **အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုဆိုင်ရာပြစ်မှု**ဆိုသည်မှာ ဤဥပဒေအခန်း (၁၂) တွင် ပြဋ္ဌာန်းထားသောအကြမ်းဖက်မှုကို ငွေကြေးနှင့်ပစ္စည်းထောက်ပံ့မှုနှင့်သက်ဆိုင်သည့် ပြစ်မှု အသီးသီးကို ဆိုသည်၊

(၁၀) အများပြည်သူ၏လုံခြုံရေးကိုဖြစ်စေ၊ အသက်အိုးအိမ်စည်းစိမ်ကိုဖြစ်စေ၊ အများပြည်သူ သို့မဟုတ် ပုဂ္ဂလိကအတွက် အရေးကြီးသော အခြေခံအဆောက်အအုံဆိုင်ရာအသုံးအဆောင် ပစ္စည်းများကိုဖြစ်စေ၊ နိုင်ငံတော် သို့မဟုတ် နိုင်ငံတော် အစိုးရအဆောက်အအုံနှင့် အသုံး အဆောင်ပစ္စည်းများကိုဖြစ်စေ ပြင်းထန်စွာထိခိုက်ဆုံးရှုံးစေရန် ပြုလုပ်မှုများ၊

(၁၁) ပြည်ပရှိ နိုင်ငံတော် သို့မဟုတ် နိုင်ငံတော်အစိုးရပိုင်အဆောက်အအုံ၊ အသုံးအဆောင်၊ ယာဉ်စက်ကိရိယာပစ္စည်းများကိုလည်းကောင်း၊ နိုင်ငံတော်၏သံရုံးနှင့် ကောင်စစ်ဝန်ရုံး အပါအဝင် သံတမန်ဆိုင်ရာရုံးများကိုလည်းကောင်း ကျူးလွန်သည့် အကြမ်းဖက်မှု၊

(၁၂) နိုင်ငံတော်၏အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးကို ထိပါးသည့် ဆူပူသောင်းကျန်းမှု သို့မဟုတ် အတင်းအဓမ္မနည်းဖြင့် ဆောင်ရွက်မှုများ၊

(၁၃) အကြမ်းဖက်သမားကိုဖြစ်စေ၊ အကြမ်းဖက်အုပ်စုတစ်ခုခု၏အဖွဲ့ဝင်ကိုဖြစ်စေ လက်နက်နှင့် ခဲယမ်းမီးကျောက်များ၊ ဇီဝ၊ ဓာတုနှင့် နျူကလီးယားလက်နက်များ၊ ပေါက်ကွဲစေတတ်သော လက်နက်ပစ္စည်းများ သို့မဟုတ် နျူကလီးယားဒြပ်ပစ္စည်းများကို ထုတ်လုပ်ပေးရန်၊ လွှဲပြောင်း ပေးပို့ရန်၊ လက်ခံထိန်းသိမ်းပေးရန်၊ ထောက်ပံ့ရန် သို့မဟုတ် ထောက်ပံ့ရန် ကမ်းလှမ်းသည့် ပြုလုပ်မှုများ၊

(၁၄) သဘောသဘာဝအရ အများပြည်သူအတွင်း ထိတ်လန့်ကြောက်ရွံ့မှုဖြစ်ပေါ်စေရန်သော် လည်းကောင်း၊ အစိုးရကို သို့မဟုတ် အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းကို ဥပဒေနှင့်မညီဘဲ တစ်စုံတစ်ခုကို အတင်းအကျပ်ပြုလုပ်စေရန် သို့မဟုတ် ဥပဒေနှင့်အညီ ပြုလုပ်ရမည်ကို မပြုလုပ်ဘဲ ရှောင်ရှားစေရန်သော်လည်းကောင်း ရည်ရွယ်၍ အရပ်သားကိုဖြစ်စေ၊ လက်နက်ကိုင်ပဋိပက္ခတိုက်ပွဲဖြစ်နေသည့်အခြေအနေတွင် စစ်ပြိုင်မှု၌ ပါဝင်တိုက်ခိုက်ခြင်း မရှိသည့် အခြားသူတစ်ဦးဦးကိုဖြစ်စေ သေစေရန် သို့မဟုတ် အပြင်းအထန်နာကျင်စေရန် အခြားပြုလုပ်မှုများ၊

(၁၅) အများပြည်သူ၏ကျန်းမာရေးကိုဖြစ်စေ၊ ဘေးကင်းရေးကိုဖြစ်စေ၊ သဘာဝပတ်ဝန်းကျင်ကို ဖြစ်စေ ဆိုးရွားစွာထိခိုက်စေသည့် ပြုလုပ်မှုများ၊

(၁၆) အကြမ်းဖက်အုပ်စုတစ်ခုခုတွင် သို့မဟုတ် အကြမ်းဖက်လုပ်ငန်းများ ဆောင်ရွက်ရာတွင် သူတစ်ဦးဦးအား ပါဝင်စေခြင်းအလို့ငှာ တိုက်တွန်းရန်၊ စည်းရုံးသိမ်းသွင်းရန်၊ ဝါဒဖြန့်ရန် သို့မဟုတ် စုဆောင်းရန် ပြုလုပ်မှုများ၊

(၁၇) အကြမ်းဖက်အုပ်စုဖွဲ့စည်းရန်၊ အကြမ်းဖက်အုပ်စုတစ်ခုခုတွင် သိလျက်နှင့်ပါဝင်ဆောင်ရွက်ရန် သို့မဟုတ် တာဝန်ပေး၍ လှုပ်ရှားဆောင်ရွက်စေရန် ပြုလုပ်မှုများ၊

(၁၈) အကြမ်းဖက်သမားကိုဖြစ်စေ၊ အကြမ်းဖက်အုပ်စုတစ်ခုခု၏အဖွဲ့ဝင်ကိုဖြစ်စေ ဖမ်းဆီး၍ အရေးယူခြင်းမပြုနိုင်စေရန် သို့မဟုတ် လွတ်မြောက်စေရန်အလို့ငှာ သိလျက်နှင့် ခိုလှုံခွင့် ပေးရန်၊ ပုန်းအောင်းခွင့်ပေးရန်၊ ယာယီတည်းခိုနေထိုင်ခွင့်ပေးရန် သို့မဟုတ် ဝှက်ထားရန် ပြုလုပ်မှုများ၊

(၁၉) အကြမ်းဖက်သမားကိုဖြစ်စေ၊ အကြမ်းဖက်အုပ်စုတစ်ခုခု၏အဖွဲ့ဝင်ကိုဖြစ်စေ အဆောက် အအုံနှင့် နေရာတစ်ခုခုကို အသုံးပြုခွင့်၊ စုဝေးခွင့်၊ အစည်းအဝေးပြုလုပ်ခွင့်ပေးရန်၊ အကြမ်းဖက်မှုဆိုင်ရာလေ့ကျင့်သင်တန်းပေးရန် သို့မဟုတ် သယ်ယူပို့ဆောင်ရေး စီစဉ် ဆောင်ရွက်ပေးရန် ပြုလုပ်မှုများ။

(ဂ) **ရေအောက်သယံဇာတရှာဖွေရေးအဆောက်အအုံ**ဆိုသည်မှာ နိုင်ငံတော်၏ကမ်းလွန်ရေတိမ်ပိုင်းတွင် ရေအောက်သယံဇာတရှာဖွေရေး သို့မဟုတ် ထုတ်ယူအသုံးပြုရေးအတွက်ဖြစ်စေ၊ အခြားစီးပွားရေး အတွက်ဖြစ်စေ ရည်ရွယ်၍ ပင်လယ်ကြမ်းပြင်တွင် အခိုင်အမာတပ်ဆင်ဆောက်လုပ်ထားသော ဖန်တီးထားသည့် ကျွန်းအတု သို့မဟုတ် နေရာအဆောက်အအုံကို ဆိုသည်။

(ဃ) **အကြမ်းဖက်အုပ်စုပိုင်ပစ္စည်းများ**ဆိုသည်မှာ အကြမ်းဖက်မှုကျူးလွန်ရာမှရရှိသည့် အကျိုး အမြတ်များ၊ အကြမ်းဖက်မှုတစ်ရပ်ကို ကျူးလွန်ရာတွင် အသုံးပြုခဲ့သည့် သို့မဟုတ် အသုံးပြုနေသည့် သို့မဟုတ် အသုံးပြုလိမ့်မည်ဟု ယူဆရသည့် ငွေကြေးနှင့်ပစ္စည်းများ၊ အကြမ်းဖက်သမား သို့မဟုတ်

အကြမ်းဖက်အုပ်စုတစ်ခုက အသုံးပြုခဲ့သည့် သို့မဟုတ် အသုံးပြုနေသည့် သို့မဟုတ် အသုံးပြုလိမ့်မည်ဟု ယူဆရသည့် ငွေကြေးနှင့်ပစ္စည်းများ၊ အကြမ်းဖက်သမား သို့မဟုတ် အကြမ်းဖက်အုပ်စုတစ်စု သို့မဟုတ် အဆိုပါအုပ်စု၏ကိုယ်စား အခြားသူတစ်ဦးတစ်ယောက်က ပိုင်ဆိုင်ထားသည့် သို့မဟုတ် ထိန်းချုပ်ထားသည့် ငွေကြေးနှင့်ပစ္စည်းများ၊ အကြမ်းဖက်အုပ်စုတစ်ခုအား ထောက်ပံ့ရန် သို့မဟုတ် အကြမ်းဖက်မှုတစ်ခုအား ရန်ပုံငွေထောက်ပံ့ရန် ရည်ရွယ်ချက်ဖြင့် စုဆောင်းခဲ့သည့် ငွေကြေးနှင့်ပစ္စည်းများနှင့် အဆိုပါငွေကြေးနှင့်ပစ္စည်းများမှ ဆင့်ပွားဆင်းသက်လာသည့် ငွေကြေးနှင့်အကျိုးအမြတ်များကို ဆိုသည်။

(င) **လေယာဉ်ဝန်ဆောင်မှုပေးချိန်**ဆိုသည်မှာ မြေပြင်မှ လေယာဉ်မထွက်ခွာမီ အမှုထမ်းများ လေယာဉ်ပျံသန်းရေးအတွက် ကြိုတင်ပြင်ဆင်မှုလုပ်ငန်းများ စတင်ဆောင်ရွက်ချိန်မှစ၍ လေယာဉ်ဆင်းသက်ပြီး ၂၄ နာရီ ကြာသည်အထိ ဝန်ဆောင်မှုပေးနေသောအချိန်ကာလကို ဆိုသည်။ ယင်းစကားရပ်တွင် လေယာဉ် ပျံသန်းချိန်တစ်လျှောက်လုံး ဝန်ဆောင်မှုပေးနေသည့် အချိန်ကာလလည်း ပါဝင်သည်။

(စ) **အခြေခံအဆောက်အအုံဆိုင်ရာအသုံးအဆောင်ပစ္စည်းများ** ဆိုသည်မှာ အများပြည်သူအကျိုးငှာ အများပြည်သူပိုင်အနေဖြင့်ဖြစ်စေ၊ ပုဂ္ဂလိကပိုင်အနေဖြင့်ဖြစ်စေ အသုံးပြုသော၊ ရယူထားသော၊ ဖြည့်ဆည်းထောက်ပံ့ပေးသော သို့မဟုတ် ဖြန့်ဖြူးပေးသော ရေ၊ မိလ္လာအညစ်အကြေး၊ စွမ်းအင်၊ လောင်စာ၊ ကုန်းလမ်း၊ ရထားလမ်း၊ ရေကြောင်းလမ်း၊ တံတား၊ လေဆိပ် သို့မဟုတ် သယ်ယူပို့ဆောင်ရေးနှင့် ဆက်သွယ်ရေး စသည့် အသုံးအဆောင်ပစ္စည်းများကို ဆိုသည်။

(ဆ) **နိုင်ငံတော် သို့မဟုတ် နိုင်ငံတော်အစိုးရအဆောက်အအုံနှင့်၊ ယာဉ်စက်ကိရိယာအသုံးအဆောင်ပစ္စည်းများ**ဆိုသည်မှာ နိုင်ငံတော်၏ကိုယ်စားလှယ်၊ အစိုးရအဖွဲ့ဝင်များ၊ ဥပဒေပြုရေး သို့မဟုတ် တရားစီရင်ရေးအဖွဲ့ဝင်များ၊ နိုင်ငံတော်၏အရာထမ်းအမှုထမ်းများ သို့မဟုတ် အခြားအစိုးရအာဏာပိုင်များ သို့မဟုတ် အဖွဲ့အစည်းများ သို့မဟုတ် အစိုးရဌာနချင်း ဖွဲ့စည်းထားသောအဖွဲ့အစည်းများမှအရာထမ်း၊ အမှုထမ်းများအတွက် ယင်းတို့၏တရားဝင်တာဝန်ထမ်းဆောင်မှုနှင့်ပတ်သက်၍ ယာယီ သို့မဟုတ် အမြဲတမ်းနေထိုင်သောအဆောက်အအုံ သို့မဟုတ် အသုံးပြုသောအသုံးအဆောင်ပစ္စည်းနှင့် ယာဉ်တို့ကို ဆိုသည်။

(ဇ) **အပြည်ပြည်ဆိုင်ရာအကာအကွယ်ပေးရမည့်ပုဂ္ဂိုလ်**ဆိုသည်မှာ နိုင်ငံတော်အတွင်းသို့ ပြည်ပနိုင်ငံတစ်ခုခုမှ မည်သည့်အချိန်အခါ၌မဆို ရောက်ရှိနေသည့် အောက်ပါပုဂ္ဂိုလ်တစ်ဦးဦးကို ဆိုသည် -

(၁) သက်ဆိုင်ရာနိုင်ငံ၏ဖွဲ့စည်းပုံအခြေခံဥပဒေအရ နိုင်ငံ၏အကြီးအကဲ၊ နိုင်ငံ၏အကြီးအကဲကဲ့သို့ လုပ်ငန်းတာဝန်များကို ဆောင်ရွက်သောအဖွဲ့၏ အဖွဲ့ဝင်၊ အစိုးရအဖွဲ့အကြီးအကဲ၊ နိုင်ငံခြားရေးဝန်ကြီးနှင့် သံတမန်များ၊

(၂) ပုဒ်မခွဲငယ် (၁) ပါ ပုဂ္ဂိုလ်နှင့်အတူလိုက်ပါသော ယင်းတို့၏မိသားစုဝင်များ၊

(၃) ပုဂ္ဂိုလ်တစ်ဦးဦး၏ကိုယ်ခန္ဓာကိုဖြစ်စေ၊ တရားဝင်ပရိဝုဏ်ကိုဖြစ်စေ၊ ကိုယ်ပိုင်နေထိုင်ရာအဆောက်အအုံကိုဖြစ်စေ၊ ယင်း၏ခရီးသွားလာသည့်ယာဉ်ကိုဖြစ်စေ ပြစ်မှုကျူးလွန်ခြင်းခံရသည့် အချိန်နှင့်နေရာတွင် ထိုပုဂ္ဂိုလ်၏ကိုယ်ခန္ဓာ၊ လွတ်လပ်ခွင့်နှင့် ဂုဏ်သိက္ခာကိုသော်လည်းကောင်း၊ ထိုပုဂ္ဂိုလ်၏ အိမ်ထောင်စုဝင်များအပေါ်တွင်သော်လည်းကောင်း တိုက်ခိုက်ခံရမှုအား အပြည်ပြည်ဆိုင်ရာဥပဒေနှင့်အညီ အထူးအကာအကွယ်ရထိုက်ခွင့်ရှိသော သံတမန်ကိုယ်စားလှယ်များ အပါအဝင် နိုင်ငံတစ်နိုင်ငံ၏ကိုယ်စားလှယ်၊ အရာရှိတစ်ဦးဦး သို့မဟုတ် အစိုးရချင်း ဖွဲ့စည်းထားသည့်သဏ္ဌာန်ရှိသော အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းတစ်ခုခု၏အရာရှိ သို့မဟုတ် အခြားကိုယ်စားလှယ်။

(ဈ) **ဇီဝ၊ ဓာတုနှင့် နျူကလီးယားလက်နက်**ဆိုသည်မှာ ဇီဝလက်နက်၊ ဓာတုလက်နက်နှင့် နျူကလီးယားလက်နက်တို့ကို ဆိုသည်။

(ည) **ဇီဝလက်နက်များ**ဆိုသည်မှာ အောက်ပါ ပစ္စည်းကိရိယာတစ်မျိုးမျိုးကို ဆိုသည် -

(၁) ရောဂါမဖြစ်ပွားရန် ကာကွယ်ရေးအတွက်ဖြစ်စေ၊ အန္တရာယ်ကြိုတင်ကာကွယ်ရေးအတွက်ဖြစ်စေ၊ အခြားငြိမ်းချမ်းသောရည်ရွယ်ချက်များအတွက်ဖြစ်စေ မှန်ကန်ကြောင်း ထင်ရှားပြသမှုမရှိဘဲ မူလအနေအထား သို့မဟုတ် ထုတ်လုပ်မှုနည်းလမ်းအရ မည်သည့်ပုံသဏ္ဌာန်၊ မည်သည့်အရေအတွက်မဆို ရှိသည့် အဏုဇီဝပစ္စည်း၊ အခြားဇီဝပစ္စည်းနှင့် အဆိပ်အတောက်ဖြစ်စေသောပစ္စည်းများ၊

(၂) ရန်လိုသော ရည်ရွယ်ချက်များအတွက်ဖြစ်စေ၊ လက်နက်ကိုင်ပဋိပက္ခများအတွက်ဖြစ်စေ အဆိုပါ အဏုဇီဝပစ္စည်း၊ အခြားဇီဝပစ္စည်း သို့မဟုတ် အဆိပ်အတောက်ဖြစ်စေသော ပစ္စည်းများ အသုံးပြုရန် ဒီဇိုင်းပုံစံရေးဆွဲပြုလုပ်ထားသော လက်နက်များ၊ ပစ္စည်းကိရိယာများ သို့မဟုတ် သယ်ဆောင်သည့်ပစ္စည်းများ။

(ဋ) **ဓာတုလက်နက်**ဆိုသည်မှာ အောက်ပါ အဆိပ်အတောက်ဓာတုပစ္စည်းများ၊ လက်နက်ပစ္စည်းကိရိယာများ အတူတကွရှိသည်ဖြစ်စေ၊ တစ်သီးတခြားစီရှိသည်ဖြစ်စေ ယင်းဓာတုလက်နက်ပစ္စည်းများကို ဆိုသည် -

(၁) စက်မှု၊ စိုက်ပျိုးရေး၊ သုတေသန၊ ဆေးဝါးဆိုင်ရာ သို့မဟုတ် အခြားငြိမ်းချမ်းစွာအသုံးချရေးအတွက်သော်လည်းကောင်း၊ အဆိပ်အတောက်ဓာတုပစ္စည်းများနှင့် ဓာတုလက်နက်များအား တိုက်ရိုက်ကာကွယ်ရေးအတွက်သော်လည်းကောင်း၊ ဓာတုအဆိပ်အတောက်ပစ္စည်းများဖြင့် အသုံးပြုမည့် စစ်ရေးကိစ္စများအတွက်သော်လည်းကောင်း၊ ပြည်တွင်းဆူပူအုံကြွမှုများအား နှိမ်နင်းရေးအတွက်သော်လည်းကောင်း မရည်ရွယ်သည့် အဆိပ်အတောက်ဓာတုပစ္စည်းများ၊

(၂) ပုဒ်မခွဲငယ် (၁) ပါ အဆိပ်အတောက်ဓာတုပစ္စည်းများဖြင့် လူကို သေစေရန် သို့မဟုတ် ဘေးဥပဒ်ဖြစ်စေရန် အထူးစီမံထုတ်လုပ်ထားသည့် လက်နက်ပစ္စည်းများနှင့် ကိရိယာများ၊

(၃) ပုဒ်မခွဲငယ် (၂) ပါ လက်နက်ပစ္စည်းများ၊ ကိရိယာများကို တိုက်ရိုက်အသုံးပြုရေးအတွက် အထူးစီမံထုတ်လုပ်ထားသည့် အခြားပစ္စည်းကိရိယာများ။

(ဌ) **နျူကလီးယားဒြပ်ပစ္စည်း**ဟု ဆိုရာတွင် ပလူတိုနီယံ-၂၃၈ တွင် အိုင်ဆိုတုပ် စုစည်းပါဝင်မှု ၈၀ ရာခိုင်နှုန်းထက် ကျော်လွန်မှုမရှိသော ပလူတိုနီယံ၊ ယူရေနီယံ-၂၃၅၊ ယူရေနီယံ အိုင်ဆိုတုပ်-၂၃၃ သို့မဟုတ် ၂၃၅ တို့အား ပါဝင်ကိန်းမြှင့်တင်ထားသော ယူရေနီယံ၊ သတ္တုရိုင်း သို့မဟုတ် ကြွင်းကျန်သတ္တုရိုင်းမှအပ သဘာဝအလျောက်ဖြစ်ပွားလာသည့် ယူရေနီယံပါဝင်သည့် အိုင်ဆိုတုပ်အရောများ၊ ဖော်ပြပါဒြပ်ပစ္စည်းတစ်မျိုး သို့မဟုတ် တစ်မျိုးထက်ပို၍ပါဝင်သော မည်သည့်ဒြပ်ပစ္စည်းများကိုမဆို ဆိုသည်။

(ဍ) **ရေဒီယိုသတ္တိကြွဒြပ်ပစ္စည်း**ဆိုသည်မှာ နျူကလီးယားဒြပ်ပစ္စည်းနှင့် ရုတ်ခြည်းပြိုကွဲခြင်းဖြစ်နိုင်သော နျူကလီးယပ်များပါဝင်သည့် ရေဒီယိုသတ္တိကြွအရာဝတ္ထုများ (ယင်းဖြစ်စဉ်တွင် တစ်ခု သို့မဟုတ် တစ်ခုထက်မကပိုသော အိုင်းယွန်းဖြစ်ဓာတ်ရောင်ခြည် - အယ်လဖာ၊ ဘီတာ၊ နယူထရွန်အမှုန်နှင့် ဂမ္မာရောင်ခြည်များ ထွက်ရှိပြီး) နှင့် ၎င်းတို့၏ရေဒီယိုသတ္တိကြွနိုင်သော သို့မဟုတ် ကွဲကြေနိုင်သော ဂုဏ်သတ္တိများကြောင့် သေဆုံးစေနိုင်ခြင်း၊ ခန္ဓာကိုယ်အား ပြင်းထန်စွာထိခိုက်ဒဏ်ရာရစေခြင်း သို့မဟုတ် ပစ္စည်း သို့မဟုတ် ပတ်ဝန်းကျင်ကို ကြီးမားစွာပျက်စီးစေခြင်း ဖြစ်စေနိုင်သောပစ္စည်းများကို ဆိုသည်။

(ဎ) **နျူကလီးယားအဆောက်အအုံ**ဟု ဆိုရာတွင် -

(၁) ရေယာဉ်၊ မော်တော်ယာဉ်၊ လေယာဉ် သို့မဟုတ် အာကာသယာဉ် တစ်မျိုးမျိုးပေါ်တွင် အဆိုပါယာဉ်များ ရွေ့လျားနိုင်ရေးအတွက် စွမ်းအင်ပင်ရင်းအဖြစ် အသုံးပြုရန် သို့မဟုတ်

အခြားရည်ရွယ်ချက်ဖြင့် အသုံးချရန် တပ်ဆင်ထားသော နျူကလီးယားဓာတ်ပေါင်းဖို အပါအဝင် မည်သည့်နျူကလီးယားဓာတ်ပေါင်းဖိုကို မဆို။

(၂) ရေဒီယိုသတ္တိကြွဒြပ်ပစ္စည်း ထုတ်လုပ်ခြင်း၊ သိုလှောင်ခြင်း၊ အဆင့်ဆင့်ပြုပြင်စီရင်ခြင်း သို့မဟုတ် သယ်ယူပို့ဆောင်ခြင်းတို့အတွက် အသုံးပြုသည့် မည်သည့်စက်ရုံ၊ အလုပ်ရုံ၊ သိုလှောင်ရုံအဆောက်အဦကိုမဆို။

(၃) နျူကလီးယားဒြပ်ပစ္စည်းထုတ်လုပ်ခြင်း၊ အဆင့်ဆင့်ပြုပြင်စီရင်ခြင်း၊ အသုံးပြုခြင်း၊ ကိုင်တွယ်ခြင်း၊ သိုလှောင်ခြင်း သို့မဟုတ် စွန့်ပစ်ခြင်းပြုသည့် မည်သည့်စက်ရုံ၊ အလုပ်ရုံ၊ သိုလှောင်ရုံ၊ အဆောက်အဦကိုမဆို ဆိုသည်။ ယင်းအဆောက်အအုံကို ပျက်စီးခြင်း သို့မဟုတ် နှောင့်ယှက်ခြင်းဖြစ်စေပါက သိသာများပြားသောပမာဏရှိသည့် ဓာတ်ရောင်ခြည် သို့မဟုတ် ရေဒီယိုသတ္တိကြွဒြပ်ပစ္စည်းများ ထွက်ရှိထုတ်လွှတ်စေနိုင်သည်။

(ဏ) **အပြည်ပြည်ဆိုင်ရာနျူကလီးယားသယ်ယူပို့ဆောင်မှု**ဆိုသည်မှာ နျူကလီးယားဒြပ်ပစ္စည်းကိုဖြစ်စေ၊ ရေဒီယိုသတ္တိကြွဒြပ်ပစ္စည်းကိုဖြစ်စေ၊ ပုဒ်မ ၃၊ ပုဒ်မခွဲ (ပ) (၁) ပါ နျူကလီးယား အဆောက်အအုံကို ဖြစ်စေ၊ မည်သို့သောနည်းလမ်းဖြင့်မဆို စတင်တင်ပို့ရာနိုင်ငံ၏နယ်နိမိတ်ကို ကျော်လွန်၍ ပို့ဆောင်ရန်အလို့ငှာ ထိုနိုင်ငံမှကုန်တင်ပို့သူ၏ အဆောက်အအုံတစ်ခုခုမှ ထွက်ခွာမှုဖြင့် စတင်ပြီး အဆုံးသတ်အသုံးချမည့်နိုင်ငံရှိ ကုန်လက်ခံသူ၏အဆောက်အအုံတစ်ခုခုသို့ ရောက်ရှိမှုဖြင့် အဆုံးသတ်ခြင်းကို ဆိုသည်။

(တ) **ပေါက်ကွဲစေတတ်သောဝတ္ထုပစ္စည်း**ဆိုသည်မှာ အောက်ပါပစ္စည်းကိရိယာတစ်ခုခုကို ဆိုသည် -

(၁) သူတစ်ဦးဦးအား သေစေရန် သို့မဟုတ် အပြင်းအထန်ထိခိုက်ဒဏ်ရာရရှိစေရန်သော်လည်းကောင်း၊ အရာဝတ္ထုပစ္စည်းများအား ထိထိရောက်ရောက်ပျက်စီးဆုံးရှုံးစေရန်သော်လည်းကောင်း ပုံစံရေးဆွဲတီထွင်ထုတ်လုပ်သည့် သို့မဟုတ် စွမ်းအားရှိသည့် ပေါက်ကွဲတတ်သော သို့မဟုတ် မီးလောင်စေတတ်သော လက်နက် သို့မဟုတ် ပစ္စည်းကိရိယာ၊

(၂) အဆိပ်အာနိသင်ရှိသော ဇီဝပစ္စည်းများ၊ ဓာတုပစ္စည်းများ၊ အဆိပ်အတောက်များ၊ အလားတူပစ္စည်းများ၊ အဏုမြူဓာတ်ရောင်ခြည် သို့မဟုတ် ရေဒီယိုသတ္တိကြွဒြပ်ပစ္စည်းများထုတ်လွှတ်ခြင်း၊ ဖြန့်ဖြူးခြင်း သို့မဟုတ် ထိခိုက်မိစေခြင်းဖြင့် သူတစ်ဦးဦးအား သေစေရန် သို့မဟုတ် ပြင်းထန်စွာထိခိုက်ဒဏ်ရာရစေရန်သော်လည်းကောင်း၊ အရာဝတ္ထုပစ္စည်းများအား ထိထိရောက်ရောက် ပျက်စီးဆုံးရှုံးစေရန်သော်လည်းကောင်း ပုံစံရေးဆွဲတီထွင်ထုတ်လုပ်သည့် သို့မဟုတ် စွမ်းအားရှိသည့် လက်နက် သို့မဟုတ် ပစ္စည်းကိရိယာ။

(ထ) **ပေါက်ကွဲစေတတ်သော ပလတ်စတစ်ဝတ္ထုပစ္စည်း**ဆိုသည်မှာ ပျော့ပျောင်းသော သို့မဟုတ် ဆွဲဆန့်လျှင် ရှန်းတတ်သော အချပ်အပြားပုံသဏ္ဌာန်ရှိသည့် ပေါက်ကွဲစေတတ်သော ပလတ်စတစ်ဝတ္ထုပစ္စည်းကို ဆိုသည်။ ယင်းစကားရပ်တွင် ပေါက်ကွဲစေတတ်သော ပလတ်စတစ်ဝတ္ထုပစ္စည်းများအား စုံစမ်းထောက်လှမ်းရှာဖွေရေးအတွက် အမှတ်အသားပြုလုပ်ရေးဆိုင်ရာကွန်ဗင်းရှင်းနှင့် အညီ ဤဥပဒေအရ ထုတ်ပြန်သည့် နည်းဥပဒေများဖြင့် ပေါက်ကွဲစေတတ်သော ပလတ်စတစ်ဝတ္ထုပစ္စည်းဖြစ်သည်ဟု သတ်မှတ်သော အခြားအရာဝတ္ထုပစ္စည်းတစ်ခုခုလည်း ပါဝင်သည်။

(ဒ) **သင်္ဘော**ဆိုသည်မှာ စွမ်းအင်တစ်မျိုးမျိုးဖြင့် မောင်းနှင်သောရေယာဉ်၊ ရေအောက်ငုပ်လျှိုးမောင်းနှင်နိုင်သော ရေယာဉ် သို့မဟုတ် ရေပြင်ပေါ်တွင် ရွေ့လျားသွားလာနိုင်သော အခြားရေယာဉ်တစ်မျိုးမျိုး အပါအဝင် ပင်လယ်ကြမ်းပြင်နှင့်အမြဲစွဲကပ်ထားခြင်းမရှိသော မည်သည့်ရေယာဉ်မျိုးကို မဆို ဆိုသည်။ ယင်းစကားရပ်တွင် ရွေ့လျားနိုင်သော ကမ်းလွန်သယံဇာတတူးဖော်ရေးစင်နှင့် ရှပ်ပြေးအမြန်ယာဉ်များ ပါဝင်သည်။

(ဓ) **အကြမ်းဖက်သမား**ဆိုသည်မှာ ဤဥပဒေပါ အကြမ်းဖက်မှုတစ်ခုခုကို တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ ဖြစ်စေ ဥပဒေနှင့်မညီဘဲ တစ်နည်းနည်းဖြင့် ကျူးလွန်သူ သို့မဟုတ် ကျူးလွန်ရန် အားထုတ်သူကိုသော်လည်းကောင်း၊ အကြမ်းဖက်မှုတွင် ကြံရာပါအဖြစ်ပါဝင်သူ သို့မဟုတ် အကြမ်းဖက်မှု ကျူးလွန်ရန် အခြားသူများအား ညွှန်ကြားသူ သို့မဟုတ် စည်းရုံးသိမ်းသွင်းသူကိုသော်လည်းကောင်း၊ အကြမ်းဖက်မှုကျူးလွန်နိုင်ရန် ရည်ရွယ်ချက်ဖြင့် ပါဝင်ထောက်ပံ့သူကိုသော်လည်းကောင်း ဆိုသည်။

(န) **အကြမ်းဖက်အုပ်စု**ဆိုသည်မှာ အကြမ်းဖက်မှုတစ်ခုကိုကျူးလွန်ရန် ရုတ်ခြည်းအလျဉ်းသင့်သလို ဖွဲ့စည်းထားသည့်သဏ္ဌာန်မျိုးမဟုတ်ဘဲ အကြမ်းဖက်မှုကျူးလွန်ရန် အချိန်ကာလတစ်ခုယူ၍ လူနှစ်ဦးနှင့်အထက် ပါဝင်လျက် သတ်သတ်မှတ်မှတ် ဖွဲ့စည်းတည်ထောင်ထားပြီး အဖွဲ့ဝင်များ၏ အခန်းကဏ္ဍနှင့် ဖွဲ့စည်းပုံကို နည်းလမ်းတကျသတ်မှတ်ထားခြင်းမရှိသောအုပ်စု သို့မဟုတ် အဖွဲ့အစည်း သို့မဟုတ် အသင်းအဖွဲ့ကို ဆိုသည်။ ယင်းစကားရပ်တွင် ကုလသမဂ္ဂလုံခြုံရေးကောင်စီ ဆုံးဖြတ်ချက်အရလည်းကောင်း၊ ပုဒ်မ ၆၊ ပုဒ်မခွဲ (င) အရ ဗဟိုအဖွဲ့က ပြည်ထောင်စုအစိုးရအဖွဲ့၏ အတည်ပြုချက်ဖြင့်လည်းကောင်း ကြေညာထားသည့် အကြမ်းဖက်အုပ်စုလည်း ပါဝင်သည်။

(ပ) **လှုံ့ဆော်မှု**ဆိုသည်မှာ ဘေးအန္တရာယ်ဖြစ်စေမည့် အကြမ်းဖက်မှုတစ်ခုဖြစ်စေ၊ တစ်ခုထက်ပို၍ ဖြစ်စေ ကျူးလွန်ရေးအတွက် လှုံ့ဆော်ရန် ရည်ရွယ်ချက်ဖြင့် သတင်းစကား သို့မဟုတ် သတင်းအချက်အလက်ကို သိသိသာသာဖြစ်စေ၊ မသိမသာဖြစ်စေ၊ တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ ဖြန့်ဝေခြင်း၊ အားပေးအားမြှောက်ပြုခြင်း သို့မဟုတ် အခြားတစ်နည်းနည်းဖြင့် ကြားမြင်သိရှိစေခြင်းကို ဆိုသည်။

(ဖ) **ထောင်ဒဏ်တစ်သက်**ဆိုသည်မှာ ပြစ်မှုထင်ရှားစီရင်ခြင်းခံရသူအား အကျဉ်းထောင်၌ သေဆုံးသည်အထိ ပြစ်ဒဏ်ကျခံစေရန် ချမှတ်သည့်ထောင်ဒဏ်ကို ဆိုသည်။

(ဗ) **အများပြည်သူအသုံးပြုသည့်နေရာ**ဆိုသည်မှာ ကူးသန်းရောင်းဝယ်ရေး၊ စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေး၊ ဘာသာရေး၊ ယဉ်ကျေးမှု၊ အစိုးရဆိုင်ရာကိစ္စ၊ ဖျော်ဖြေမှု၊ အပန်းဖြေမှု စသည့်ကိစ္စများအတွက် အချိန်ကာလအပိုင်းအခြားတစ်ခုခုအတွက်ဖြစ်စေ၊ အခိုက်အတန့်ဖြစ်စေ၊ အချိန်တစ်ဆက်တည်းဖြစ်စေ အများပြည်သူဝင်ထွက်ခွင့်၊ အသုံးပြုခွင့်ရှိသော အဆောက်အအုံ၊ မြေနေရာ၊ ကုန်းလမ်း၊ ရထားလမ်း၊ ရေလမ်းကြောင်း သို့မဟုတ် အလားတူအခြားနေရာအစိတ်အပိုင်းတစ်ခုခုကို ဆိုသည်။

(ဘ) **ရန်ပုံငွေ**ဆိုသည့် စကားရပ်တွင် အောက်ပါတို့ ပါဝင်သည် -

(၁) ထိတွေ့၍ရနိုင်သည်ဖြစ်စေ၊ မရနိုင်သည်ဖြစ်စေ၊ ရွှေ့ပြောင်းနိုင်သည့်ပစ္စည်းဖြစ်စေ၊ မရွှေ့မပြောင်းနိုင်သည့်ပစ္စည်းဖြစ်စေ တစ်နည်းနည်းဖြင့်ရရှိသည့် ငွေကြေးနှင့်ပစ္စည်းများ၊ ငွေရေးကြေးရေး ပိုင်ဆိုင်မှုများနှင့် စီးပွားရေးအရင်းအမြစ်များ၊

(၂) ဘဏ်အပ်နှံငွေများ၊ ခရီးသွားချက်လက်မှတ်များ၊ ဘဏ်ချက်လက်မှတ်များ၊ ငွေပေးအမိန့်များ၊ အစုရှယ်ယာများ၊ ငွေချေးသက်သေခံလက်မှတ်များ၊ ငွေတိုက်စာချုပ်များ၊ ဘဏ်ငွေလွှဲလွှာများနှင့် ငွေထုတ်ပေးခွင့်စာများ အပါအဝင် မည်သည့်အီလက်ထရောနစ် သို့မဟုတ် ဒစ်ဂျစ်တယ်နည်းလမ်းဖြင့်မဆို ရှိသည့်ငွေကြေး၊ ပစ္စည်းပိုင်ဆိုင်ခွင့် သို့မဟုတ် အကျိုးအမြတ်များအတွက် အထောက်အထားဖြစ်သော တရားဝင်စာတမ်းအမှတ်အသားများ သို့မဟုတ် စာချုပ်စာတမ်းများ။

(မ) **ဗဟိုအဖွဲ့**ဆိုသည်မှာ ဤဥပဒေအရ ပြည်ထောင်စုအစိုးရအဖွဲ့က ဖွဲ့စည်းသော အကြမ်းဖက်မှုတိုက်ဖျက်ရေးဗဟိုအဖွဲ့ကို ဆိုသည်။

(ယ) **တပ်ဖွဲ့ဝင်များ**ဆိုသည်မှာ အကြမ်းဖက်မှုများ၊ အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုဆိုင်ရာ ပြစ်မှုများ၊ အကြမ်းဖက်အုပ်စုများနှင့် အကြမ်းဖက်သမားများအား စုံစမ်းစစ်ဆေးဖော်ထုတ်ရေး၊ သက်သေခံပစ္စည်းသိမ်းဆည်းရေး၊ ထိန်းချုပ်ရေးနှင့် အရေးယူရေးတို့အတွက် ဤဥပဒေအရ ဖွဲ့စည်း၍ လုပ်ငန်းတာဝန်များကို သတ်မှတ်ပေးသော စုံစမ်းစစ်ဆေးရေးအဖွဲ့များ၊ တားဆီးနှိမ်နင်းရေးတပ်ဖွဲ့များ၊ ငွေကြေးဆိုင်ရာစုံစမ်းထောက်လှမ်းရေးတပ်ဖွဲ့နှင့် အထူးတပ်ဖွဲ့များ၏ အရာရှိများ အပါအဝင် တပ်ဖွဲ့ဝင်အဆင့်အတန်းအားလုံးကို ဆိုသည်။

## အခန်း (၂)
## ရည်ရွယ်ချက်

၄။ ဤဥပဒေ၏ရည်ရွယ်ချက်မှာ အောက်ပါအတိုင်းဖြစ်သည် -

(က) လူသားတို့၏ အသက်နှင့်ပစ္စည်းဥစ္စာတို့ကိုလည်းကောင်း၊ အခြေခံအဆောက်အအုံများနှင့် သဘာဝပတ်ဝန်းကျင်ကိုလည်းကောင်း အကြမ်းဖက်မှုကျူးလွန်ခြင်းအား တားဆီးကာကွယ်ရန်၊

(ခ) နိုင်ငံတော်၏ အုပ်ချုပ်ရေး၊ စီးပွားရေးနှင့် လူမှုရေးကဏ္ဍများတွင် နည်းလမ်းမျိုးစုံ အသုံးပြု၍ အကြမ်းဖက်မှုကျူးလွန်ခြင်းမှ ကာကွယ်ရန်၊

(ဂ) အကြမ်းဖက်အုပ်စုများ၊ အကြမ်းဖက်သမားများ၊ ယင်းတို့၏လှုပ်ရှားမှုများ၊ လှုံ့ဆော်မှုများ၊ အကြမ်းဖက်မှုကိုဖြစ်စေသည့် အကြောင်းအရင်းများနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုဆိုင်ရာပြစ်မှုများအား ဖော်ထုတ်၍ ကာကွယ်တားဆီးအရေးယူရန်၊

(ဃ) အကြမ်းဖက်မှုများအား ကာကွယ်ရေးနှင့်တားဆီးနှိမ်နင်းရေးတို့ကို ဆောင်ရွက်ရာတွင် အကြမ်းဖက်မှုတိုက်ဖျက်ရေးနှင့်စပ်လျဉ်းသည့် ကုလသမဂ္ဂအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းများ၊ ကုလသမဂ္ဂလုံခြုံရေးကောင်စီဆုံးဖြတ်ချက်များ၊ အကြမ်းဖက်မှုတိုက်ဖျက်ရေးနှင့်စပ်လျဉ်းသည့် အာဆီယံကွန်ဗင်းရှင်းတို့နှင့် လိုက်လျောညီထွေ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်၊

(င) ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံများ၊ အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများ၊ ဒေသဆိုင်ရာအဖွဲ့အစည်းများနှင့် ညှိနှိုင်းပူးပေါင်း၍ ကမ္ဘာ့ငြိမ်းချမ်းရေးနှင့်ဒေသတွင်း ငြိမ်းချမ်းရေးကို ပူးပေါင်းထိန်းသိမ်းစောင့်ရှောက်ရန်။

## အခန်း (၃)
## ဗဟိုအဖွဲ့ ဖွဲ့စည်းခြင်းနှင့် ယင်း၏တာဝန်နှင့်လုပ်ပိုင်ခွင့်များ

၅။ ပြည်ထောင်စုအစိုးရအဖွဲ့သည် -

(က) ပြည်ထဲရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးက ဥက္ကဋ္ဌအဖြစ်လည်းကောင်း၊ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနများ၊ အစိုးရဌာနနှင့်အဖွဲ့အစည်းများမှ တာဝန်ရှိပုဂ္ဂိုလ်များက အဖွဲ့ဝင်များအဖြစ်လည်းကောင်း ပါဝင်သည့် အကြမ်းဖက်မှုတိုက်ဖျက်ရေးဗဟိုအဖွဲ့ကို ဖွဲ့စည်းရမည်။

(ခ) ဗဟိုအဖွဲ့ကို လိုအပ်ပါက ပြင်ဆင်ဖွဲ့စည်းနိုင်သည်။

၆။ ဗဟိုအဖွဲ့၏တာဝန်နှင့်လုပ်ပိုင်ခွင့်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) အကြမ်းဖက်မှုတိုက်ဖျက်ရေးနှင့်စပ်လျဉ်း၍ မူဝါဒများ၊ လမ်းညွှန်ချက်များနှင့် စီမံချက်များ ချမှတ်ခြင်း၊

(ခ) လိုအပ်သော လုပ်ငန်းကော်မတီများနှင့် အဖွဲ့များကို ဖွဲ့စည်း၍ လုပ်ငန်းတာဝန်များ သတ်မှတ်ပေးခြင်း၊ လမ်းညွှန်ခြင်းနှင့် ကြီးကြပ်ခြင်း၊

(ဂ) လုပ်ငန်းကော်မတီများ၊ အဖွဲ့များ၊ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနများ၊ အစိုးရဌာန အဖွဲ့အစည်းများအား ပူးပေါင်းဆောင်ရွက်ရေးအတွက် ညှိနှိုင်းပေးခြင်း၊ လမ်းညွှန်ခြင်းနှင့် ကြီးကြပ်ခြင်း၊

(ဃ) အပြည်ပြည်ဆိုင်ရာ ငြိမ်းချမ်းရေး၊ လုံခြုံရေးနှင့် တည်ငြိမ်ရေးကို ခြိမ်းခြောက်သည့် ဇီဝ၊ ဓာတုနှင့် နျူကလီးယားလက်နက်များ၊ ရေဒီယိုသတ္တိကြွဒြပ်ပစ္စည်းများပါဝင်သည့် အဖျက်စွမ်းအား ကြီးမားသော လက်နက်များအား တားဆီးကာကွယ်ရေး၊ ဖယ်ရှားရေးနှင့် ဖျက်ဆီးရေးတို့အတွက် လိုအပ်သောအစီအမံများ ချမှတ်ဆောင်ရွက်ခြင်း၊

(င) ပြည်ထောင်စုအစိုးရအဖွဲ့၏ အတည်ပြုချက်ဖြင့်ဖြစ်စေ၊ ကမ္ဘာ့ကုလသမဂ္ဂလုံခြုံရေးကောင်စီ၏ ကြေညာချက်အရဖြစ်စေ အဖွဲ့အစည်း၊ အသင်းအဖွဲ့ သို့မဟုတ် အုပ်စုတစ်ခုခုအား အကြမ်းဖက် အုပ်စုအဖြစ်လည်းကောင်း၊ သူတစ်ဦးဦးအားအကြမ်းဖက်သမားအဖြစ်လည်းကောင်း သတ်မှတ် ကြေညာခြင်းနှင့် ကြေညာချက်ကို ပြန်လည်ရုပ်သိမ်းခြင်း၊

(စ) အကြမ်းဖက်မှုများအား တားဆီးနှိမ်နင်းရေးနှင့်တိုက်ဖျက်ရေးတို့အတွက် ဤဥပဒေအခန်း (၁၅) ပါ ပြဋ္ဌာန်းချက်များနှင့်အညီ အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများ၊ ဒေသဆိုင်ရာအဖွဲ့အစည်းများနှင့် လည်းကောင်း၊ အကြမ်းဖက်မှုတိုက်ဖျက်ရေးနှင့်စပ်လျဉ်းသည့် အပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဝင် နိုင်ငံများနှင့်လည်းကောင်း ညှိနှိုင်းပူးပေါင်းဆောင်ရွက်ခြင်း၊

(ဆ) အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းဝင်နိုင်ငံများ၊ ဒေသဆိုင်ရာအဖွဲ့အစည်းဝင်နိုင်ငံများနှင့် ဤဥပဒေ အခန်း (၁၆) ပါ ပြဋ္ဌာန်းချက်များနှင့်အညီ အကြမ်းဖက်သမားများအား အပြန်အလှန် လွှဲပြောင်း ပေးရန် ခွင့်ပြုမိန့်ထုတ်ပေးခြင်းနှင့် ငြင်းပယ်ခြင်း၊

(ဇ) ဤဥပဒေအခန်း (၁၈) ပါ ပြဋ္ဌာန်းချက်များနှင့်အညီ တည်ထောင်ထားရှိသော အကြမ်းဖက်မှု တားဆီးကာကွယ်ရေးနှင့် တိုက်ဖျက်ရေးရန်ပုံငွေအား စီမံခန့်ခွဲခြင်းနှင့် သုံးစွဲခြင်း၊

(စျ) အကြမ်းဖက်မှုများအား တားဆီးနှိမ်နင်းရာတွင်ပါဝင်ပြီး ရဲရဲရင့်ရင့် ရှုပ်ရှုပ်ချွံချွံထိရောက်စွာ တားဆီးနှိမ်နင်းသည့် တပ်ဖွဲ့ဝင်များ၊ အရာထမ်း၊ အမှုထမ်းများနှင့် ပြည်သူများအား ဂုဏ်ပြု ချီးမြှင့်ခြင်း၊

(ည) အကြမ်းဖက်သမား သို့မဟုတ် အကြမ်းဖက်အုပ်စု၏ ကြံစည်အားထုတ်မှုကို ကြိုတင်သတင်း ပေးသူ၏ လုံခြုံရေးကိုဖြစ်စေ၊ အရေးယူမှု သို့မဟုတ် တရားစွဲဆိုမှုများတွင် သတင်းပေးသူနှင့် သက်သေများ၏လုံခြုံရေးကိုဖြစ်စေ ထိရောက်စွာကာကွယ်စောင့်ရှောက်မှုပေးနိုင်ရေးအတွက် လိုအပ်သည့်အစီအစဉ်များ ချမှတ်ဆောင်ရွက်ခြင်း၊

(ဋ) ပုဒ်မ ၆ ပုဒ်မခွဲ (င) အရ အကြမ်းဖက်သမား သို့မဟုတ် အကြမ်းဖက်အုပ်စုအဖြစ် ကြေညာသည့် အခါ ယင်းအကြမ်းဖက်သမား သို့မဟုတ် အကြမ်းဖက်အုပ်စုပိုင်ပစ္စည်းများနှင့် ရန်ပုံငွေများကို ထိန်းချုပ်ရန် အမိန့်ထုတ်ပြန်ခြင်း၊

(ဌ) ကုလသမဂ္ဂလုံခြုံရေးကောင်စီနှင့် ဗဟိုအဖွဲ့က အကြမ်းဖက်သမား သို့မဟုတ် အကြမ်းဖက်အုပ်စု အဖြစ် ကြေညာထားရာမှ ပြန်လည်ရုပ်သိမ်းသည့်အခါ အထက်အပိုဒ် (ဋ) ပါ ပစ္စည်းနှင့် ရန်ပုံငွေ များအပေါ် ထိန်းချုပ်ခြင်းအမိန့်အား ပယ်ဖျက်ခြင်း၊

(ဍ) သဘောရိုးဖြင့်ဆောင်ရွက်ပေးသော အမှန်တကယ် ကြားလူ၏အကျိုးစီးပွားကို မထိခိုက်စေရန် ကာကွယ်စောင့်ရှောက်ပေးခြင်း၊

(ဎ) အထက်အပိုဒ် (ဋ) မှ (ဍ) ထိ လုပ်ငန်းစဉ်ဆိုင်ရာမူဝါဒနှင့် လုပ်ထုံးလုပ်နည်းများ ချမှတ်၍ တာဝန်ယူဆောင်ရွက်သည့်ဌာန သို့မဟုတ် တပ်ဖွဲ့၏ အကောင်အထည်ဖော်ဆောင်မှုကို လမ်းညွှန် ကွပ်ကဲခြင်း၊

(ဏ) အကြမ်းဖက်မှုကျူးလွန်ရန် သို့မဟုတ် အကြမ်းဖက်ငွေကြေးထောက်ပံ့ရန် ရည်ရွယ်ချက်ဖြင့် အစိုးရ မဟုတ်သော အဖွဲ့အစည်းများ သို့မဟုတ် အကျိုးအမြတ်မရည်ရွယ်သော အဖွဲ့အစည်းများအား

အသွင်ယူဖွဲ့စည်းခြင်း သို့မဟုတ် ငွေကြေးထောက်ပံ့ရာလမ်းကြောင်းအဖြစ် အသုံးပြုခြင်း သို့မဟုတ် လမ်းကြောင်းပြောင်းခြင်း သို့မဟုတ် ဖုံးကွယ်ခြင်းမပြုနိုင်စေရန် လိုအပ်သော လမ်းညွှန်မှုနှင့် လုပ်ထုံးလုပ်နည်းများ ချမှတ်ခြင်း၊

(တ) အကြမ်းဖက်မှုအား ဖော်ထုတ်အရေးယူနိုင်ရေးအတွက် သက်ဆိုင်ရာလုပ်ငန်းကော်မတီများ၊ တားဆီးနှိမ်နင်းရေးအဖွဲ့အစည်းများ၊ အစိုးရဌာနအဖွဲ့အစည်းများနှင့် အများပြည်သူသို့ အသိပညာပေးရေးနှင့် စွမ်းဆောင်ရည်မြှင့်တင်ရေးလုပ်ငန်းများအား လမ်းညွှန်ခြင်းနှင့်ကြီးကြပ်ခြင်းများ ဆောင်ရွက်ခြင်း၊

(ထ) အကြမ်းဖက်မှုတားဆီးနှိမ်နင်းရေး၊ တိုက်ဖျက်ရေးတို့နှင့်စပ်လျဉ်း၍ ဗဟိုအဖွဲ့၏ဆောင်ရွက်ချက်များကို ပြည်ထောင်စုအစိုးရအဖွဲ့သို့ အခါအားလျော်စွာ အစီရင်ခံတင်ပြခြင်းနှင့် ပြည်ထောင်စုအစိုးရအဖွဲ့က ပေးအပ်သည့် အခြားတာဝန်များကို ထမ်းဆောင်ခြင်း။

## အခန်း (၄)

## မြို့ပြလေကြောင်းပျံသန်းရေးနှင့်လေဆိပ်တို့ကို ဘေးအန္တရာယ်ဖြစ်စေသည့် ဥပဒေမဲ့ပြုလုပ်မှုများအား တားဆီးနှိမ်နင်းရေးနှင့်တိုက်ဖျက်ရေး

၇။ မည်သူမဆို လေယာဉ်ဝန်ဆောင်မှုပေးချိန် လေယာဉ်ပေါ်၌ အောက်ပါတစ်ခုခုကို ဥပဒေနှင့်မညီဘဲ တမင်ကျူးလွန်ပါက မြို့ပြလေကြောင်းပျံသန်းရေးနှင့် လေဆိပ်တို့အား ဘေးအန္တရာယ်ဖြစ်စေသည့် ပြစ်မှုဖြစ်သည် -

(က) သူတစ်ဦးဦးက လေယာဉ်ပေါ်တွင် ပြစ်မှုဆိုင်ရာဥပဒေတစ်ရပ်ရပ်ကို ဆန့်ကျင်ဖောက်ဖျက်ကျူးလွန်မှု၊

(ခ) လေယာဉ်ဝန်ဆောင်မှုပေးချိန် လေယာဉ်ကို ဘေးအန္တရာယ်ဖြစ်စေတန်ရာအောင် လေယာဉ်ပေါ်ရှိသူကို အတင်းအဓမ္မပြုလုပ်မှု၊

(ဂ) မြို့ပြလေကြောင်းပျံသန်းရေးကို ဘေးအန္တရာယ်ဖြစ်စေသည့် အတင်းအဓမ္မပြုလုပ်မှု၊

(ဃ) လေယာဉ်ပေါ်ရှိ ခရီးသည်များ၊ လေယာဉ်အမှုထမ်းများ သို့မဟုတ် ပစ္စည်းများကို ဘေးအန္တရာယ်ဖြစ်စေမှု၊

(င) လေယာဉ်ပေါ်တွင် အစီအစဉ်တကျရှိမှုနှင့် စည်းကမ်းသေဝပ်မှုကို ဘေးအန္တရာယ်ဖြစ်စေမှု၊

(စ) လေယာဉ်ပေါ်တွင် လိုက်ပါသူက လေယာဉ်မှူးအား အင်အားသုံး၍ဖြစ်စေ၊ ဘေးအန္တရာယ်ဖြစ်စေမည်ဟု ခြိမ်းခြောက်၍ဖြစ်စေ လေယာဉ်ပျံသန်းမောင်းနှင်မှုကို ဝင်ရောက်နှောင့်ယှက်မှု၊ အတင်းအဓမ္မဖမ်းဆီးမှု သို့မဟုတ် လေယာဉ်ဝန်ဆောင်မှုပေးချိန် ဥပဒေနှင့်မညီဘဲ ကြီးကြပ်ထိန်းကျောင်းမောင်းနှင်ပျံသန်းစေမှု၊

(ဆ) ပုဒ်မခွဲ (က) မှ (စ) ထိ ပါရှိသော ပြုလုပ်မှုတစ်ခုခုကျူးလွန်ရန် အားထုတ်မှု၊ အားပေးကူညီမှု၊ လှုံ့ဆော်မှု သို့မဟုတ် ထိုပြစ်မှုကျူးလွန်ရာတွင် ကြံရာပါအဖြစ် ပါဝင်ဆောင်ရွက်မှု။

၈။ မည်သူမဆို ဥပဒေနှင့်မညီဘဲ အောက်ပါပြုလုပ်မှုတစ်ခုခုကို တမင်ပြုလုပ်လျှင် လေယာဉ်ကို ဥပဒေမဲ့သိမ်းပိုက်သည့် ပြစ်မှုကျူးလွန်ရာရောက်သည် -

(က) အတင်းအဓမ္မ အင်အားသုံး၍ဖြစ်စေ၊ ခြိမ်းခြောက်၍ဖြစ်စေ၊ အတင်းအဓမ္မတိုက်တွန်း၍ဖြစ်စေ၊ အခြားသောနည်းလမ်းတစ်ခုခုဖြင့် ထိတ်လန့်ကြောက်ရွံ့အောင် ခြောက်လှန့်၍ဖြစ်စေ၊ အခြားခေတ်မီနည်းပညာတစ်ခုခုဖြင့်ဖြစ်စေ လေယာဉ်ကိုသိမ်းပိုက်မှု သို့မဟုတ် လေယာဉ်ဝန်ဆောင်မှုပေးချိန် ပျံသန်းမှုကို ထိန်းချုပ်မှု၊

(ခ) သူတစ်ဦးဦးအား သေစေရန် သို့မဟုတ် အပြင်းအထန်ဒဏ်ရာရစေရန်သော်လည်းကောင်း၊ ပစ္စည်းကိုဖြစ်စေ၊ ပတ်ဝန်းကျင်ကိုဖြစ်စေ ဆိုးရွားစွာထိခိုက်ပျက်စီးစေရန်သော်လည်းကောင်း ဝန်ဆောင်မှုပေးလျက်ရှိသောလေယာဉ်ကို အသုံးပြုမှု၊

(ဂ) မြို့ပြလေကြောင်းပျံသန်းရေးကို ဝန်ဆောင်မှုပေးနေသောလေဆိပ်အား ဥပဒေနှင့်မညီဘဲ တမင်ပြုလုပ်သည့် ပြစ်မှုတစ်ခုခုကျူးလွန်ရန် ခြိမ်းခြောက်မှု သို့မဟုတ် အခြေအနေအရ ယုံကြည်ရသည့် ထိုခြိမ်းခြောက်မှုကို သူတစ်ဦးဦးအား လက်ခံစေမှု၊

(ဃ) လေယာဉ်ဝန်ဆောင်မှုပေးချိန်၌ သူတစ်ဦးဦးကို သေစေခြင်း၊ အပြင်းအထန်ဒဏ်ရာရရှိစေခြင်း သို့မဟုတ် အခြေခံအဆောက်အအုံဆိုင်ရာအသုံးအဆောင်ပစ္စည်းများ သို့မဟုတ် နိုင်ငံတော် သို့မဟုတ် နိုင်ငံတော်အစိုးရအဆောက်အအုံနှင့် အသုံးအဆောင်ပစ္စည်းများကို ဆိုးရွားစွာထိခိုက်ပျက်စီးစေသည့် သို့မဟုတ် ထိုသို့ဖြစ်စေတန်ရာနိုင်သည့် ဇီဝ၊ ဓာတုနှင့် နျူကလီးယားလက်နက်၊ ပေါက်ကွဲစေတတ်သော ဝတ္ထုပစ္စည်း၊ ရေဒီယိုသတ္တိကြွဒြပ်ပစ္စည်း သို့မဟုတ် အလားတူ ကိရိယာ သို့မဟုတ် အရာဝတ္ထုဖြင့် လေယာဉ်ကို ထိခိုက်ပျက်စီးစေမှု၊ ထိုလေယာဉ်ပေါ်တွင် အသုံးပြုမှု သို့မဟုတ် ထိုကိရိယာ သို့မဟုတ် အရာဝတ္ထုကို လေယာဉ်ပေါ်မှ စွန့်ပစ်မှု သို့မဟုတ် ပစ်ချမှု၊

(င) ပုဒ်မခွဲ (ဃ) ပါ ဇီဝ၊ ဓာတုနှင့် နျူကလီးယားလက်နက်၊ ပေါက်ကွဲစေတတ်သော ဝတ္ထုပစ္စည်း၊ ရေဒီယိုသတ္တိကြွဒြပ်ပစ္စည်း၊ ထိုပစ္စည်းများထုတ်လုပ်ရန် အရင်းအမြစ်ပစ္စည်းများ၊ ဇီဝ၊ ဓာတုနှင့် နျူကလီးယားလက်နက်များကို ပုံစံထုတ်ခြင်း၊ ထုတ်လုပ်ခြင်း သို့မဟုတ် ပေးအပ်ခြင်းပြုရာတွင် အသုံးပြုသည့်နည်းပညာနှင့် ဆက်စပ်သည့်ဆော့ဝဲများ သို့မဟုတ် အလားတူကိရိယာ သို့မဟုတ် အရာဝတ္ထုကိုလေယာဉ်ဖြင့် သယ်ယူပို့ဆောင်မှု၊ သယ်ယူပို့ဆောင်စေမှု သို့မဟုတ် သယ်ယူပို့ဆောင်ရေးအတွက် ဖြည့်ဆည်းစီမံဆောင်ရွက်ပေးမှု၊

(စ) ပုဒ်မခွဲ (က) မှ (င) အထိ ပါရှိသော ဆောင်ရွက်မှုတစ်ခုခုကို ပြုလုပ်ရန် အားထုတ်မှု၊ အားပေးကူညီမှု၊ လှုံ့ဆော်မှု သို့မဟုတ် ကြံရာပါအဖြစ် ပါဝင်ဆောင်ရွက်မှု။

၉။ မည်သူမဆို လေယာဉ်ဝန်ဆောင်မှုပေးချိန်တွင် ဥပဒေနှင့်မညီဘဲ အောက်ပါပြုလုပ်မှုတစ်ခုခုကို တမင်ကျူးလွန်လျှင် မြို့ပြလေကြောင်းပျံသန်းရေးအား ဘေးအန္တရာယ်ဖြစ်စေသည့်ပြစ်မှုဖြစ်သည် -

(က) လေယာဉ်ဝန်ဆောင်မှုပေးချိန် လေယာဉ်ပေါ်တွင် လေယာဉ်ဘေးကင်းလုံခြုံမှုကို အန္တရာယ်ဖြစ်စေတန်ရာအောင် လေယာဉ်ပေါ်ရှိသူတစ်ဦးဦးကို အတင်းအဓမ္မပြုလုပ်မှု၊

(ခ) လေယာဉ်ကိုပျက်စီးစေရန်သော်လည်းကောင်း၊ လေယာဉ်ကို ပျံသန်းခြင်းမပြုနိုင်စေရန်သော်လည်းကောင်း၊ လေယာဉ်ပျံသန်းစဉ် ဘေးအန္တရာယ်ဖြစ်ပေါ်စေတန်ရာအောင်သော်လည်းကောင်း ဝန်ဆောင်မှုပေးနေသည့် လေယာဉ်အား ဖျက်ဆီးမှု၊ ထိခိုက်ပျက်စီးစေမှု သို့မဟုတ် လေယာဉ်ပျက်စီးစေနိုင်သည့် ကိရိယာ သို့မဟုတ် အရာဝတ္ထုတစ်ခုခုကို လေယာဉ်ပေါ်၌ချထားမှု သို့မဟုတ် ထားရှိစေမှု၊

(ဂ) လေယာဉ်ပျံသန်းစဉ် ဘေးအန္တရာယ်ဖြစ်စေရန် လေကြောင်းလမ်းညွှန်ဆိုင်ရာအဆောက်အအုံ စနစ်များနှင့် ဆက်သွယ်ရေးအသုံးအဆောင်ပစ္စည်းများကို ဖျက်ဆီးမှု၊ ထိခိုက်ပျက်စီးစေမှု သို့မဟုတ် လေကြောင်းလမ်းညွှန်လုပ်ငန်းဆောင်ရွက်မှုကို ဝင်ရောက်နှောင့်ယှက်မှု၊

(ဃ) လေယာဉ်ပျံသန်းမှုအား ဘေးအန္တရာယ်ဖြစ်စေရန် မမှန်ကန်သောသတင်းအချက်အလက်များကို သိလျက်နှင့် ဆက်သွယ်ပေးပို့မှု၊

(င) ပုဒ်မခွဲ (က) မှ (ဃ) ထိ ပါရှိသော ပြုလုပ်မှုတစ်ခုခုကို ကျူးလွန်ရန် အားထုတ်မှု၊ အားပေးကူညီမှု၊ လှုံ့ဆော်မှု သို့မဟုတ် ထိုပြစ်မှုကျူးလွန်ရာတွင် ကြံရာပါအဖြစ် ပါဝင်ဆောင်ရွက်မှု။

၁၀။ မည်သူမဆို ဥပဒေနှင့်မညီဘဲ အောက်ပါပြုလုပ်မှုတစ်ခုခုကို ရည်ရွယ်ချက်ဖြင့် ပြုလုပ်လျှင် မြို့ပြလေကြောင်းပျံသန်းရေးကို ဝန်ဆောင်မှုပေးနေသောလေဆိပ်အား ဥပဒေနှင့်မညီဘဲ အတင်းအဓမ္မပြုလုပ်သည့်ပြစ်မှုဖြစ်သည် -

(က) မြို့ပြလေကြောင်းပျံသန်းရေးကို ဝန်ဆောင်မှုပေးနေသူတစ်ဦးဦးအား အပြင်းအထန်နာကျင်စေခြင်း သို့မဟုတ် သေဆုံးစေခြင်းကိုဖြစ်စေ၊ ယင်းသို့ ဖြစ်စေတန်ရာသော အတင်းအဓမ္မပြုလုပ်မှုတစ်ခုခုကိုဖြစ်စေ လုပ်ဆောင်မှု၊

(ခ) လေဆိပ်ကို ဘေးအန္တရာယ်ဖြစ်စေရန်သော်လည်းကောင်း၊ ဖြစ်ပေါ်စေတန်ရာအောင်သော်လည်းကောင်း မြို့ပြလေကြောင်းပျံသန်းရေးကို ဝန်ဆောင်မှုပေးနေသော လေကြောင်းပျံသန်းရေးဆိုင်ရာ အဆောက်အအုံစနစ်များနှင့် ဆက်သွယ်ရေးအသုံးအဆောင်ပစ္စည်းများကိုသော်လည်းကောင်း၊ လေဆိပ်တွင်ရှိသည့် ဝန်ဆောင်မှုလုပ်ငန်းမလုပ်ကိုင်ဘဲ ရပ်နားနေသောလေယာဉ်ကိုသော်လည်းကောင်း ဖျက်ဆီးမှု သို့မဟုတ် လေဆိပ်ဝန်ဆောင်မှုများကို ဝင်ရောက်နှောင့်ယှက်မှု၊

(ဂ) ပျံသန်းနေသောလေယာဉ်ကို ဘေးအန္တရာယ်ဖြစ်စေရန် သို့မဟုတ် မြို့ပြလေကြောင်းပို့ဆောင်ရေးအတွက် ဝန်ဆောင်မှုပေးနေသောလေဆိပ်ကို ဘေးအန္တရာယ်ဖြစ်စေရန်အလို့ငှာ ဝန်ဆောင်မှုပေးသူတစ်ဦးဦးအား ဥပဒေနှင့်မညီညွတ်သော ဆောင်ရွက်မှုကိုပြုစေရန် သို့မဟုတ် ဥပဒေနှင့်ညီညွတ်သော ဆောင်ရွက်မှုကို မပြုနိုင်စေရန် ခြိမ်းခြောက်ခြင်း သို့မဟုတ် အတင်းအကျပ်ပြုလုပ်ခြင်း၊

(ဃ) ပုဒ်မခွဲ (က) မှ (ဂ) ထိ ပါရှိသော ပြုလုပ်မှုတစ်ခုခုကို ကျူးလွန်ရန် အားထုတ်မှု၊ အားပေးကူညီမှု၊ လှုံ့ဆော်မှု သို့မဟုတ် ထိုပြစ်မှုတစ်ခုခုကျူးလွန်ရာတွင် ကြံရာပါအဖြစ် ပါဝင်လုပ်ဆောင်မှု။

**လေယာဉ်မှူး၏တာဝန်နှင့်လုပ်ပိုင်ခွင့်**

၁၁။ နိုင်ငံတော်၏လေဆိပ်တစ်ခုခုမှ ပြည်ပသို့ ပျံသန်းထွက်ခွာသွားသည့် လေယာဉ် သို့မဟုတ် နိုင်ငံတော်၏လေဆိပ်တစ်ခုခုသို့ ဆင်းသက်မည့်လေယာဉ်၏လေယာဉ်မှူးသည် လေယာဉ်ဝန်ဆောင်မှုပေးချိန်တွင် လေယာဉ်ပေါ်၌ ဥပဒေနှင့်မညီဘဲ တမင်ပြုလုပ်သည့် ပြစ်မှုကျူးလွန်ခဲ့သည်ဟုသော်လည်းကောင်း၊ သို့မဟုတ် ကျူးလွန်တော့မည်ဟုသော်လည်းကောင်း ယုံကြည်ရပြီး လေယာဉ် သို့မဟုတ် လေယာဉ်ပေါ်ရှိလူများ၊ ပစ္စည်းများအား ဘေးအန္တရာယ်မဖြစ်စေရန် ကာကွယ်ရေးအတွက်လည်းကောင်း၊ လေယာဉ်ပေါ်တွင် စည်းကမ်းထိန်းသိမ်းရေးအတွက်လည်းကောင်း ချက်ချင်းအရေးပေါ်ဆောင်ရွက်ရန်လိုအပ်သည့်အခါ -

(က) ထိုကျူးလွန်သူအား ရဲဌာနဆိုင်ရာ သို့မဟုတ် လူဝင်မှုကြီးကြပ်ရေးဌာနဆိုင်ရာ တာဝန်ရှိသူထံသို့ အပ်နှံရန်ဖြစ်စေ၊ လေယာဉ်ပေါ်မှ ဆင်းစေရန်ဖြစ်စေ ထိုသူကို ဖမ်းဆီးထိန်းသိမ်းခြင်း၊ ယင်းသို့ ဖမ်းဆီးထိန်းသိမ်းရေးအတွက် လေယာဉ်အမှုထမ်းများနှင့် ခရီးသည်များ၏အကူအညီကို ရယူခြင်း သို့မဟုတ် ဖမ်းဆီးထိန်းသိမ်းစေရန် အခွင့်အာဏာပေးခြင်း အပါအဝင် အခြားသင့်လျော်သော အရေးယူဆောင်ရွက်မှုများ ပြုနိုင်သည်။

(ခ) ဥပဒေနှင့်မညီဘဲ သိမ်းပိုက်ခံရသည့် လေယာဉ်အား နိုင်ငံတော်၏ သို့မဟုတ် အခြားနိုင်ငံတစ်နိုင်ငံ၏ လေယာဉ်ကွင်းသို့ မဆင်းသက်မီ လေယာဉ်ပေါ်ရှိ အခြေအနေအရပ်ရပ်အား မြို့ပြလေကြောင်းဆိုင်ရာ တာဝန်ရှိသူထံသို့ ဖြစ်နိုင်သမျှ ချက်ချင်းအကြောင်းကြားရမည်။

၁၂။ (က) နိုင်ငံတော်၏မြို့ပြလေကြောင်းဆိုင်ရာတာဝန်ရှိသူသည် ပုဒ်မ ၁၁ အရ အကြောင်းကြားချက်ကို လက်ခံရရှိသည့်အခါ နိုင်ငံတော်တွင်ဖြစ်စေ၊ အခြားနိုင်ငံတစ်ခုတွင်ဖြစ်စေ မှတ်ပုံတင်ထားသည့် လေယာဉ်၏လေယာဉ်မှူးကို ထိုဥပဒေနှင့်မညီဘဲ တမင်ပြုလုပ်သည့် ပြစ်မှုကျူးလွန်သူအား လေယာဉ်ပေါ်မှဆင်းစေရန် ခွင့်ပြုရမည်။

(ခ) လေယာဉ်မှူးသည် နိုင်ငံတော်၏လေဆိပ်သို့ဖြစ်စေ၊ အခြားနိုင်ငံတစ်နိုင်ငံ၏ လေယာဉ်ကွင်းသို့ ဖြစ်စေ လေယာဉ်ဆင်းသက်ပြီးသည့်အခါ ဤအခန်းပါ ဥပဒေနှင့်မညီဘဲ တမင်ပြုလုပ်သည့် ပြစ်မှုတစ်ခုခုကို ကျူးလွန်သည်ဟု ယုံကြည်ရသူအား ရဲဌာနဆိုင်ရာ သို့မဟုတ် လူဝင်မှု ကြီးကြပ်ရေးဌာနဆိုင်ရာတာဝန်ရှိသူထံသို့ သက်သေခံအထောက်အထားများနှင့်အတူ ဖြစ်နိုင်သမျှ ဆောလျင်စွာ လွှဲအပ်နိုင်သည်။

(ဂ) ရဲဌာနဆိုင်ရာ သို့မဟုတ် လူဝင်မှုကြီးကြပ်ရေးဌာနဆိုင်ရာတာဝန်ရှိသူသည် ပုဒ်မခွဲ (ဂ) အရ လွှဲအပ်ပေးသောဥပဒေနှင့်မညီဘဲ တမင်ပြုလုပ်သည့် ပြစ်မှုကျူးလွန်သူအား လက်ခံပြီးနောက် ဤဥပဒေအခန်း (၁၆) ပါ ပြဋ္ဌာန်းချက်များနှင့်အညီ သက်ဆိုင်ရာနိုင်ငံသို့ လွှဲပြောင်းပေးနိုင်သည်။

(ဃ) လေယာဉ်ဝန်ဆောင်မှုပေးချိန်တွင် ပုဒ်မခွဲ (က)၊ (ခ) နှင့် (ဂ) တို့ပါ ပြဋ္ဌာန်းချက်များနှင့်အညီ တာဝန်အရဆောင်ရွက်ရသောပုဂ္ဂိုလ်များက လိုအပ်သလို အရေးယူဆောင်ရွက်ချက်များနှင့် စပ်လျဉ်း၍ ထိုပုဂ္ဂိုလ်များအား ပြစ်မှုကြောင်းအရသော်လည်းကောင်း၊ တရားမကြောင်းအရ သော်လည်းကောင်း အရေးယူခြင်းမပြုရ။

၁၃။ လေယာဉ်ဝန်ဆောင်မှုပေးချိန်တွင် လေယာဉ်ပေါ်၌ ဥပဒေနှင့်မညီဘဲ တမင်ပြုလုပ်သည့်ပြစ်မှု ကျူးလွန်ခဲ့ပြီးဖြစ်ကြောင်း သို့မဟုတ် ကျူးလွန်တော့မည်ဖြစ်ကြောင်း ရရှိသည့်သတင်းအချက်အလက်မှာ ယုံကြည်ရသောအထောက်အထားရှိသည့်အခါ ဗဟိုအဖွဲ့ကဖြစ်စေ၊ ဗဟိုအဖွဲ့က လွှဲအပ်သည့် လုပ်ငန်း ကော်မတီနှင့် သက်ဆိုင်ရာအစိုးရဌာန သို့မဟုတ် အဖွဲ့အစည်းတို့ကဖြစ်စေ အောက်ပါကိစ္စရပ်များနှင့် စပ်လျဉ်း၍ လိုအပ်သလို စီစဉ်ဆောင်ရွက်ရမည် -

(က) လေယာဉ်ကို အန္တရာယ်ကင်းရှင်းစွာဖြင့် ဥပဒေနှင့်အညီ လေယာဉ်မှူးက ပြန်လည်ကြီးကြပ် ထိန်းကျောင်း၍ မောင်းနှင်နိုင်ရေး၊

(ခ) လေယာဉ်မှူးက နိုင်ငံတော်၏လေဆိပ်တစ်ခုခုတွင် ဆင်းသက်ခွင့် တောင်းခြင်း၊ ထိုလေယာဉ်ပေါ်မှ ဥပဒေနှင့်မညီဘဲ တမင်ပြုလုပ်သည့် ပြစ်မှုကျူးလွန်သူအား ဆင်းစေပြီး လွှဲပြောင်းအပ်နှံခြင်းတို့ကို လက်ခံခွင့်ပြုရေး၊

(ဂ) လေယာဉ်ကို ဥပဒေနှင့်မညီဘဲ တမင်သိမ်းပိုက်သည့် ပြစ်မှုကျူးလွန်သူအား ဖမ်းဆီးထိန်းသိမ်းရေး အတွက် တားဆီးနှိမ်နင်းရေးတပ်ဖွဲ့ဝင်များအား တာဝန်ပေးရေး၊

(ဃ) လေယာဉ်အမှုထမ်းများနှင့် ခရီးသည်များ ယင်းတို့၏လိုရာခရီးသို့ ဆက်လက်ထွက်ခွာနိုင်ရေး။

၁၄။ ဤအခန်းပါ လေယာဉ်နှင့်စပ်လျဉ်းသည့် ပြဋ္ဌာန်းချက်များသည် တပ်မတော်၊ စစ်ရေးစစ်ရာကိစ္စ၊ အကောက်ခွန်နှင့် ရဲတပ်ဖွဲ့တို့၏လုပ်ငန်းများတွင် အသုံးပြုသောလေယာဉ်များနှင့် မသက်ဆိုင်စေရ။

## အခန်း (၅)

## အပြည်ပြည်ဆိုင်ရာအကာအကွယ်ပေးရမည့်ပုဂ္ဂိုလ်များအပေါ် ကျူးလွန်မှုများအား တားဆီးနှိမ်နင်းရေး

၁၅။ မည်သူမဆို အပြည်ပြည်ဆိုင်ရာအကာအကွယ်ပေးရမည့်ပုဂ္ဂိုလ်အပေါ် အောက်ဖော်ပြပါ ပြုလုပ်မှု တစ်ခုခုကို ရည်ရွယ်ချက်ဖြင့် ကျူးလွန်လျှင် ပြစ်မှုဖြစ်သည် -

(က) အပြည်ပြည်ဆိုင်ရာအကာအကွယ်ပေးရမည့်ပုဂ္ဂိုလ်အပေါ် လူသတ်မှု၊ လူပြန်ပေးမှု သို့မဟုတ် ယင်း၏ခန္ဓာကိုယ်ကို အခြားနည်းဖြင့် ကျူးလွန်မှု သို့မဟုတ် လွတ်လပ်ခွင့်ကို ထိခိုက်နစ်နာစေမှု၊

(ခ) အပြည်ပြည်ဆိုင်ရာအကာအကွယ်ပေးရမည့်ပုဂ္ဂိုလ်၏ ခန္ဓာကိုယ်ကိုဖြစ်စေ၊ လွတ်လပ်ခွင့်ကိုဖြစ်စေ အန္တရာယ်ဖြစ်စေအောင် ယင်း၏တရားဝင် ပရိဝုဏ်၊ ကိုယ်တိုင်နေထိုင်သည့် အဆောက်အအုံ သို့မဟုတ် စီးနင်းသွားလာသည့်ယာဉ်ကို ပြင်းထန်စွာထိခိုက်နစ်နာစေမှု၊

(ဂ) ပုဒ်မခွဲ (က) နှင့် (ခ) တို့၌ ပါရှိသော ပြစ်မှုတစ်ခုခုကို ကျူးလွန်ရန် ခြိမ်းခြောက်မှု၊

(ဃ) ပုဒ်မခွဲ (က) မှ (ဂ) ထိ ပါရှိသောပြစ်မှုတစ်ခုခုကို ကျူးလွန်ရန် အားထုတ်မှု၊ အားပေးကူညီမှု၊ လှုံ့ဆော်မှု သို့မဟုတ် ထိုပြစ်မှုကျူးလွန်ရာတွင် ကြံရာပါအဖြစ် ပါဝင်ဆောင်ရွက်မှု။

၁၆။ သက်ဆိုင်ရာလုပ်ငန်းကော်မတီသည် အပြည်ပြည်ဆိုင်ရာအကာအကွယ်ပေးရမည့်ပုဂ္ဂိုလ်များအပေါ် အကြမ်းဖက်ကျူးလွန်မှုများမဖြစ်ပွားစေရန် ကြိုတင်ကာကွယ်ရေး၊ တားဆီးနှိမ်နင်းရေးနှင့် အရေးယူဆောင်ရွက်ရေးတို့အတွက် အစီအမံများချမှတ်ပြီးဆောင်ရွက်ခြင်း၊ တပ်ဖွဲ့ဝင်များအား ဆောင်ရွက်စေခြင်းနှင့် ကြီးကြပ်ခြင်းတို့ ပြုရမည်။

## အခန်း (၆)
## ဓားစာခံအဖြစ် ဖမ်းဆီးထိန်းသိမ်းမှုများအား တားဆီးနှိမ်နင်းရေး

၁၇။ မည်သူမဆို -

(က) သူတစ်ဦးအား ဖမ်းဆီးခြင်း သို့မဟုတ် ထိန်းသိမ်းခြင်းပြု၍ အခြားသူတစ်ဦးကဖြစ်စေ၊ နိုင်ငံတော်က ဖြစ်စေ၊ အစိုးရချင်းဖွဲ့စည်းထားသည့် အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းကဖြစ်စေ၊ ဥပဒေအရ ဖွဲ့စည်းထားသည့် အသင်းအဖွဲ့ကဖြစ်စေ၊ လူတစ်စုကဖြစ်စေ ဥပဒေနှင့်မညီညွတ်သော ဆောင်ရွက်မှုကို ပြုစေရန် သို့မဟုတ် ဥပဒေနှင့်ညီညွတ်သော ဆောင်ရွက်မှုကိုမပြုစေရန် တောင်းဆိုပြီး ယင်းတောင်းဆိုချက်ကို ငြင်းပယ်လျှင် ဓားစာခံအဖြစ် ဖမ်းဆီးထိန်းသိမ်းထားသူကို သေစေမည်၊ အပြင်းအထန်နာကျင်စေမည် သို့မဟုတ် ဆက်လက်ထိန်းသိမ်းထားမည်ဟုသော်လည်းကောင်း၊ ထိုတောင်းဆိုချက်ကို ငြင်းပယ်ခြင်းမပြုပါက ဓားစာခံအဖြစ် ထိန်းသိမ်းထားသူကို ပြန်လွှတ်ပေးမည်ဟုသော်လည်းကောင်း စည်းကမ်းချက်ထား၍ ခြိမ်းခြောက်မှုပြုလျှင် ဓားစာခံအဖြစ် ဖမ်းဆီးထိန်းသိမ်းသည့် ပြစ်မှုကျူးလွန်ရာရောက်သည်။

(ခ) ပုဒ်မခွဲ (က) ပါ ပြစ်မှုတစ်ခုခုကို ကျူးလွန်ရန်အားထုတ်မှု၊ အားပေးကူညီမှု၊ လှုံ့ဆော်မှု သို့မဟုတ် ထိုပြစ်မှုကျူးလွန်ရာတွင် ကြံရာပါအဖြစ် ပါဝင်ဆောင်ရွက်မှုပြုပါက အဆိုပါပြစ်မှုကျူးလွန်ရာ ရောက်သည်။

၁၈။ သက်ဆိုင်ရာလုပ်ငန်းကော်မတီသည် ဓားစာခံအဖြစ် ဖမ်းဆီးထိန်းသိမ်းသည့် အကြမ်းဖက် ကျူးလွန်မှုများမဖြစ်ပွားစေရန် ကြိုတင်ကာကွယ်ရေး၊ တားဆီးနှိမ်နင်းရေးနှင့် အရေးယူဆောင်ရွက်ရေးတို့ အတွက် အစီအမံများ ချမှတ်ပြီး ဆောင်ရွက်ခြင်း၊ တပ်ဖွဲ့ဝင်များအား ဆောင်ရွက်စေခြင်းနှင့် ကြီးကြပ်ခြင်းတို့ ပြုရမည်။

## အခန်း (၇)
## နျူကလီးယားဒြပ်ပစ္စည်း၊ ရေဒီယိုသတ္တိကြွဒြပ်ပစ္စည်း၊ နျူကလီးယားအဆောက်အအုံများနှင့်သက်ဆိုင်သည့် ပြစ်မှုများနှင့် ဇီဝ၊ ဓာတုနှင့်နျူကလီးယားလက်နက်များအား တားဆီးနှိမ်နင်းရေး

၁၉။ မည်သူမဆို အောက်ပါပြုလုပ်မှုတစ်ခုခုကို ရည်ရွယ်ချက်ဖြင့်ကျူးလွန်လျှင် နျူကလီးယားဒြပ်ပစ္စည်း၊ ရေဒီယိုသတ္တိကြွဒြပ်ပစ္စည်း၊ ဇီဝ၊ ဓာတုနှင့် နျူကလီးယားလက်နက်ဆိုင်ရာပြစ်မှုများဖြစ်သည် -

(က) သူတစ်ဦး၊ အဖွဲ့အစည်း၊ အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်း သို့မဟုတ် နိုင်ငံတော်ကို ဥပဒေနှင့် မညီညွတ်သော ဆောင်ရွက်မှုကိုပြုစေရန် သို့မဟုတ် ဥပဒေနှင့်ညီညွတ်သောဆောင်ရွက်မှုကို

မပြုစေရန်သော်လည်းကောင်း၊ သူတစ်ဦးဦးကို သေစေရန်၊ အပြင်းအထန် ဒဏ်ရာရစေရန်သော်လည်းကောင်း၊ ပစ္စည်း သို့မဟုတ် သဘာဝပတ်ဝန်းကျင်ကို ဆိုးရွားစွာထိခိုက်ပျက်စီးစေအောင် သို့မဟုတ် ထိုသို့တစ်စုံတစ်ရာဖြစ်စေတန်ရာအောင်သော်လည်းကောင်း ဈူကလီးယားဒြပ်ပစ္စည်း၊ ရေဒီယိုသတ္တိကြွဒြပ်ပစ္စည်း၊ ဇီဝ၊ ဓာတုနှင့် ဈူကလီးယားလက်နက်များကို တစ်နည်းနည်းဖြင့် လက်ခံမှု၊ လက်ဝယ်ထားရှိမှု၊ အသုံးပြုမှု၊ ပြုလုပ်မှု၊ လွှဲပြောင်းမှု၊ ပြောင်းလဲမှု၊ စွန့်ပစ်မှု၊ ပျံ့လွင့်စေမှု သို့မဟုတ် ဖြန့်ကြက်ချထားမှု၊

( ခ ) ဈူကလီးယားဒြပ်ပစ္စည်း၊ ရေဒီယိုသတ္တိကြွဒြပ်ပစ္စည်း၊ ဇီဝ၊ ဓာတုနှင့် ဈူကလီးယားလက်နက်များကို ခိုးယူမှု သို့မဟုတ် လုယက်မှု၊

( ဂ ) ဈူကလီးယားဒြပ်ပစ္စည်း၊ ရေဒီယိုသတ္တိကြွဒြပ်ပစ္စည်း၊ ဇီဝ၊ ဓာတုနှင့် ဈူကလီးယားလက်နက်များကို အလွဲသုံးစားပြုမှု၊

(ဃ) ဈူကလီးယားဒြပ်ပစ္စည်း၊ ရေဒီယိုသတ္တိကြွဒြပ်ပစ္စည်းများကို တုပလိမ်လည်မှု၊

( င ) ဈူကလီးယားဒြပ်ပစ္စည်း၊ ရေဒီယိုသတ္တိကြွဒြပ်ပစ္စည်း၊ ပုဒ်မ ၃၊ ပုဒ်မခွဲ (ပ) (၁) ပါ ဈူကလီးယား အဆောက်အအုံ၊ ဇီဝ၊ ဓာတုနှင့် ဈူကလီးယားလက်နက်များကို ဥပဒေနှင့်အညီ ခွင့်ပြုချက်မရရှိဘဲ ပြည်တွင်းသို့ဖြစ်စေ၊ ပြည်ပသို့ဖြစ်စေ သယ်ဆောင်မှု၊ ပေးပို့မှု သို့မဟုတ် ရွှေ့ပြောင်းမှု၊

( စ ) သူတစ်ဦး၊ အဖွဲ့အစည်း၊ အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်း သို့မဟုတ် နိုင်ငံတော်ကို ဥပဒေနှင့် မညီညွတ်သော ဆောင်ရွက်မှုကိုပြုစေရန် သို့မဟုတ် ဥပဒေနှင့်ညီညွတ်သော ဆောင်ရွက်မှုကို မပြုစေရန်အလို့ငှာ ပုဒ်မခွဲ (က) မှ (ဃ) အထိပါရှိသော ပြစ်မှုတစ်ခုခုကိုကျူးလွန်ရန် ခြိမ်းခြောက်မှု၊

(ဆ) ခြိမ်းခြောက်၍ဖြစ်စေ၊ အတင်းအဓမ္မအင်အားအသုံးပြု၍ဖြစ်စေ၊ အခြားတစ်နည်းနည်းဖြင့် ကြောက်ရွံ့အောင်ခြိမ်းခြောက်၍ဖြစ်စေ ဈူကလီးယားဒြပ်ပစ္စည်း၊ ရေဒီယိုသတ္တိကြွဒြပ်ပစ္စည်း၊ ဈူကလီးယားအဆောက်အအုံ၊ ဇီဝ၊ ဓာတုနှင့် ဈူကလီးယားလက်နက်များကို တောင်းဆိုမှု၊

( ဇ ) ပုဒ်မခွဲ (က) မှ (ဆ) ထိ ပါရှိသော ပြစ်မှုတစ်ခုခုကိုကျူးလွန်ရန် အားထုတ်မှု၊ အားပေးကူညီမှု၊ လှုံ့ဆော်မှု သို့မဟုတ် ထိုပြစ်မှုကျူးလွန်ရာတွင် ကြံရာပါအဖြစ် ပါဝင်ဆောင်ရွက်မှု။

၂၀။ မည်သူမဆို အောက်ပါပြုလုပ်မှုတစ်ခုခုကို ရည်ရွယ်ချက်ဖြင့်ကျူးလွန်လျှင် ဈူကလီးယားအဆောက်အအုံဆိုင်ရာပြစ်မှုဖြစ်သည် -

(က) နိုင်ငံတော်၏နယ်နိမိတ်အတွင်းရှိ ဈူကလီးယားအဆောက်အအုံကို တည်ဆဲဥပဒေနှင့်အညီ တာဝန်ယူဆောင်ရွက်ခြင်းမပြုဘဲ သူတစ်ဦးဦးကို သေစေရန်၊ ပြင်းထန်စွာဒဏ်ရာရစေရန်၊ ပစ္စည်း သို့မဟုတ် သဘာဝပတ်ဝန်းကျင်ကို ဆိုးရွားစွာထိခိုက်ပျက်စီးစေရန်သော်လည်းကောင်း၊ ထိုသို့တစ်စုံတစ်ရာဖြစ်စေတန်ရာအောင် ရည်ရွယ်၍သော်လည်းကောင်း ရေဒီယိုသတ္တိကြွဒြပ်ပစ္စည်းများအား သိလျက်နှင့် ထုတ်လွှတ်ခြင်း သို့မဟုတ် ထုတ်လွှင့်စေခြင်းဖြင့် ဈူကလီးယားအဆောက်အအုံများကို ဖြစ်စေ၊ ယင်းအဆောက်အအုံများ၏ လည်ပတ်ဆောင်ရွက်မှုများကိုဖြစ်စေ ထိခိုက်စေသည့် ညှနှက်ကြားမှု၊

( ခ ) ပုဒ်မခွဲ (က) ပါ ပြစ်မှုတစ်ခုခုကို ကျူးလွန်ရန် ခြိမ်းခြောက်မှု၊

( ဂ ) ခြိမ်းခြောက်၍ဖြစ်စေ၊ အတင်းအဓမ္မအင်အားအသုံးပြု၍ဖြစ်စေ၊ အခြားတစ်နည်းနည်းဖြင့် ကြောက်ရွံ့အောင်ခြိမ်းခြောက်၍ဖြစ်စေ ဈူကလီးယားအဆောက်အအုံကို တောင်းဆိုမှု၊

(ဃ) ပုဒ်မခွဲ (က) မှ (ဂ) ထိ ပါရှိသော ပြစ်မှုတစ်ခုခုကိုကျူးလွန်ရန် အားထုတ်မှု၊ အားပေးကူညီမှု၊ လှုံ့ဆော်မှု သို့မဟုတ် ထိုပြစ်မှုကျူးလွန်ရာတွင် ကြံရာပါအဖြစ် ပါဝင်ဆောင်ရွက်မှု။

၂၁။ သက်ဆိုင်ရာလုပ်ငန်းကော်မတီသည် သီးခြားသတ်မှတ်ထားသည့် ပလူတိုနီယံ အပါအဝင် ဈူကလီးယား ဒြပ်ပစ္စည်းများနှင့် နည်းပညာတင်သွင်းခြင်း၊ တင်ပို့ခြင်း၊ သယ်ယူပို့ဆောင်ခြင်း၊ သိုလှောင်ထားသိုခြင်း၊

ထုတ်လုပ်ခြင်းတို့ ဆောင်ရွက်ရာတွင် အပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းနှင့်အညီ လုံခြုံမှုအဆင့်သတ်မှတ်၍ လိုအပ်သောအစီအမံများချမှတ်ပြီး ယင်းလုံခြုံမှုအစီအမံများနှင့်အညီဖြစ်စေရန် ဆောင်ရွက်ချက်များကို ကြီးကြပ်ထိန်းချုပ်ရမည်။

၂၂။ သက်ဆိုင်ရာလုပ်ငန်းကော်မတီသည် အပြည်ပြည်ဆိုင်ရာချူကလီးယားသယ်ယူပို့ဆောင်မှုပြုနေစဉ် ကာလအတွင်း ပုဒ်မ ၂၁ အရ သတ်မှတ်ထားသောအမျိုးအစားနှင့် အဆင့်အလိုက် ဘေးကင်းလုံခြုံမှု အစီအစဉ်များ ပြုလုပ်ပေးမည်ဖြစ်ကြောင်း သယ်ယူပို့ဆောင်သူ သို့မဟုတ် တာဝန်ယူ၍ သယ်ယူပို့ဆောင်သူ ထံမှ အာမခံချက်များမရရှိလျှင် နျူကလီးယားဒြပ်ပစ္စည်း၊ ရေဒီယိုသတ္တိကြွဒြပ်ပစ္စည်းနှင့် ပုဒ်မ ၃၊ ပုဒ်မခွဲ (ဗ) (၁) ပါ နျူကလီးယားအဆောက်အအုံများကို -

(က) ပြည်ပသို့တင်ပို့ရန် ခွင့်ပြုချက်မပေးရ သို့မဟုတ် ခွင့်ပြုချက်ပေးစေခြင်း မပြုရ။

(ခ) ပြည်ပမှတင်သွင်းရန် ခွင့်ပြုချက်မပေးရ သို့မဟုတ် ခွင့်ပြုချက်ပေးစေခြင်း မပြုရ။

(ဂ) နိုင်ငံတော်၏နယ်နိမိတ်အတွင်း ကုန်းကြောင်း၊ ပြည်တွင်း ရေကြောင်း သို့မဟုတ် လေကြောင်းဖြင့် သယ်ယူပို့ဆောင်ခြင်းကိုသော်လည်းကောင်း၊ နိုင်ငံတော်၏လေဆိပ်၊ သင်္ဘောဆိပ်မှတစ်ဆင့် ဖြတ်သန်းသယ်ယူပို့ဆောင်ခြင်းကိုသော်လည်းကောင်း ခွင့်မပြုရ။

၂၃။ မည်သူမဆို အောက်ပါပြုလုပ်မှုတစ်ခုခုကို ရည်ရွယ်ချက်ဖြင့် တမင်ကျူးလွန်လျှင် နျူကလီးယား ဒြပ်ပစ္စည်း၊ ရေဒီယိုသတ္တိကြွဒြပ်ပစ္စည်းနှင့် ပုဒ်မ ၃၊ ပုဒ်မခွဲ (ဗ) (၁) ပါ နျူကလီးယားအဆောက်အအုံများ တင်သွင်းခြင်း၊ တင်ပို့ခြင်း၊ သယ်ယူပို့ဆောင်ခြင်းနှင့် လွှဲပြောင်းခြင်းဆိုင်ရာပြစ်မှုဖြစ်သည် -

(က) နျူကလီးယားဒြပ်ပစ္စည်း၊ ရေဒီယိုသတ္တိကြွဒြပ်ပစ္စည်းနှင့် ပုဒ်မ ၃၊ ပုဒ်မခွဲ (ဗ) (၁) ပါ နျူကလီးယား အဆောက်အအုံကို ပုဒ်မ ၂၁ အရ သတ်မှတ်သည့် ဘေးကင်းလုံခြုံမှုအစီအစဉ်များနှင့်မကိုက်ညီဘဲ ပြည်တွင်းသို့ တင်သွင်းမှု၊ ပြည်ပသို့ တင်ပို့မှု၊ နိုင်ငံတော်၏နယ်နိမိတ်အတွင်း ကုန်းကြောင်း၊ ရေကြောင်း သို့မဟုတ် လေကြောင်းဖြင့် သယ်ယူပို့ဆောင်မှု၊ နိုင်ငံတော်ကိုဖြတ်သန်း၍ သို့မဟုတ် နိုင်ငံတော်မှတစ်ဆင့် သယ်ယူပို့ဆောင်မှု၊

(ခ) အပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းနှင့်အညီ အဏုမြူအန္တရာယ်တိုးမြှင့်ကာကွယ်ထိန်းသိမ်းရေးနှင့် ငြိမ်းချမ်းသောရည်ရွယ်ချက်များအတွက်မဟုတ်ဘဲ နျူကလီးယားဒြပ်ပစ္စည်း၊ ရေဒီယိုသတ္တိကြွ ဒြပ်ပစ္စည်းနှင့် နျူကလီးယားအဆောက်အအုံများကိုလည်းကောင်း၊ နျူကလီးယားဆိုင်ရာနည်းပညာကို လည်းကောင်း လွှဲပြောင်းပေးမှု။

၂၄။ မည်သူမဆို အောက်ဖော်ပြပါ ပြုလုပ်မှုတစ်ခုခုကို ဥပဒေနှင့်မညီဘဲ တမင်ကျူးလွန်လျှင် နျူကလီးယား အကြမ်းဖက်မှုဆိုင်ရာပြစ်မှုဖြစ်သည် -

(က) သူတစ်ဦးဦးကိုသေဆုံးစေရန် သို့မဟုတ် အပြင်းအထန်ဒဏ်ရာရစေရန်သော်လည်းကောင်း၊ ပစ္စည်း သို့မဟုတ် သဘာဝပတ်ဝန်းကျင်ကို ဆိုးရွားစွာထိခိုက်ပျက်စီးစေရန်သော်လည်းကောင်း၊ ထိုသို့ ဖြစ်စေတန်ရာအောင်သော်လည်းကောင်း ရည်ရွယ်၍ -

(၁) နျူကလီးယားဒြပ်ပစ္စည်း၊ ရေဒီယိုသတ္တိကြွဒြပ်ပစ္စည်း သို့မဟုတ် ကိရိယာကိုအသုံးပြု၍ တစ်နည်းနည်းဖြင့် ကျူးလွန်မှု သို့မဟုတ် ထိုပစ္စည်းတစ်ခုခုကို အသုံးပြုမှု၊ လက်ဝယ်ထားမှု သို့မဟုတ် ပြုလုပ်မှု၊

(၂) နျူကလီးယားဒြပ်ပစ္စည်း၊ ရေဒီယိုသတ္တိကြွဒြပ်ပစ္စည်း သို့မဟုတ် ကိရိယာ၊ နျူကလီးယား အဆောက်အအုံကို အသုံးပြု၍ဖြစ်စေ၊ ဖျက်ဆီး၍ဖြစ်စေ တစ်နည်းနည်းဖြင့် ရေဒီယိုသတ္တိကြွ ဒြပ်ပစ္စည်းထုတ်လွှင့်မှု သို့မဟုတ် အဏုမြူဓာတ်ရောင်ခြည်များ ပျံ့လွင့်စေမှု။

(ခ) သူတစ်ဦးကိုဖြစ်စေ၊ အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းကိုဖြစ်စေ၊ နိုင်ငံတော်ကိုဖြစ်စေ ဥပဒေနှင့် မညီညွတ်သော ဆောင်ရွက်မှုကိုပြုစေရန် သို့မဟုတ် ဥပဒေနှင့်ညီညွတ်သောဆောင်ရွက်မှုကို

မပြုနိုင်စေရန် အတင်းအဓမ္မပြုလုပ်၍ ချူကလီးယားဒြပ်ပစ္စည်း၊ ရေဒီယိုသတ္တိကြွဒြပ်ပစ္စည်း သို့မဟုတ် ကိရိယာ၊ ချူကလီးယားအဆောက်အအုံကို အသုံးပြုမှု၊

(ဂ) ပုဒ်မခွဲ (က) နှင့် (ခ) တို့ပါ ပြုလုပ်မှုတစ်ခုခုကို ကျူးလွန်ရန် အားထုတ်မှု၊ အားပေးကူညီမှု၊ လှုံ့ဆော်မှု သို့မဟုတ် ထိုပြစ်မှုကျူးလွန်ရာတွင် ကြံရာပါအဖြစ် ပါဝင်ဆောင်ရွက်မှု။

၂၅။ (က) သက်ဆိုင်ရာလုပ်ငန်းကော်မတီသည် အပြည်ပြည်ဆိုင်ရာချူကလီးယားသယ်ယူပို့ဆောင်မှု ပြုရာတွင် အောက်ပါကိစ္စရပ်များအတွက် ပြည်ပနိုင်ငံများနှင့် တိုက်ရိုက်ဖြစ်စေ၊ အပြည်ပြည်ဆိုင်ရာ အဏုမြူစွမ်းအင်အဖွဲ့အစည်းမှတစ်ဆင့်ဖြစ်စေ လိုအပ်သလို ညှိနှိုင်းပူးပေါင်း၍ ဆောင်ရွက်ရမည် -

(၁) ချူကလီးယားဒြပ်ပစ္စည်း၊ ရေဒီယိုသတ္တိကြွဒြပ်ပစ္စည်းနှင့် ချူကလီးယားအဆောက်အအုံများအား လုံခြုံမှုအစီအမံများနှင့် စနစ်များထားရှိရေးနှင့် အကာအကွယ်ပေးရေး၊

(၂) ချူကလီးယားဒြပ်ပစ္စည်းဆိုင်ရာပြစ်မှုများ မဖြစ်ပွားစေရန်နှင့် ချူကလီးယားအဆောက်အအုံများအား နှောင့်ယှက်ဖျက်ဆီးမှုများမှ ကင်းဝေးစေရန် ကြိုတင်ကာကွယ်မှုအစီအမံများ ပြုလုပ်ရေး၊

(၃) အကယ်၍ နှောင့်ယှက်ဖျက်ဆီးမှုဖြစ်ပွားပါက ရေဒီယိုသတ္တိကြွမှုများ လျော့နည်းနိုင်သမျှ လျော့နည်းစေရန် စီမံထားရှိရေး၊

(၄) ချူကလီးယားဒြပ်ပစ္စည်းတစ်မျိုးမျိုး ပျောက်ဆုံးခြင်း သို့မဟုတ် ခိုးယူခြင်းခံရသည့်အခါ ထိုပစ္စည်းကို ပြန်လည်ရရှိရေး။

(ခ) ဤအခန်းပါ ပြဋ္ဌာန်းချက်များအား အကောင်အထည်ဖော်ဆောင်ရွက်ခြင်းကိုလည်းကောင်း၊ ပြည်ပနိုင်ငံများ၊ အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများ၊ ဒေသဆိုင်ရာအဖွဲ့အစည်းများနှင့် ဆက်သွယ်ပေးပို့ရာ၌ ရရှိသောသတင်းအချက်အလက်များကိုလည်းကောင်း၊ ပူးပေါင်းညှိနှိုင်း၍ လုပ်ရှားဆောင်ရွက်မှုများကိုလည်းကောင်း လုံခြုံမှုအဆင့်အတန်း သတ်မှတ်ထိန်းသိမ်း ဆောင်ရွက်ရမည်။

၂၆။ ဤအခန်းပါ ပြဋ္ဌာန်းချက်များသည် -

(က) ငြိမ်းချမ်းသောရည်ရွယ်ချက်များအတွက် ချူကလီးယားဒြပ်ပစ္စည်းများနှင့် ပုဒ်မ ၃၊ ပုဒ်မခွဲ (ပ) (၁) ပါ ချူကလီးယားအဆောက်အအုံများကို အပြည်ပြည်ဆိုင်ရာသယ်ယူပို့ဆောင်ခြင်း၊ ပြည်တွင်းတွင် သယ်ယူပို့ဆောင်ခြင်း၊ သိုလှောင်ခြင်း၊ အသုံးပြုခြင်းတို့အပေါ်တွင်လည်း သက်ရောက်သည်။

(ခ) ငြိမ်းချမ်းရေးရည်ရွယ်ချက်အတွက် အသုံးပြုသည့် ချူကလီးယားဒြပ်ပစ္စည်းကိုဖြစ်စေ၊ ရေဒီယိုသတ္တိကြွဒြပ်ပစ္စည်းကိုဖြစ်စေ၊ ချူကလီးယားအဆောက်အအုံကိုဖြစ်စေ အတင်းအဓမ္မအင်အားသုံး၍ အသုံးပြုခြင်းကိုလည်းကောင်း၊ ထိုသို့အသုံးပြုရန် ခြိမ်းခြောက်ခြင်းကိုလည်းကောင်း ဥပဒေနှင့်အညီ ခွင့်ပြုသည်ဟု အဓိပ္ပာယ်မကောက်ယူရ။

(ဂ) ငြိမ်းချမ်းရေးရည်ရွယ်ချက်အတွက် အပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းနှင့်အညီ တိုးမြှင့်ကာကွယ် ထိန်းသိမ်းရေးအလို့ငှာ ချူကလီးယားဒြပ်ပစ္စည်း၊ ရေဒီယိုသတ္တိကြွဒြပ်ပစ္စည်း၊ ချူကလီးယား အဆောက်အအုံများနှင့် ချူကလီးယားနည်းပညာလွှဲပြောင်းခြင်းကို ထိခိုက်ခြင်းမရှိစေရ။

(ဃ) ချူကလီးယားဒြပ်ပစ္စည်း၊ ရေဒီယိုသတ္တိကြွဒြပ်ပစ္စည်းနှင့် ပုဒ်မ ၃၊ ပုဒ်မခွဲ (ပ) (၁) ပါ ချူကလီးယား အဆောက်အအုံများကို ပြည်တွင်းရှိနေရာတစ်ခုခုမှ နိုင်ငံတကာရေပြင် သို့မဟုတ် လေထုကို ဖြတ်သန်း၍ ပြည်တွင်းရှိ ဆိပ်ကမ်း၊ လေဆိပ်၊ နယ်စပ်ဝင်ထွက်ပေါက် သို့မဟုတ် အခြားနေရာ တစ်ခုခုသို့ ကုန်းလမ်း၊ ပြည်တွင်းရေကြောင်း သို့မဟုတ် လေကြောင်းဖြင့်ဖြစ်စေ ထိုဆိပ်ကမ်း၊ လေဆိပ်၊ ဂိတ် သို့မဟုတ် အခြားနေရာတစ်ခုခုမှတစ်ဆင့်ဖြစ်စေ သယ်ယူပို့ဆောင်ခြင်းအပေါ် တွင်လည်း သက်ရောက်သည်။

(င) အပြည်ပြည်ဆိုင်ရာဥပဒေ အထူးသဖြင့် ကုလသမဂ္ဂပဋိညာဉ်စာတမ်းနှင့် နိုင်ငံတကာလူသားချင်းစာနာမှုဆိုင်ရာဥပဒေပါ ရည်ရွယ်ချက်များနှင့် အခြေခံမူများတွင်ပါရှိသော နိုင်ငံအသီးသီးနှင့် ပုဂ္ဂလိကတို့၏အခွင့်အရေးများနှင့် တာဝန်များကို ထိခိုက်ခြင်းမရှိစေရ။

(စ) လက်နက်ကိုင်တိုက်ပွဲများ ဖြစ်ပွားနေစဉ်အတောအတွင်း နိုင်ငံတကာလူသားချင်းစာနာမှုဆိုင်ရာဥပဒေနှင့်အညီ စစ်ပွဲအတွင်း လက်နက်ကိုင်တိုက်ခိုက်မှုများအပေါ်တွင်လည်းကောင်း၊ တပ်မတော်က အပြည်ပြည်ဆိုင်ရာစည်းမျဉ်းဥပဒေများနှင့်အညီ တာဝန်ယူဆောင်ရွက်မှုများအပေါ်တွင်လည်းကောင်း သက်ရောက်ခြင်းမရှိစေရ။

(ဆ) စစ်ရေးကိစ္စအတွက် နျူကလီးယားဒြပ်ပစ္စည်းကိုဖြစ်စေ၊ နျူကလီးယားအဆောက်အအုံတွင်ပါဝင်သည့် ပစ္စည်းကိရိယာကိုဖြစ်စေ အသုံးပြုခြင်း သို့မဟုတ် ကိုင်စွဲခြင်း သို့မဟုတ် ထိန်းသိမ်းထားခြင်းအပေါ်တွင် သက်ရောက်ခြင်းမရှိစေရ။

## အခန်း (၈)

## ရေကြောင်းပို့ဆောင်ရေးကို ဘေးအန္တရာယ်ဖြစ်စေသည့် ဥပဒေမဲ့ပြုလုပ်မှုများအား တားဆီးနှိမ်နင်းရေး

၂၇။ မည်သူမဆို အောက်ပါပြုလုပ်မှု သို့မဟုတ် ပျက်ကွက်မှုတစ်ခုခုကို ဥပဒေနှင့်မညီဘဲ တမင်ကျူးလွန်လျှင် ရေကြောင်းပို့ဆောင်ရေးကို ဘေးအန္တရာယ်ဖြစ်စေသည့် ဥပဒေမဲ့ပြုလုပ်သည့် ပြစ်မှုဖြစ်သည် -

(က) အတင်းအဓမ္မ အင်အားသုံး၍ဖြစ်စေ၊ ခြိမ်းခြောက်၍ဖြစ်စေ၊ အခြားတစ်နည်းနည်းဖြင့် ကြောက်ရွံ့အောင်ပြုလုပ်၍ဖြစ်စေ သင်္ဘောကို ဖမ်းဆီးသိမ်းပိုက်မှု သို့မဟုတ် သင်္ဘောသွားလာရေးကို ထိန်းချုပ်မှု၊

(ခ) သင်္ဘောရေကြောင်းသွားလာရေးကို ဘေးအန္တရာယ်ဖြစ်စေတန်ရာသောပြုလုပ်မှုဖြင့် သင်္ဘောပေါ်ရှိသူအား အတင်းအဓမ္မပြုလုပ်မှု၊

(ဂ) သင်္ဘောကို ဖျက်ဆီးမှု သို့မဟုတ် သင်္ဘောရေကြောင်းသွားလာရေးကို ဘေးအန္တရာယ်ဖြစ်စေအောင် သင်္ဘောကိုဖြစ်စေ၊ သင်္ဘောပေါ်ပါ ကုန်စည်များကိုဖြစ်စေ ဖျက်ဆီးမှု သို့မဟုတ် ထိခိုက်ပျက်စီးစေမှု၊

(ဃ) သင်္ဘောကို ပျက်စီးစေရန်သော်လည်းကောင်း၊ ရေကြောင်းပို့ဆောင်ရေးကို ဘေးအန္တရာယ်ဖြစ်စေရန်သော်လည်းကောင်း၊ သင်္ဘောကိုဖြစ်စေ၊ သင်္ဘောပေါ်ပါ ကုန်ပစ္စည်းများကိုဖြစ်စေ ထိခိုက်ပျက်စီးစေရန်သော်လည်းကောင်း ဖျက်ဆီးနိုင်သည့် သို့မဟုတ် ပျက်စီးစေနိုင်သည့် ကိရိယာသို့မဟုတ် အရာဝတ္ထုကို သင်္ဘောပေါ်တွင်ထားရှိမှု သို့မဟုတ် ထားရှိစေမှု၊

(င) ရေကြောင်းလမ်းညွှန်ဆိုင်ရာအဆောက်အအုံစနစ်များ၊ ဆက်သွယ်ရေးအသုံးအဆောင်ပစ္စည်းများနှင့် ဝန်ဆောင်မှုများကို ဖျက်ဆီးမှု၊ ဆိုးရွားစွာထိခိုက်ပျက်စီးစေမှု သို့မဟုတ် ထိုအဆောက်အအုံစနစ်များနှင့် ဝန်ဆောင်မှုများကို ဆိုးရွားစွာဝင်ရောက်နှောင့်ယှက်ခြင်းဖြင့် သင်္ဘောရေကြောင်းသွားလာမှုကို ဘေးအန္တရာယ်ဖြစ်စေနိုင်သည့်ပြုလုပ်မှု၊

(စ) သင်္ဘော၏ရေကြောင်းသွားလာမှုကို ဘေးအန္တရာယ်ဖြစ်စေရန် မှားယွင်းသော သတင်းအချက်အလက်များကို သိလျက်နှင့် ဆက်သွယ်အကြောင်းကြားမှု၊

(ဆ) သူတစ်ဦးဦးကို သေစေရန်၊ အပြင်းအထန်ဒဏ်ရာရရှိစေရန် သို့မဟုတ် ထိခိုက်ပျက်စီးစေရန်သော်လည်းကောင်း၊ သင်္ဘောကိုဖြစ်စေ၊ ထိုသင်္ဘောပေါ်တွင်ဖြစ်စေ၊ ထိုသင်္ဘောပေါ်မှဖြစ်စေ ပေါက်ကွဲစေတတ်သော ဝတ္ထုပစ္စည်း၊ ရေဒီယိုသတ္တိကြွဒြပ်ပစ္စည်း၊ ဇီဝ၊ ဓာတုနှင့် နျူကလီးယား လက်နက်ပစ္စည်းများ သို့မဟုတ် ရေနံ၊ သဘာဝဓာတ်ငွေ့၊ အခြားဘေးအန္တရာယ်ဖြစ်စေသောပစ္စည်း သို့မဟုတ် အဆိပ်အတောက်ဖြစ်စေသောပစ္စည်းများကို တစ်နည်းနည်းဖြင့် အသုံးပြုမှု သို့မဟုတ် စွန့်ပစ်မှု၊

(ဇ) ပုဒ်မခွဲ (ဆ) တွင် ပါရှိသည့် ပေါက်ကွဲစေတတ်သောဝတ္ထုပစ္စည်း၊ ရေဒီယိုသတ္တိကြွဒြပ်ပစ္စည်း၊ ဇီဝ၊ ဓာတုနှင့် နျူကလီးယားလက်နက်၊ အလားတူပစ္စည်းကိရိယာ၊ အခြားအရင်းအမြစ်ပစ္စည်း၊ အလိုအလျောက် အထူးပြုကွဲနိုင်သည့်ပစ္စည်း၊ ထုတ်လုပ်မှုလုပ်ငန်းစဉ်အတွက် အထူးပုံစံထုတ်

ပြုလုပ်ထားသော သို့မဟုတ် ပြုပြင်ထားသောပစ္စည်းကိရိယာများကို သိလျက်နှင့် သင်္ဘောဖြင့် သယ်ယူပို့ဆောင်ပေးမှု၊

(ဈ) သူတစ်ဦးဦးကို တစ်နည်းနည်းဖြင့် သေစေခြင်း၊ အပြင်းအထန်ဒဏ်ရာရရှိစေခြင်း သို့မဟုတ် အခြေခံအဆောက်အအုံဆိုင်ရာ အသုံးအဆောင်ပစ္စည်းများကို ဆိုးရွားစွာထိခိုက်ပျက်စီးစေရန် သင်္ဘောကို အသုံးပြုမှု၊

(ည) ဤဥပဒေပါ အကြမ်းဖက်မှုတစ်ခုခုကို ကျူးလွန်ခဲ့ပြီးသည့် အကြမ်းဖက်သမားအား သိလျက်နှင့် သင်္ဘောဖြင့် သယ်ယူပို့ဆောင်ပေးမှု၊

(ဋ) ပုဒ်မခွဲ (က) မှ (ည) အထိ ပါရှိသော ပြစ်မှုတစ်ခုခုကို ကျူးလွန်ရန် စည်းကမ်းချက်ဖြင့်ဖြစ်စေ၊ စည်းကမ်းချက်မပါဘဲဖြစ်စေ ခြိမ်းခြောက်မှု၊

(ဌ) ပုဒ်မခွဲ (က) မှ (ဋ) အထိ ဖော်ပြထားသော ပြစ်မှုတစ်ခုခုကျူးလွန်ရာတွင်ဖြစ်စေ၊ ပြစ်မှုကျူးလွန်ရန် အားထုတ်ရာတွင်ဖြစ်စေ သူတစ်ဦးဦးကို ထိခိုက်ဒဏ်ရာရစေမှု သို့မဟုတ် သေဆုံးစေမှု၊

(ဍ) ပုဒ်မခွဲ (က) မှ (ဌ) အထိ ပါရှိသော ပြစ်မှုတစ်ခုခုကို ကျူးလွန်ရန် အားထုတ်မှု၊ အားပေးကူညီမှု၊ လှုံ့ဆော်မှု သို့မဟုတ် ထိုပြစ်မှုကျူးလွန်ရာတွင် ကြံရာပါအဖြစ် ပါဝင်ဆောင်ရွက်မှု။

## သင်္ဘောများနှင့်ဆိပ်ကမ်းများ လုံခြုံရေး

၂၈။ (က) သက်ဆိုင်ရာလုပ်ငန်းကော်မတီသည် သင်္ဘောများ၊ ဆိပ်ကမ်းများနှင့် သင်္ဘောဆိုက်ကပ်ရပ်နားရေးအတွက် လွယ်ကူအဆင်ပြေရန်စီမံထားရှိသော အထောက်အကူပြုပစ္စည်းကိရိယာများအား ဘေးအန္တရာယ်ဖြစ်စေမည်ဟု ခြိမ်းခြောက်မှုများနှင့် ထိပါးတိုက်ခိုက်မှုများအား ကာကွယ်ရေး၊ အကူအညီတောင်းခံရေး၊ တားဆီးနှိမ်နင်းရေးနှင့် တိုက်ဖျက်ရေးတို့အတွက် နိုးနိုးကြားကြားသတိရှိစေရန် လုံခြုံရေးအဆင့်သတ်မှတ်၍ လိုအပ်သောအစီအစဉ်များ ချမှတ်ဆောင်ရွက်ရေးနှင့် သတင်းအချက်အလက်များ ပေးပို့ဖလှယ်ကြရန် သက်ဆိုင်ရာ သင်္ဘောပိုင်ရှင်၊ ဆိပ်ကမ်းအာဏာပိုင်နှင့် သင်္ဘောကုမ္ပဏီများ၊ ရေယာဉ်မှူးများနှင့် ဆိပ်ကမ်းကိုယ်စားလှယ်များအား ညွှန်ကြားရမည်။

(ခ) သင်္ဘောကုမ္ပဏီများသည် ဤအခန်းပါ သက်ဆိုင်ရာလိုအပ်ချက်များကိုလည်းကောင်း၊ အပြည်ပြည်ဆိုင်ရာသင်္ဘောနှင့်ဆိပ်ကမ်း လွယ်ကူအဆင်ပြေရေးအသုံးအဆောင်ပစ္စည်းများ လုံခြုံရေးဥပဒေပါ လမ်းညွှန်ချက်များကိုလည်းကောင်း အလေးထား၍ လိုက်နာဆောင်ရွက်ရမည်။

(ဂ) ရေယာဉ်မှူးသည် နိုင်ငံတော်၏ဆိပ်ကမ်းတစ်ခုခုကို ဝင်ရောက်ဆိုက်ကပ်ခြင်းမပြုမီသော်လည်းကောင်း၊ ၁၉၇၄ ခုနှစ်၊ ပင်လယ်ပြင်၌ အသက်ဘေးအန္တရာယ်ကင်းရှင်းရေးအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဝင်နိုင်ငံတစ်ခုခု၏ ဆိပ်ကမ်းတွင်ရှိနေလျှင်သော်လည်းကောင်း သတ်မှတ်ထားသည့် လုံခြုံမှုအဆင့်အလိုက် လိုအပ်ချက်များကို လိုက်နာဆောင်ရွက်ရမည်။

၂၉။ ရေယာဉ်မှူးသည် -

(က) သင်္ဘောများအား ဘေးအန္တရာယ်ဖြစ်စေသည့် ခြိမ်းခြောက်မှုများနှင့် ထိပါးတိုက်ခိုက်မှုများ၏ အန္တရာယ်မှကင်းဝေးစေရန် လိုအပ်သော ကာကွယ်တားဆီးမှုများနှင့် နှိမ်နင်းမှုများကို ပြုလုပ်နိုင်သည်။

(ခ) သင်္ဘော၏ဘေးကင်းမှုနှင့် လုံခြုံမှုထိန်းသိမ်းရန် လိုအပ်လျှင် ကုန်စည်၊ ကုန်သေတ္တာ သို့မဟုတ် အခြားအလုံပိတ်ကုန်စည်သယ်ယူပို့ဆောင်ရန် သင်္ဘောပေါ်အတင်အချပြုလုပ်မှုကို ငြင်းဆိုခြင်း

အပါအဝင် ရေယာဉ်မှူး၏ ရေကြောင်းပို့ဆောင်ရေး အတွေ့အကြုံကျွမ်းကျင်မှုဖြင့် ဆုံးဖြတ်၍ ကျင့်သုံးဆောင်ရွက်ပိုင်ခွင့်ကို သင်္ဘောကုမ္ပဏီ၊ သင်္ဘောစင်းလုံးငှားရမ်းသူ သို့မဟုတ် အခြားသူတို့က တားဆီးချုပ်ချယ်ခွင့်မရှိစေရ။

၃၀။ (က) ဤအခန်းပါ အကြမ်းဖက်မှုတစ်ခုခုကို ကျူးလွန်သည်ဟု ယုံကြည်ရသူအား မိမိသင်္ဘောမှတ်ပုံတင်ထားသော နိုင်ငံ၏ရေကြောင်းဘက်ဆိုင်ရာတာဝန်ရှိသူထံသို့လည်းကောင်း၊ ဆိုက်ရောက်ရာ နိုင်ငံ၏ရေကြောင်းဘက်ဆိုင်ရာတာဝန်ရှိသူထံသို့လည်းကောင်း၊ ဖြစ်နိုင်သမျှကြိုတင်အကြောင်းကြားပြီး အတည်ပြုချက်ရယူလျက် သက်သေခံအထောက်အထားများနှင့်အတူ ဆိုက်ရောက်ရာ နိုင်ငံ၏ရဲဌာနဆိုင်ရာ သို့မဟုတ် လူဝင်မှုကြီးကြပ်ရေးဌာနဆိုင်ရာတာဝန်ရှိသူထံသို့ လွှဲအပ်နိုင်သည်။

(ခ) ပုဒ်မခွဲ (က) အရ လွှဲအပ်သည့် အကြမ်းဖက်သမားအား လက်ခံရရှိသော ရဲဌာနဆိုင်ရာ သို့မဟုတ် လူဝင်မှုကြီးကြပ်ရေးဌာနဆိုင်ရာတာဝန်ရှိသူသည် ထိုအကြမ်းဖက်သမားအား ဤဥပဒေအခန်း (၁၆) ပါ ပြဋ္ဌာန်းချက်များနှင့်အညီ သက်ဆိုင်ရာနိုင်ငံသို့ လွှဲပြောင်းပေးနိုင်သည်။

၃၁။ ဤအခန်းပါ ရေကြောင်းပို့ဆောင်ရေးကို အန္တရာယ်ဖြစ်စေသည့် ဥပဒေနှင့်မညီဘဲ တမင်ပြုလုပ်မှုဆိုင်ရာပြဋ္ဌာန်းချက်များသည် -

(က) ပုဒ်မ ၂၊ ပုဒ်မခွဲ (ဠ) ပါ သင်္ဘောများနှင့် သက်ဆိုင်စေရမည်။

(ခ) နိုင်ငံတော်၏ ပိုင်နက်ပင်လယ်နယ်နိမိတ်အတွင်း တွေ့ရှိရသော ပုဒ်မ ၂၇ ပါ ပြစ်မှုကျူးလွန်သူ သို့မဟုတ် ထိုပြစ်မှုဖြင့် စွပ်စွဲခံရသူနှင့်လည်း သက်ဆိုင်စေရမည်။

၃၂။ ဤအခန်းပါ ပြဋ္ဌာန်းချက်များသည် အောက်ပါသင်္ဘောများနှင့်မသက်ဆိုင် -

(က) စစ်သင်္ဘော၊

(ခ) နိုင်ငံတစ်နိုင်ငံက ပိုင်ဆိုင်သည့် သို့မဟုတ် လုပ်ကိုင်ဆောင်ရွက်သည့် ရေတပ်အကူအဖြစ်သုံးသော သင်္ဘော သို့မဟုတ် အကောက်ခွန်အတွက်ဖြစ်စေ၊ ရဲတပ်ဖွဲ့အတွက်ဖြစ်စေ သုံးသောသင်္ဘော၊

(ဂ) ရေကြောင်းသွားလာခြင်းမှ ရုပ်သိမ်းထားသည့် သို့မဟုတ် လုပ်ငန်းရပ်နားထားသည့် သင်္ဘော၊

(ဃ) စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးအတွက် ရည်ရွယ်ပြေးဆွဲခြင်းမဟုတ်ဘဲ အစိုးရက ပိုင်ဆိုင်သည့် သို့မဟုတ် လုပ်ကိုင်ဆောင်ရွက်သည့် သင်္ဘောများနှင့် အစိုးရကိစ္စအတွက်သာ အသုံးပြုသည့် အခြားသင်္ဘောများ။

## **အခန်း (၉)**

## **ရေအောက်သယံဇာတရှာဖွေရေးအဆောက်အအုံအား ဘေးအန္တရာယ်ဖြစ်စေသည့် ဥပဒေမဲ့ပြုလုပ်မှုများအား တားဆီးနှိမ်နင်းရေး**

၃၃။ မည်သူမဆို အောက်ပါပြုလုပ်မှုကို ဥပဒေနှင့်မညီဘဲ တမင်ကျူးလွန်ပါက ရေအောက်သယံဇာတရှာဖွေရေး အဆောက်အအုံအား ဘေးအန္တရာယ်ဖြစ်စေသည့် ဥပဒေမဲ့ပြုလုပ်မှုဆိုင်ရာပြစ်မှုဖြစ်သည် -

(က) အင်အားသုံး၍ဖြစ်စေ၊ ခြိမ်းခြောက်၍ဖြစ်စေ၊ အခြားတစ်နည်းနည်းဖြင့် ကြောက်ရွံ့အောင်ပြုလုပ်၍ဖြစ်စေ ရေအောက်သယံဇာတရှာဖွေရေးအဆောက်အအုံကို ဖမ်းဆီးသိမ်းပိုက်မှု သို့မဟုတ် ထိန်းချုပ်၍ အသုံးချဆောင်ရွက်မှု၊

(ခ) ရေအောက်သယံဇာတရှာဖွေရေးအဆောက်အအုံအား ဘေးအန္တရာယ်ဖြစ်စေရန် ထိုအဆောက်အအုံပေါ်ရှိသူကို အတင်းအဓမ္မပြုလုပ်မှု၊

(ဂ) ရေအောက်သယံဇာတရှာဖွေရေးအဆောက်အအုံအား ဘေးအန္တရာယ်ဖြစ်စေရန် ထိုအဆောက်အအုံကို ဖျက်ဆီးမှု သို့မဟုတ် ပျက်စီးစေမှု၊

(ဃ) ရေအောက်သယံဇာတရှာဖွေရေးအဆောက်အအုံ ပျက်စီးစေအောင် သို့မဟုတ် ဘေးအန္တရာယ်ဖြစ်စေရန် တစ်နည်းနည်းဖြင့် ဖျက်ဆီးရေးကိရိယာ သို့မဟုတ် အရာဝတ္ထုတစ်ခုခုကို ထိုအဆောက်အအုံပေါ်တွင် ချထားမှု သို့မဟုတ် ချထားစေမှု၊

(င) သူတစ်ဦးဦးကို သေစေရန်၊ အပြင်းအထန်ဒဏ်ရာရရှိစေရန် သို့မဟုတ် ထိခိုက်ပျက်စီးစေရန်သော်လည်းကောင်း၊ ရေအောက်သယံဇာတရှာဖွေရေးအဆောက်အအုံကိုဖြစ်စေ၊ ထိုအဆောက်အအုံပေါ်တွင်ဖြစ်စေ ထိုအဆောက်အအုံမှဖြစ်စေ ပေါက်ကွဲစေတတ်သောဝတ္ထုပစ္စည်း၊ ရေဒီယိုသတ္တိကြွ ဒြပ်ပစ္စည်း၊ ဇီဝ၊ ဓာတုနှင့် နျူကလီးယားလက်နက်ပစ္စည်း သို့မဟုတ် ရေနံ၊ သဘာဝဓာတ်ငွေ့၊ အခြားဘေးအန္တရာယ်ဖြစ်စေသောကိရိယာ သို့မဟုတ် အရာဝတ္ထု၊ အဆိပ်အတောက်ဖြစ်စေသော ကိရိယာ သို့မဟုတ် အရာဝတ္ထုကို တစ်နည်းနည်းဖြင့် အသုံးပြုမှု သို့မဟုတ် စွန့်ပစ်မှု၊

(စ) ပုဒ်မခွဲ (က) မှ (င) အထိ ပါရှိသော ပြစ်မှုတစ်ခုခုကိုကျူးလွန်ရန် စည်းကမ်းချက်ထား၍ဖြစ်စေ၊ မထားဘဲဖြစ်စေ အများပြည်သူကို ခြိမ်းခြောက်မှု၊ သူတစ်ဦးဦးကို ဒဏ်ရာရစေမှု သို့မဟုတ် သေစေမှု၊

(ဆ) ပုဒ်မခွဲ (က) မှ (စ) အထိ ပါရှိသော ပြစ်မှုတစ်ခုခုကို ကျူးလွန်ရန် အားထုတ်မှု၊ အားပေးကူညီမှု၊ လှုံ့ဆော်မှု သို့မဟုတ် ထိုပြစ်မှုကျူးလွန်ရာတွင် ကြံရာပါအဖြစ် ပါဝင်ဆောင်ရွက်မှု။

၃၄။ သက်ဆိုင်ရာလုပ်ငန်းကော်မတီသည် ရေအောက်သယံဇာတရှာဖွေရေးအဆောက်အအုံကိုဖြစ်စေ၊ ထိုအဆောက်အအုံပေါ်မှဖြစ်စေ ပုဒ်မ ၃၃ ပါ ပြစ်မှုတစ်ခုခုကို နိုင်ငံတော်၏ပိုင်နက်ပင်လယ်နယ်နိမိတ်တွင်သော်လည်းကောင်း၊ နိုင်ငံတော်၏ကမ်းလွန်ရေတိမ်ပိုင်းတွင်သော်လည်းကောင်း မည်သူမျှ ပြစ်မှုကျူးလွန်နိုင်ခြင်းမရှိစေရန် ကြိုတင်ကာကွယ်ရေး၊ တားဆီးနှိမ်နင်းရေးနှင့် အရေးယူဆောင်ရွက်ရေးတို့အတွက် အစီအမံများချမှတ်ပြီးဆောင်ရွက်ခြင်း၊ တပ်ဖွဲ့ဝင်များအား ဆောင်ရွက်စေခြင်းနှင့် ကြီးကြပ်ခြင်းတို့ပြုရမည်။

## အခန်း (၁၀)

## စုံစမ်းထောက်လှမ်းရှာဖွေရေးအတွက် အမှတ်အသားပြုလုပ်ရေးနှင့် အမှတ်အသားပြုလုပ်မထားသည့် ပေါက်ကွဲစေတတ်သော ပလတ်စတစ်ဝတ္ထုပစ္စည်းဆိုင်ရာပြစ်မှုများအား တားဆီးနှိမ်နင်းရေး

၃၅။ မည်သူမဆို -

(က) ၁၉၉၁ ခုနှစ်၊ စုံစမ်းထောက်လှမ်းရှာဖွေရေးအတွက် ပေါက်ကွဲစေတတ်သော ပလတ်စတစ်ဝတ္ထုပစ္စည်းများ အမှတ်အသားပြုလုပ်ခြင်းဆိုင်ရာကွန်ဗင်းရှင်းနှင့်အညီ လိုက်နာဆောင်ရွက်ခြင်းမပြုသည့်အပြင် မည်သည့်ပေါက်ကွဲစေတတ်သောပစ္စည်း ပါဝင်ကြောင်း မှတ်သားထားခြင်းမရှိသည့် ပေါက်ကွဲစေတတ်သောဝတ္ထုပစ္စည်းကို နိုင်ငံတော်၏နယ်နိမိတ်အတွင်းဖြစ်စေ၊ နယ်နိမိတ်ပြင်ပသို့ဖြစ်စေ အခွင့်ရအာဏာပိုင်၏ခွင့်ပြုချက်မရှိဘဲ ထုတ်လုပ်မှု၊ ဖြန့်ဖြူးမှု၊ တင်သွင်းမှု၊ တင်ပို့မှု၊ ဖြတ်သန်းသယ်ယူပို့ဆောင်မှု သို့မဟုတ် ဆိုက်ကပ်ရပ်နားမှုပြုလုပ်ပါက ပေါက်ကွဲစေတတ်သော ပလတ်စတစ်ဝတ္ထုပစ္စည်းဆိုင်ရာပြစ်မှုဖြစ်သည်။

(ခ) ပုဒ်မခွဲ (က) ပါ ပြစ်မှုတစ်ခုခုကို ကျူးလွန်ရန်အားထုတ်မှု၊ အားပေးကူညီမှု၊ လှုံ့ဆော်မှု သို့မဟုတ် ထိုပြစ်မှုကျူးလွန်ရာတွင် ကြံရာပါအဖြစ် ပါဝင်ဆောင်ရွက်မှုပြုပါက အဆိုပါပြစ်မှုကျူးလွန်ရာရောက်သည်။

၃၆။ ပုဒ်မ ၃၅ ပါ ပြဋ္ဌာန်းချက်များသည် အမှတ်အသားပြုလုပ်ထားခြင်းမရှိသည့် ပေါက်ကွဲစေတတ်သော ဝတ္ထုပစ္စည်းများကို နိုင်ငံတော်က လုပ်ပိုင်ခွင့်အပ်နှင်းထားသော တာဝန်ရှိသူ၏ ခွင့်ပြုချက်ဖြင့် သက်ဆိုင်ရာ

စီမံအုပ်ချုပ်သူ၏ကြီးကြပ်မှုအရ တပ်မတော်ကဖြစ်စေ၊ ရဲတပ်ဖွဲ့ကဖြစ်စေ လုပ်ငန်းတာဝန်အရ ဆောင်ရွက်မှုများနှင့်သက်ဆိုင်ခြင်း မရှိစေရ။

၃၇။ သက်ဆိုင်ရာလုပ်ငန်းကော်မတီသည် ပေါက်ကွဲစေတတ်သော ပလတ်စတစ်ဝတ္ထုပစ္စည်းဆိုင်ရာ ပြစ်မှုများမဖြစ်ပွားစေရန် ကြိုတင်ကာကွယ်ရေး၊ တားဆီးနှိမ်နင်းရေးနှင့် အရေးယူဆောင်ရွက်ရေးတို့အတွက် အစီအမံများချမှတ်ပြီး ဆောင်ရွက်ခြင်း၊ တပ်ဖွဲ့ဝင်များအား ဆောင်ရွက်စေခြင်းနှင့် ကြီးကြပ်ခြင်းတို့ပြုရမည်။

၃၈။ သက်ဆိုင်ရာလုပ်ငန်းကော်မတီနှင့် တပ်မတော်မှအာဏာပိုင်များ၊ ရဲတပ်ဖွဲ့မှတာဝန်ရှိသူများသည် -

(က) တပ်မတော် သို့မဟုတ် ရဲတပ်ဖွဲ့၏လက်နက်တိုက်တွင် ပြည်ပမှတင်သွင်းသော သို့မဟုတ် နိုင်ငံတော်အတွင်း ထုတ်လုပ်သော သို့မဟုတ် ရှိပြီးဖြစ်သော အမှတ်အသားမပြုလုပ်ရသေးသည့် ပေါက်ကွဲစေတတ်သောဝတ္ထုပစ္စည်းများကို ဖျက်ဆီးရေးအတွက် လိုအပ်သောအစီအမံများ ချမှတ်ဆောင်ရွက်ရမည်။ ထို့ပြင် အဆိုပါဝတ္ထုပစ္စည်းများကို လက်ဝယ်ထားခြင်းနှင့် သယ်ယူပို့ဆောင်ခြင်းကို ထိရောက်စွာကန့်သတ်ခြင်းနှင့် ကြီးကြပ်ကွပ်ကဲခြင်းများပြုရမည်။

( ခ ) ဤအခန်းပါ ပြဋ္ဌာန်းချက်များနှင့်မညီညွတ်သည့် ပေါက်ကွဲစေတတ်သော ဝတ္ထုပစ္စည်းများအား ဖြစ်နိုင်သမျှ ဆောလျင်စွာဖျက်ဆီးရမည်။

## အခန်း (၁၁)

## အကြမ်းဖက်ဗုံးခွဲတိုက်ခိုက်မှုဆိုင်ရာပြစ်မှုများအား တားဆီးနှိမ်နင်းရေး

၃၉။ မည်သူမဆို သေစေရန် သို့မဟုတ် အပြင်းအထန်ဒဏ်ရာရစေရန်သော်လည်းကောင်း၊ စီးပွားရေးနစ်နာဆုံးရှုံးမှု ကြီးမားစွာဖြစ်စေတန်ရာအောင် ကျယ်ကျယ်ပြန့်ပြန့်ပျက်စီးစေရန်သော်လည်းကောင်း ရည်ရွယ်၍ အောက်ပါပြုလုပ်မှုတစ်ခုခုကို ဥပဒေနှင့်မညီဘဲ တမင်ကျူးလွန်လျှင် အကြမ်းဖက်ဗုံးခွဲတိုက်ခိုက်မှုဆိုင်ရာပြစ်မှု ဖြစ်သည် -

(က) အများပြည်သူ အသုံးပြုသည့်နေရာတွင်ဖြစ်စေ၊ နိုင်ငံတော် သို့မဟုတ် အစိုးရ အသုံးအဆောင်အထောက်အကူပြုပစ္စည်းတစ်ခုခုတွင်ဖြစ်စေ၊ အများပြည်သူသယ်ယူပို့ဆောင်ရေးစနစ် သို့မဟုတ် အခြေခံအဆောက်အအုံပစ္စည်းတစ်ခုခုတွင်ဖြစ်စေ၊ ပေါက်ကွဲစေတတ်သောဝတ္ထုပစ္စည်းကို ပေးအပ်မှု၊ ချထားမှု၊ စွန့်ပစ်မှု သို့မဟုတ် ဖောက်ခွဲမှု သို့မဟုတ် ယင်းတို့ကို ဖျက်ဆီးမှု၊

( ခ ) ပုဒ်မခွဲ (က) ၌ ပါရှိသော ပြစ်မှုတစ်ခုခုကို ကျူးလွန်ရန်အားထုတ်မှု၊ အားပေးကူညီမှု၊ လှုံ့ဆော်မှု သို့မဟုတ် ထိုပြစ်မှုကျူးလွန်ရာတွင် ကြံရာပါအဖြစ် ပါဝင်ဆောင်ရွက်မှု၊

( ဂ ) အကြမ်းဖက်ဗုံးခွဲတိုက်ခိုက်မှု ကျူးလွန်ရန် သို့မဟုတ် အကြမ်းဖက်ဗုံးခွဲတိုက်ခိုက်မှုကျူးလွန်ရာတွင် အားပေးကူညီရန် ပေါက်ကွဲစေတတ်သော ဝတ္ထုပစ္စည်း၊ ဗုံး သို့မဟုတ် လက်နက်ကို ထုတ်လုပ်မှု၊ ဖြန့်ဖြူးမှု၊ ရောင်းချမှု၊ ပေးကမ်းမှု သို့မဟုတ် လက်ဝယ်ထားမှု။

၄၀။ သက်ဆိုင်ရာလုပ်ငန်းကော်မတီသည် အကြမ်းဖက်ဗုံးခွဲတိုက်ခိုက်မှုဆိုင်ရာပြစ်မှုများအား မဖြစ်ပွားစေရန် ကြိုတင်ကာကွယ်ရေး၊ တားဆီးနှိမ်နင်းရေးနှင့် အရေးယူဆောင်ရွက်ရေးတို့အတွက် အစီအမံများ ချမှတ်ပြီး ဆောင်ရွက်ခြင်း၊ တပ်ဖွဲ့ဝင်များအား ဆောင်ရွက်စေခြင်းနှင့် ကြီးကြပ်ခြင်းတို့ပြုရမည်။

## အခန်း (၁၂)

## အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုဆိုင်ရာပြစ်မှုများအား တားဆီးနှိမ်နင်းရေး

၄၁။ မည်သူမဆို အကြမ်းဖက်မှုတစ်ခုခု ကျူးလွန်ရာတွင်ဖြစ်စေ၊ ကျူးလွန်ရန်ဖြစ်စေ ယင်းပြစ်မှု ဖြစ်မြောက်အောင် ပံ့ပိုးဆောင်ရွက်ရန် သို့မဟုတ် ဆောင်ရွက်နိုင်စေရန်အလို့ငှာ အောက်ပါတစ်ခုခုကို ပြုလုပ်လျှင် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုဆိုင်ရာပြစ်မှုကျူးလွန်ရာရောက်သည် -

(က) တရားဝင်သောနည်းလမ်းဖြင့်ဖြစ်စေ၊ တရားမဝင်သောနည်းလမ်းဖြင့်ဖြစ်စေ၊ ယင်းနည်းလမ်းနှစ်မျိုးလုံးဖြင့်ဖြစ်စေ ရရှိသည့် ရန်ပုံငွေအားလုံး သို့မဟုတ် တစ်စိတ်တစ်ဒေသကို အကြမ်းဖက်သမား

တစ်ဦးဦး သို့မဟုတ် အကြမ်းဖက်အုပ်စုတစ်ခုခုက အသုံးပြုရန်ရည်ရွယ်၍သော်လည်းကောင်း၊ အသုံးပြုမည်ဟု သိရှိလျက်နှင့်သော်လည်းကောင်း ဥပဒေနှင့်မညီဘဲ တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ ဖြစ်စေ တစ်နည်းနည်းဖြင့် တမင်ကောက်ခံခြင်း သို့မဟုတ် လက်ခံခြင်း သို့မဟုတ် ထောက်ပံ့ခြင်း သို့မဟုတ် ပေးပို့ခြင်း သို့မဟုတ် လွှဲပြောင်းခြင်း၊

(ခ) ငွေကြေး၊ ပစ္စည်း သို့မဟုတ် ဝန်ဆောင်မှုအားလုံး သို့မဟုတ် တစ်စိတ်တစ်ဒေသကို အကြမ်းဖက်သမားတစ်ဦးဦး သို့မဟုတ် အကြမ်းဖက်အုပ်စုတစ်ခုခုကတိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ တစ်နည်းနည်းဖြင့်အသုံးပြုခြင်း သို့မဟုတ် အသုံးပြုရန်ရည်ရွယ်၍သော်လည်းကောင်း၊ အသုံးပြုမည်ဟု သိနိုင်ရန်အကြောင်းရှိလျက်နှင့်သော်လည်းကောင်း ဥပဒေနှင့်မညီဘဲ လက်ဝယ်ထားရှိခြင်း၊

(ဂ) အကြမ်းဖက်အုပ်စုကဖြစ်စေ၊ အကြမ်းဖက်သမားကဖြစ်စေ၊ ယင်းတို့၏ကိုယ်စား အခြားသူတစ်ဦးဦးကဖြစ်စေ သိုမှီးထားသည့်၊ ထိန်းသိမ်းထားသည့် သို့မဟုတ် ထိန်းချုပ်ထားသည့်ပစ္စည်းဖြစ်ကြောင်း သိလျက်နှင့်ဖြစ်စေ၊ သိနိုင်ရန်အကြောင်းရှိလျက်နှင့်ဖြစ်စေ ယင်းပစ္စည်းကို ဖုံးကွယ်ခြင်း၊ ပြည်ပသို့ ရွှေ့ပြောင်းခြင်း သို့မဟုတ် အခြားသူ၏အမည်သို့ လွှဲပြောင်းခြင်း၊

(ဃ) အထက် ပုဒ်မခွဲ (က)၊ (ခ) နှင့် (ဂ) တို့ပါ ပြစ်မှုတစ်ခုခုကို ကျူးလွန်ရန် အားထုတ်ခြင်း၊ အားပေးကူညီခြင်း၊ လှုံ့ဆော်မှုပြုခြင်း၊ စည်းရုံးခြင်း၊ ပေးကမ်းထောက်ပံ့ခြင်း၊ အခြားသူများကို ညွှန်ကြားခြင်း သို့မဟုတ် ထိုပြစ်မှုတစ်ခုခုကျူးလွန်ရာတွင် ကြံရာပါအဖြစ် ပါဝင်ဆောင်ရွက်ခြင်း။

၄၂။ မည်သူမဆို သိလျက်နှင့် အောက်ပါတစ်ခုခုကိုပြုလုပ်လျှင် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုဆိုင်ရာပြစ်မှုကျူးလွန်ရာရောက်သည် -

(က) မည်သည့် အကြမ်းဖက်အုပ်စုပိုင်ပစ္စည်း သို့မဟုတ် အကြမ်းဖက်သမားပိုင်ပစ္စည်းကိုမဆို တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ ရောင်းဝယ်ခြင်း သို့မဟုတ် တစ်နည်းနည်းဖြင့် လွှဲပြောင်းခြင်း၊

(ခ) အကြမ်းဖက်အုပ်စုပိုင်ပစ္စည်း သို့မဟုတ် အကြမ်းဖက်သမားပိုင်ပစ္စည်း ပါဝင်ပတ်သက်သည့် အရောင်းအဝယ်လုပ်ငန်းတစ်စုံတစ်ရာတွင် တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ ပါဝင်ခြင်း သို့မဟုတ် ဖြစ်မြောက်အောင် ပံ့ပိုးဆောင်ရွက်ခြင်း၊

(ဂ) အကြမ်းဖက်အုပ်စုတစ်ခုအတွက် အကျိုးအမြတ်ဖြစ်စေရန် သို့မဟုတ် ယင်းတို့၏စီမံညွှန်ကြားမှုအရ အကြမ်းဖက်အုပ်စုပိုင်ပစ္စည်း သို့မဟုတ် အကြမ်းဖက်သမားပိုင်ပစ္စည်း ပါဝင်ပတ်သက်သည့် ငွေကြေးဝန်ဆောင်မှု သို့မဟုတ် အခြားသက်ဆိုင်ရာဝန်ဆောင်မှုများကို ထောက်ပံ့ပေးအပ်ခြင်း၊

(ဃ) အကြမ်းဖက်အုပ်စုပိုင်ပစ္စည်း သို့မဟုတ် အကြမ်းဖက်သမားပိုင်ပစ္စည်းဟု သိရှိသောပစ္စည်းကို မိမိလက်ဝယ်ထားရှိခြင်း သို့မဟုတ် ထိန်းချုပ်မှုအောက်တွင် ရှိနေခြင်း၊

(င) အကြမ်းဖက်အုပ်စုပိုင်ပစ္စည်းနှင့် အကြမ်းဖက်သမားပိုင်ပစ္စည်းများကို အရောင်းအဝယ်ပြုလုပ်ခြင်း၊ အခြားတစ်နည်းနည်းဖြင့် လွှဲပြောင်းခြင်းတို့နှင့်စပ်လျဉ်း၍ သတင်းအချက်အလက်များကို ဗဟိုအဖွဲ့နှင့် သက်ဆိုင်ရာလုပ်ငန်းကော်မတီသို့ဖြစ်စေ၊ တပ်ဖွဲ့ဝင်တစ်ဦးဦးထံသို့ဖြစ်စေ ခိုင်လုံသည့်အကြောင်းပြချက်မရှိဘဲ ဖွင့်ဟပြောဆိုရန် ပျက်ကွက်ခြင်း၊

(စ) အကြမ်းဖက်သမားရှိကြောင်းနှင့် အကြမ်းဖက်အုပ်စုပိုင် ငွေကြေး၊ ပစ္စည်းရှိကြောင်း၊ ယင်းတို့နှင့်စပ်လျဉ်း၍ ဆက်သွယ်ဆောင်ရွက်မှုရှိကြောင်း သို့မဟုတ် ဆက်သွယ်ဆောင်ရွက်တော့မည်ဟု ယုံကြည်ရကြောင်းကို သတင်းပို့ရန် ပျက်ကွက်ခြင်း။

၄၃။ (က) မည်သူမဆို အကြမ်းဖက်အုပ်စုပိုင်ပစ္စည်း သို့မဟုတ် အကြမ်းဖက်သမားပိုင်ပစ္စည်းကို အရောင်းအဝယ်ပြုလုပ်လျှင်၊ တစ်နည်းနည်းဖြင့် လွှဲပြောင်းလျှင် သို့မဟုတ် လွှဲပြောင်းရန်အားထုတ်လျှင် သော်လည်းကောင်း ထိုသို့ ပြုလုပ်ခြင်းနှင့်စပ်လျဉ်းသည့် သတင်းအချက်အလက်များကို ဗဟိုအဖွဲ့နှင့် သက်ဆိုင်ရာလုပ်ငန်းကော်မတီသို့ဖြစ်စေ၊ တပ်ဖွဲ့ဝင်တစ်ဦးဦးထံသို့ဖြစ်စေ

ခိုင်လုံသည့် အကြောင်းပြချက်မရှိဘဲ ဖွင့်ဟပြောဆိုရန် ပျက်ကွက်လျှင်သော်လည်းကောင်း အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုဆိုင်ရာပြစ်မှုကျူးလွန်ရာရောက်သည်။

( ခ ) ပုဒ်မခွဲ (က) အရ အကြမ်းဖက်အုပ်စုပိုင်ပစ္စည်း သို့မဟုတ် အကြမ်းဖက်သမားပိုင်ပစ္စည်းနှင့် သက်ဆိုင်သောသတင်းအချက်အလက်များကို သဘောရိုးဖြင့် ဖွင့်ဟပြောဆိုသည့် သူတစ်ဦး တစ်ယောက်အား တရားမကြောင်းဖြင့်ဖြစ်စေ၊ ပြစ်မှုကြောင်းဖြင့်ဖြစ်စေ တရားစွဲဆိုခြင်းမပြုရ။

၄၄။ ဤအခန်းပါ ပြစ်မှုတစ်ခုခုနှင့်စပ်လျဉ်း၍ အကြမ်းဖက်မှုတစ်ခုခု မပေါ်ပေါက်စေကာမူ သို့မဟုတ် ကျူးလွန်ရန်အားထုတ်မှုမပြုစေကာမူ သို့မဟုတ် ကောက်ခံရရှိသောရန်ပုံငွေကို အကြမ်းဖက်မှုကျူးလွန်ရာတွင် အမှန်တကယ်မသုံးစွဲစေကာမူ သို့မဟုတ် ကောက်ခံထားသော သို့မဟုတ် ထောက်ပံ့ပေးသောရန်ပုံငွေသည် အကြမ်းဖက်လုပ်ရပ်တစ်ခုခုနှင့် ဆက်စပ်မှုမရှိစေကာမူ ပြစ်မှုကျူးလွန်သည်ဟု မှတ်ယူရမည်။ ဤသို့ဆိုရာတွင် မည်သည့်နိုင်ငံ သို့မဟုတ် နယ်မြေအတွင်း အကြမ်းဖက်ပြစ်မှုကျူးလွန်ရန် ကြံရွယ်ခြင်း သို့မဟုတ် ကျူးလွန်ဖြစ်ပွားခြင်းကိုသော်လည်းကောင်း၊ အကြမ်းဖက်အုပ်စု သို့မဟုတ် အကြမ်းဖက်သမားသည် ဤအခန်းပါ ပြစ်မှုတစ်ခုခုကို ကျူးလွန်သူတစ်ဦးတစ်ယောက်နှင့် နိုင်ငံ သို့မဟုတ် နယ်မြေတစ်ခုအတွင်း အတူတကွ သို့မဟုတ် ခြားနားသောနိုင်ငံ သို့မဟုတ် နယ်မြေများတွင် သီးခြားစီတည်ရှိနေခြင်းကိုသော်လည်းကောင်း ထည့်သွင်းစဉ်းစားခြင်း မပြုရ။

၄၅။ သက်ဆိုင်ရာလုပ်ငန်းကော်မတီသည် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုဆိုင်ရာပြစ်မှုများ မဖြစ်ပွားစေရန် ကြိုတင်ကာကွယ်ရေး၊ တားဆီးနှိမ်နင်းရေးနှင့် အရေးယူဆောင်ရွက်ရေးတို့အတွက် အစီအမံများ ချမှတ်ပြီးဆောင်ရွက်ခြင်း၊ တပ်ဖွဲ့ဝင်များအား ဆောင်ရွက်စေခြင်းနှင့် ကြီးကြပ်ခြင်းတို့ ပြုရမည်။

## အခန်း (၁၃)
## စုံစမ်းစစ်ဆေးခြင်းနှင့်အရေးယူခြင်း

၄၆။ ဗဟိုအဖွဲ့သည် အောက်ပါအမိန့်တစ်ရပ်ရပ်ကို ထုတ်ဆင့်ခြင်း သို့မဟုတ် ထိုသို့သော အမိန့်တစ်ရပ်ရပ်ကို ထုတ်ဆင့်နိုင်ရန် သက်ဆိုင်ရာလုပ်ငန်းကော်မတီအား လွှဲအပ်တာဝန်ပေးခြင်းပြုနိုင်သည် -

(က) အကြမ်းဖက်မှုဆိုင်ရာပြစ်မှုတစ်ခုခုနှင့်စပ်လျဉ်း၍ သက်သေခံပစ္စည်းအဖြစ် သိမ်းဆည်းထားသည့် ပစ္စည်းများကို ပြောင်းလဲခြင်း၊ လွှဲပြောင်းခြင်း၊ ဖျောက်ဖျက်ခြင်း၊ ဖုံးကွယ်ခြင်းတို့ မပြုနိုင်စေရေးအတွက် တားမြစ်မိန့်၊ ချိပ်ပိတ်အမိန့်နှင့် ပြောင်းလဲသည့်အခြေအနေအရ ထိုအမိန့်တို့ကို ရုပ်သိမ်းသည့် အမိန့်၊

( ခ ) သက်သေခံပစ္စည်းအဖြစ် သိမ်းဆည်းရန် အမိန့်ထုတ်ဆင့်ထားသော ငွေကြေး၊ ပစ္စည်းနှင့် အကျိုးအမြတ်များမှာ ဘဏ်နှင့်ငွေရေးကြေးရေးအဖွဲ့အစည်းတစ်ခုခု၌ အပ်နှံထားခြင်းဖြစ်ပါက ထိုသက်သေခံပစ္စည်းများကို ရှာဖွေသိမ်းဆည်းခွင့်၊ သက်ဆိုင်ရာမှတ်တမ်းများ စစ်ဆေးကြည့်ရှုခွင့်၊ မိတ္တူကူးယူခွင့်နှင့် လိုအပ်ပါက သက်သေခံပစ္စည်းအဖြစ် သိမ်းဆည်းခွင့်ပြုရန် သက်ဆိုင်ရာဘဏ်နှင့်ငွေရေးကြေးရေးအဖွဲ့အစည်း၏ တာဝန်ရှိသူများထံ ထုတ်ဆင့်သည့်အမိန့်။

၄၇။ သက်ဆိုင်ရာလုပ်ငန်းကော်မတီသည် -

(က) အစိုးရမဟုတ်သောအဖွဲ့အစည်းများ သို့မဟုတ် အကျိုးအမြတ်မရည်ရွယ်သော အဖွဲ့အစည်းများ၏ ရန်ပုံငွေများနှင့်ပစ္စည်းများအား အကြမ်းဖက်အုပ်စုများနှင့် အကြမ်းဖက်သမားများထံ ရောက်ရှိမသွားစေရေးအတွက်လည်းကောင်း၊ ယင်းအဖွဲ့အစည်းများအဖြစ်အသွင်ယူကာ အကြမ်းဖက်သမား သို့မဟုတ် အကြမ်းဖက်အုပ်စုတို့က ဖွဲ့စည်းဆောင်ရွက်ခြင်း မပြုနိုင်စေရေးအတွက်လည်းကောင်း၊ အကြမ်းဖက်သမားနှင့် အကြမ်းဖက်အုပ်စုများအတွက် ငွေကြေးထောက်ပံ့ရန် လမ်းကြောင်းအဖြစ် အသုံးမပြုနိုင်စေရေးအတွက်လည်းကောင်း လိုအပ်သော စုံစမ်းထောက်လှမ်းခြင်း၊ စစ်ဆေးခြင်းနှင့်

အရေးယူမှုအစီအမံများ ချမှတ်ခြင်းများပြုနိုင်ရန် စုံစမ်းစစ်ဆေးရေးအဖွဲ့များ သို့မဟုတ် တားဆီးနှိမ်နင်းရေးအဖွဲ့များသို့ ညွှန်ကြားဆောင်ရွက်ခြင်းနှင့် ထိုသို့ဆောင်ရွက်မှုများကို ကြီးကြပ်ခြင်းတို့ ပြုရမည်။

(ခ) အကြမ်းဖက်သမားပိုင်ငွေကြေးနှင့်ပစ္စည်းများ၊ အကြမ်းဖက်အုပ်စုပိုင်ငွေကြေး၊ ပစ္စည်းနှင့်ရန်ပုံငွေများ ထိန်းချုပ်ရေး၊ အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုဆိုင်ရာပြစ်မှုများနှင့် အကြမ်းဖက်မှုများအား စုံစမ်းစစ်ဆေးဖော်ထုတ်ရေး၊ သက်သေခံပစ္စည်းသိမ်းဆည်းရေး၊ ထိန်းချုပ်ရေးနှင့်တရားစွဲတင်နိုင်ရေးတို့အတွက် လိုအပ်သော စုံစမ်းစစ်ဆေးရေးအဖွဲ့များ ဖွဲ့စည်း၍ဖြစ်စေ၊ တားဆီးနှိမ်နင်းရေးတပ်ဖွဲ့ သို့မဟုတ် ငွေကြေးဆိုင်ရာစုံစမ်းထောက်လှမ်းရေးတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များကို ထုတ်နုတ်၍ဖြစ်စေ တာဝန်ပေးအပ်၍ ဆောင်ရွက်စေရမည်။

(ဂ) အကြမ်းဖက်မှုကျူးလွန်ရန်ထောက်ပံ့သော အဖွဲ့အစည်းများကိုလည်းကောင်း၊ အကြမ်းဖက်မှုတစ်ခုခုကို ကျူးလွန်ရာမှရရှိသည့် ငွေကြေးနှင့်ပစ္စည်းများကိုလည်းကောင်း အသုံးပြု၍ ဘဏ်နှင့်ငွေရေးကြေးရေးအဖွဲ့အစည်းများ၊ စီးပွားရေးအဖွဲ့အစည်းများ ဖွဲ့စည်းခြင်းနှင့် ဆောင်ရွက်ခြင်းမပြုနိုင်စေရန် ထိန်းချုပ်ရေးအတွက် သက်ဆိုင်ရာအစိုးရဌာန၊ အဖွဲ့အစည်းများအား လမ်းညွှန်ခြင်းနှင့် ကြီးကြပ်ခြင်းတို့ ပြုရမည်။

(ဃ) အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုဆိုင်ရာပြစ်မှုကျူးလွန်သူများအား အရေးယူစေခြင်းနှင့် သက်သေခံငွေကြေးနှင့်ပစ္စည်းများကို ပြည်ထောင်စုဘဏ္ဍာအဖြစ် သက်ဆိုင်ရာတရားရုံးက သိမ်းယူနိုင်ရေးအတွက် တားဆီးနှိမ်နင်းရေးတပ်ဖွဲ့ဝင်များအား လိုအပ်သလို စီစဉ်ညွှန်ကြားရမည်။

(င) နိုင်ငံတော်နှင့် အများပြည်သူအပေါ် ရုတ်ခြည်းအန္တရာယ်ကျရောက်စေမည့် အကြမ်းဖက်မှုများအား တားဆီးကာကွယ်ရန်လိုအပ်ပါက အကြမ်းဖက်အုပ်စုများနှင့် အကြမ်းဖက်သမားများ၏ အီလက်ထရောနစ်ဆက်သွယ်ဆောင်ရွက်မှုများကို ဖြတ်တောက်ခွင့်၊ ကန့်သတ်ခွင့်၊ ကြားဖြတ်ဖမ်းယူခွင့် အမိန့်ထုတ်ဆင့်နိုင်သည်။

၄၈။ ဤဥပဒေအရ လုပ်ငန်းတာဝန်ပေးထားသော တပ်ဖွဲ့ဝင်များသည် အကြမ်းဖက်မှုနှင့်စပ်လျဉ်း၍ ဗဟိုအဖွဲ့ကဖြစ်စေ၊ လုပ်ငန်းကော်မတီကဖြစ်စေ ပေးအပ်သော လုပ်ငန်းတာဝန်များကိုထမ်းဆောင်ရာတွင် ဤဥပဒေအရ ထုတ်ပြန်သည့် နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်းများနှင့် မဆန့်ကျင်သမျှ တည်ဆဲပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေပါ ပြဋ္ဌာန်းချက်များကို လိုက်နာကျင့်သုံးဆောင်ရွက်နိုင်သည်။

## အခန်း (၁၄)
## ပြစ်မှုနှင့်ပြစ်ဒဏ်များ

၄၉။ မည်သူမဆို အောက်ပါ အကြမ်းဖက်မှုတစ်ခုခုကို ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို အနည်းဆုံး ထောင်ဒဏ်ဆယ်နှစ်မှ အများဆုံး ထောင်ဒဏ်တစ်သက်အထိဖြစ်စေ၊ သေဒဏ်ဖြစ်စေ ချမှတ်ရမည် -

(က) ပုဒ်မ ၃ ပုဒ်မခွဲ (ခ) ပုဒ်မခွဲငယ် (၁၁)၊ (၁၂) နှင့် (၁၃) တို့တွင် ပါရှိသော ပြုလုပ်မှုများ၊

(ခ) ပုဒ်မ ၇ ပါ လေယာဉ်ဝန်ဆောင်မှုပေးချိန် ဘေးအန္တရာယ်ဖြစ်စေရန် လေယာဉ်ပေါ်တွင် ကျူးလွန်သည့်ပြစ်မှု၊

(ဂ) ပုဒ်မ ၈ ပါ လေယာဉ်ကို ဥပဒေနှင့်မညီဘဲ တမင်သိမ်းပိုက်မှု၊

(ဃ) ပုဒ်မ ၉ ပါ မြို့ပြလေကြောင်းပျံသန်းရေးအား ဘေးအန္တရာယ်ဖြစ်စေသည့် ဥပဒေနှင့်မညီဘဲ တမင်ပြုလုပ်မှု၊

(င) ပုဒ်မ ၁၀ ပါ မြို့ပြလေကြောင်းပျံသန်းရေးကို ဝန်ဆောင်မှုပေးနေသောလေဆိပ်တွင် ဥပဒေနှင့် မညီဘဲ အတင်းအဓမ္မပြုလုပ်မှု။

၅၀။ မည်သူမဆို အောက်ပါပြုလုပ်မှုတစ်ခုခုကို ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို အနည်းဆုံး ထောင်ဒဏ်ဆယ်နှစ်မှ အများဆုံး ထောင်ဒဏ်နှစ်ဆယ်နှစ်အထိဖြစ်စေ၊ ထောင်ဒဏ်တစ်သက်ဖြစ်စေ ချမှတ်ရမည့်အပြင် ငွေဒဏ်လည်း ချမှတ်နိုင်သည် -

(က) ပုဒ်မ ၃၊ ပုဒ်မခွဲ (ခ) နှင့် ပုဒ်မခွဲငယ် (၁၀)၊ (၁၄) နှင့် (၁၅) တို့တွင် ပါရှိသော ပြုလုပ်မှုများ၊

(ခ) ပုဒ်မ ၁၇ ပါ ဓားစာခံအဖြစ် ဖမ်းဆီးထိန်းသိမ်းမှု၊

(ဂ) ပုဒ်မ ၁၉ ပါ နျူကလီးယားဒြပ်ပစ္စည်း၊ အခြားရေဒီယိုသတ္တိကြွဒြပ်ပစ္စည်း၊ ဇီဝ၊ ဓာတုနှင့် နျူကလီးယားလက်နက်ဆိုင်ရာပြစ်မှု၊

(ဃ) ပုဒ်မ ၂၀ ပါ နျူကလီးယားအဆောက်အအုံဆိုင်ရာပြစ်မှု၊

(င) ပုဒ်မ ၂၃ ပါ နျူကလီးယားဒြပ်ပစ္စည်း၊ ရေဒီယိုသတ္တိကြွဒြပ်ပစ္စည်းနှင့် ပုဒ်မ ၃၊ ပုဒ်မခွဲ (ဗ) (၁) ပါ နျူကလီးယားအဆောက်အအုံဆိုင်ရာပစ္စည်းများ တင်သွင်းခြင်း၊ တင်ပို့ခြင်း၊ သယ်ယူပို့ဆောင်ခြင်းနှင့် လွှဲပြောင်းခြင်းဆိုင်ရာပြစ်မှု၊

(စ) ပုဒ်မ ၂၄ ပါ နျူကလီးယားအကြမ်းဖက်မှုဆိုင်ရာပြစ်မှု၊

(ဆ) ပုဒ်မ ၂၇ ပါ ရေကြောင်းပို့ဆောင်ရေးကို ဘေးအန္တရာယ်ဖြစ်စေသည့် ဥပဒေနှင့်မညီဘဲ တမင်ပြုလုပ်မှု၊

(ဇ) ပုဒ်မ ၃၃ ပါ ရေအောက်သယံဇာတရှာဖွေရေးအဆောက်အအုံအား ဘေးအန္တရာယ်ဖြစ်စေသည့် ဥပဒေနှင့်မညီဘဲ တမင်ပြုလုပ်မှု၊

(ဈ) ပုဒ်မ ၃၉ (က) နှင့် (ခ) ပါ အကြမ်းဖက်ဗုံးခွဲတိုက်ခိုက်မှုဆိုင်ရာပြစ်မှု၊

(ည) ပုဒ်မ ၄၁ နှင့် ပုဒ်မ ၄၂၊ ပုဒ်မခွဲ (က) မှ (ဃ) အထိ ပါရှိသော အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုဆိုင်ရာပြစ်မှု။

၅၁။ မည်သူမဆို အောက်ပါပြုလုပ်မှုတစ်ခုခုကို ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို အနည်းဆုံး ထောင်ဒဏ်ငါးနှစ်မှ အများဆုံး ထောင်ဒဏ်ဆယ်နှစ်အထိ ချမှတ်ရမည့်အပြင် ငွေဒဏ်လည်း ချမှတ်နိုင်သည် -

(က) ပုဒ်မ ၁၅ ပါ အပြည်ပြည်ဆိုင်ရာအကာအကွယ်ပေးရမည့် ပုဂ္ဂိုလ်များကို ကျူးလွန်သည့်ပြစ်မှု၊

(ခ) ပုဒ်မ ၃၅ ပါ ပေါက်ကွဲစေတတ်သော ပလတ်စတစ်ဝတ္ထုပစ္စည်းဆိုင်ရာပြစ်မှု၊

(ဂ) ပုဒ်မ ၃၉ (ဂ) ပါ အကြမ်းဖက်ဗုံးခွဲတိုက်ခိုက်မှု ကျူးလွန်ရန် သို့မဟုတ် အကြမ်းဖက်ဗုံးခွဲတိုက်ခိုက်မှု ကျူးလွန်ရာတွင် အားပေးကူညီရန် ပေါက်ကွဲစေတတ်သောဝတ္ထုပစ္စည်း၊ ဗုံး သို့မဟုတ် လက်နက်ကို ထုတ်လုပ်မှု၊ ဖြန့်ဖြူးမှု၊ ရောင်းချမှု၊ ပေးကမ်းမှု သို့မဟုတ် လက်ဝယ်ထားမှု။

၅၂။ မည်သူမဆို အောက်ပါပြုလုပ်မှုတစ်ခုခုကို ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို အနည်းဆုံး ထောင်ဒဏ်သုံးနှစ်မှ အများဆုံး ထောင်ဒဏ်ခုနစ်နှစ်အထိ ချမှတ်ရမည့်အပြင် ငွေဒဏ်လည်း ချမှတ်နိုင်သည် -

(က) ပုဒ်မ ၃၊ ပုဒ်မခွဲ (ခ) ပုဒ်မခွဲငယ် (၁၆) မှ (၁၉) အထိ ပါရှိသော ပြုလုပ်မှု၊

(ခ) ပုဒ်မ ၄၂၊ ပုဒ်မခွဲ (င) နှင့် (စ) တွင် ပါရှိသော အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုဆိုင်ရာပြစ်မှု၊

(ဂ) ပုဒ်မ ၄၃၊ ပုဒ်မခွဲ (က) ပါ သတင်းအချက်အလက်များကို ခိုင်လုံသည့်အကြောင်းပြချက်မရှိဘဲ ဖွင့်ဟပြောဆိုရန်ပျက်ကွက်မှု။

၅၃။ မည်သူမဆို ဤဥပဒေအရထုတ်ပြန်သည့် နည်းဥပဒေများနှင့် အမိန့်တို့ပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို အနည်းဆုံး ထောင်ဒဏ်တစ်နှစ်မှ အများဆုံး ထောင်ဒဏ်သုံးနှစ်အထိ ချမှတ်ရမည့်အပြင် ငွေဒဏ်လည်း ချမှတ်နိုင်သည်။

၅၄။ မည်သူမဆို ပုဒ်မ ၄၉၊ ၅၀ နှင့် ၅၁ တို့တွင် ဖော်ပြထားသော ပြစ်မှုတစ်ခုခုကို ကျူးလွန်ရာ၌ သူတစ်ဦးတစ်ယောက်ကိုဖြစ်စေ၊ အများကိုဖြစ်စေ သေဆုံးစေလျှင် သို့မဟုတ် အပြင်းအထန်နာကျင်စေလျှင် ထိုသူကို အနည်းဆုံး ထောင်ဒဏ်နှစ်ဆယ်နှစ်မှ အများဆုံး ထောင်ဒဏ်တစ်သက်အထိဖြစ်စေ၊ သေဒဏ်ဖြစ်စေ ချမှတ်ရမည်။

၅၅။ ဤဥပဒေပါ အကြမ်းဖက်ပြစ်မှုတစ်ခုခုဖြင့် ပြစ်မှုထင်ရှားစီရင်ခြင်းခံရသူသည် ယခင်ကလည်း ဤဥပဒေပါ အကြမ်းဖက်ပြစ်မှုတစ်ခုခုဖြင့် ပြစ်မှုထင်ရှားစီရင်ခြင်းခံခဲ့ရလျှင် ထပ်မံကျူးလွန်သော အကြမ်းဖက်မှုအတွက် ပြဋ္ဌာန်းထားသော အများဆုံးပြစ်ဒဏ်ကို ချမှတ်ခြင်းခံရမည်။

၅၆။ တရားရုံးသည် -

(က) ဤဥပဒေပါ အကြမ်းဖက်ပြစ်မှုတစ်ခုခုဖြင့် ပြစ်ဒဏ်ချမှတ်လျှင် သက်သေခံပစ္စည်းအဖြစ် သိမ်းဆည်းထားသော အကြမ်းဖက်မှု သို့မဟုတ် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုဆိုင်ရာပြစ်မှုနှင့် သက်ဆိုင်သည့်ငွေကြေးနှင့်ပစ္စည်းများကို နိုင်ငံ့ဘဏ္ဍာအဖြစ် သိမ်းယူခြင်း သို့မဟုတ် သတ်မှတ်ချက်များနှင့်အညီ စီမံခန့်ခွဲခြင်းပြုသည့်အမိန့် ချမှတ်ရမည်။

(ခ) နိုင်ငံ့ဘဏ္ဍာအဖြစ် သိမ်းဆည်းထားသော ငွေကြေးနှင့်ပစ္စည်းများအား ထုခွဲရောင်းချရငွေမှ တစ်ဆယ်ရာခိုင်နှုန်းအား အကြမ်းဖက်မှုတားဆီးကာကွယ်ရေးနှင့် တိုက်ဖျက်ရေးရန်ပုံငွေသို့ လွှဲပြောင်းပေးသွင်းရမည်။

## အခန်း (၁၅)
## နိုင်ငံတကာနှင့်ပူးပေါင်းဆောင်ရွက်ခြင်း

၅၇။ ဗဟိုအဖွဲ့နှင့် သက်ဆိုင်ရာလုပ်ငန်းကော်မတီများသည် အောက်ပါကိစ္စရပ်များ အပါအဝင် သင့်လျော်သောအရေးယူဆောင်ရွက်မှုများ ပြုလုပ်ရန်အတွက် အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများ၊ ဒေသဆိုင်ရာအဖွဲ့အစည်းများနှင့်လည်းကောင်း၊ အကြမ်းဖက်မှုတိုက်ဖျက်ရေးနှင့်စပ်လျဉ်းသည့် အပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဝင်နိုင်ငံများနှင့်လည်းကောင်း ပူးပေါင်းညှိနှိုင်းဆောင်ရွက်ရမည် -

(က) အကြမ်းဖက်မှုဆိုင်ရာသတင်းဖလှယ်ခြင်း၊

(ခ) အကြမ်းဖက်သမားက မိမိနယ်မြေအား အသုံးပြု၍ အခြားနိုင်ငံနှင့် နိုင်ငံသားများအပေါ် အကြမ်းဖက်မှုကျူးလွန်ခြင်းမပြုနိုင်အောင် ကာကွယ်တားဆီးခြင်း၊

(ဂ) အကြမ်းဖက်မှုဆိုင်ရာစီစဉ်ညွှန်ကြားခြင်း၊ ပြင်ဆင်ခြင်း၊ စီမံခြင်းနှင့် ငွေကြေးထောက်ပံ့ခြင်းကို ကာကွယ်တားဆီးခြင်း၊

(ဃ) အကြမ်းဖက်သမားများနှင့် အကြမ်းဖက်အုပ်စုများ နိုင်ငံဖြတ်ကျော်၍ဖြစ်စေ၊ နယ်စပ်ဖြတ်ကျော်၍ ဖြစ်စေလှုပ်ရှားသွားလာမှုကို ထိန်းချုပ်တားဆီးနိုင်ရန်အတွက် နယ်စပ်ဒေသထိန်းချုပ်မှု ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ခြင်း၊

(င) အကြမ်းဖက်မှုတားဆီးနှိမ်နင်းရေးဆိုင်ရာ လေ့ကျင့်ရေး၊ နည်းပညာ ပူးပေါင်းဆောင်ရွက်ရေး၊ စွမ်းရည်မြှင့်တင်ရေး ဆောင်ရွက်ခြင်း၊

(စ) အကြမ်းဖက်မှုတိုက်ဖျက်ရေးအသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ခြင်း၊

(ဆ) ဒေသအတွင်း ဗဟိုသတင်းအချက်အလက်ဌာန ထူထောင်ရန် ပူးပေါင်းဆောင်ရွက်ခြင်း၊

(ဇ) အကြမ်းဖက်မှုကာကွယ်တားဆီးရေးတွင် နိုင်ငံတကာစံနှုန်းများနှင့်အညီဖြစ်စေရန် စွမ်းရည် မြှင့်တင်ရေးအတွက် ပူးပေါင်းဆောင်ရွက်ခြင်း၊

(စျ) အကြမ်းဖက်မှုတိုက်ဖျက်ရေးဆိုင်ရာ သုတေသနနှင့်ဖွံ့ဖြိုးမှုလုပ်ငန်းများတွင် ပူးပေါင်းဆောင်ရွက်ခြင်း။

၅၈။ အကြမ်းဖက်မှုများအား တားဆီးနှိမ်နင်းရေးအတွက် အပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဝင်နိုင်ငံများနှင့် လည်းကောင်း၊ ဒေသဆိုင်ရာအဖွဲ့ဝင်နိုင်ငံများနှင့်လည်းကောင်း နိုင်ငံအချင်းချင်း အကူအညီပေးရေးနှင့် စပ်လျဉ်း၍ တည်ဆဲပြစ်မှုဆိုင်ရာကိစ္စရပ်များတွင် နိုင်ငံအချင်းချင်း အကူအညီပေးရေးဥပဒေနှင့်အညီ ဆောင်ရွက်နိုင်သည်။

## အခန်း (၁၆)

## အကြမ်းဖက်သမားတရားခံအား လွှဲပြောင်းပေးခြင်း

၅၉။ (က) ဤဥပဒေပါ အကြမ်းဖက်မှု သို့မဟုတ် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုဆိုင်ရာပြစ်မှု တစ်ခုခုကို တရားခံလွှဲပြောင်းပေးနိုင်သည့်ပြစ်မှုဖြစ်သည်ဟု မှတ်ယူပြီး တရားခံလွှဲပြောင်းရေး စာချုပ်ရှိဘိသကဲ့သို့ ဆောင်ရွက်ရမည်။

(ခ) အကြမ်းဖက်မှုတိုက်ဖျက်ရေးနှင့်စပ်လျဉ်းသည့် အပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းများတွင် ဖော်ပြ ထားသည့် တရားခံလွှဲပြောင်းရေးဆိုင်ရာပြဋ္ဌာန်းချက်ပါအတိုင်း တရားခံလွှဲပြောင်းပေးရန် တောင်းဆိုခံရသည့် နိုင်ငံ၏ဥပဒေဖြင့် ပြဋ္ဌာန်းထားသည့် အခြားစည်းကမ်းချက်များကို အထောက်အထားပြု၍ ဆောင်ရွက်ရမည်။

(ဂ) သက်ဆိုင်ရာလုပ်ငန်းကော်မတီများနှင့် အစိုးရဌာန၊ အဖွဲ့အစည်းများသည် တရားခံ လွှဲပြောင်းရေးကိစ္စနှင့်စပ်လျဉ်း၍ ဗဟိုအဖွဲ့၏လမ်းညွှန်ချက်အရ သက်ဆိုင်ရာနိုင်ငံရှိ အာဏာပိုင်နှင့်ဆက်သွယ်ညှိနှိုင်းပြီး အကြမ်းဖက်သမားတရားခံအား လွှဲပြောင်းပေးခြင်း သို့မဟုတ် လက်ခံခြင်းကိစ္စများကို သတ်မှတ်ချက်များနှင့်အညီ လိုအပ်သလိုစီစဉ်ဆောင်ရွက် စေရမည်။

၆၀။ အကြမ်းဖက်မှုတိုက်ဖျက်ရေးနှင့်ပတ်သက်သော အပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းအဖွဲ့ဝင်နိုင်ငံ တစ်ခုခုမှဖြစ်စေ၊ ဒေသဆိုင်ရာအဖွဲ့ဝင်နိုင်ငံတစ်ခုခုမှဖြစ်စေ ဤဥပဒေပါ အကြမ်းဖက်ပြစ်မှုတစ်ရပ်ရပ်ကို နိုင်ငံတော်တွင်း၌ ကျူးလွန်သည့် တရားခံအား ပြည်ပသို့ လွှဲပြောင်းပေးရန်နှင့် ပြစ်မှုဆိုင်ရာကိစ္စများတွင် အပြန်အလှန်အကူအညီပေးရန် မေတ္တာရပ်ခံချက်တို့နှင့်စပ်လျဉ်း၍ -

(က) ဤဥပဒေနှင့်အကျုံးဝင်သည့် အကြမ်းဖက်မှုများကို နိုင်ငံရေးပြစ်မှု၊ ယင်းနှင့်ဆက်နွယ်သည့်ပြစ်မှု သို့မဟုတ် နိုင်ငံရေးရည်ရွယ်ချက်အတွက် ကျူးလွန်သည့်ပြစ်မှုဟု မှတ်ယူခြင်းမပြုရ၊

(ခ) ယင်းမေတ္တာရပ်ခံချက်တွင် ဖော်ပြပါရှိသည့် ကျူးလွန်ခဲ့သော အကြမ်းဖက်မှုမှာ နိုင်ငံရေးပြစ်မှု၊ ယင်းနှင့်ဆက်နွယ်သည့်ပြစ်မှု သို့မဟုတ် နိုင်ငံရေးရည်ရွယ်ချက်အတွက် ကျူးလွန်သည့်ပြစ်မှု ဟူသော အကြောင်းပြချက်တစ်ခုတည်းဖြင့် ငြင်းပယ်ခြင်းမပြုရ။

## အခန်း (၁၇)

## အရေးယူရာတွင် တရားမျှတစွာပြုမူဆက်ဆံရေး

၆၁။ မည်သူမဆို ဤဥပဒေအရ အကြမ်းဖက်မှုများကို စုံစမ်းစစ်ဆေးခြင်းနှင့် အရေးယူခြင်းတို့ ဆောင်ရွက် ရာတွင် အပြည်ပြည်ဆိုင်ရာလူ့အခွင့်အရေးဥပဒေနှင့် လိုက်လျောညီသည့် သတ်မှတ်ပြဋ္ဌာန်းချက်များနှင့်အညီ

တရားမျှတစွာပြုမူဆက်ဆံရေးနှင့် အခြားခံစားခွင့်အခွင့်အရေးများ ရရှိစေရေးတို့အတွက် အာမခံချက် ရရှိစေရမည်။

၆၂။ မည်သူမဆို အကြမ်းဖက်မှုဖြင့် စွပ်စွဲခံရပြီး ဖမ်းဆီးချုပ်နှောင်ခံရလျှင် ယင်း၏အခွင့်အရေးများရရှိရေးအတွက် ထိုသူ၏ နိုင်ငံသားအဖြစ်ခံယူထားသည့်နိုင်ငံမှ အနီးစပ်ဆုံး သင့်လျော်ရာသံရုံးသို့ဖြစ်စေ၊ ကောင်စစ်ဝန်ရုံးသို့ဖြစ်စေ၊ ကိုယ်စားလှယ်ထံသို့ဖြစ်စေ နှောင့်နှေးကြန့်ကြာခြင်းမရှိစေဘဲ ဆက်သွယ်အကြောင်းကြားနိုင်ရန် အခွင့်အရေးရရှိစေရမည်။

## အခန်း (၁၈)
## အကြမ်းဖက်မှုတားဆီးကာကွယ်ရေးနှင့်တိုက်ဖျက်ရေးရန်ပုံငွေ

၆၃။ ဗဟိုအဖွဲ့သည် အကြမ်းဖက်မှုတားဆီးကာကွယ်ရေးနှင့် တိုက်ဖျက်ရေးရန်ပုံငွေကို အောက်ပါရငွေနှင့်ပစ္စည်းများဖြင့် ထူထောင်ရမည် -

(က) တည်ဆဲဥပဒေနှင့်အညီ ပြည်ထောင်စုအစိုးရအဖွဲ့က ခွင့်ပြုသည့် နိုင်ငံ့ဘဏ္ဍာမှ ထောက်ပံ့ငွေ၊

(ခ) တရားရုံးက လွှဲပြောင်းပေးသွင်းသည့် နိုင်ငံ့ဘဏ္ဍာအဖြစ် သိမ်းယူထားသော ငွေကြေးနှင့်ပစ္စည်းများ၊ ထုခွဲရောင်းချရငွေမှ တစ်ဆယ်ရာခိုင်နှုန်း၊

(ဂ) ပြည်တွင်းပြည်ပမှ စေတနာရှင်များ၏ ထောက်ပံ့လှူဒါန်းငွေနှင့်ပစ္စည်းများ။

၆၄။ ဗဟိုအဖွဲ့သည် အကြမ်းဖက်မှုတားဆီးကာကွယ်ရေးနှင့် တိုက်ဖျက်ရေးရန်ပုံငွေကို အောက်ပါကိစ္စများအတွက် အသုံးပြုရန်ခွင့်ပြုခြင်းနှင့် ကုန်ကျစရိတ်များကျခံရန် ခွင့်ပြုခြင်းပြုနိုင်သည် -

(က) ဗဟိုအဖွဲ့၏ လုပ်ငန်းတာဝန်များကိုလည်းကောင်း၊ လုပ်ငန်းကော်မတီနှင့်အဖွဲ့များ၏ လုပ်ငန်းတာဝန်များကိုလည်းကောင်း ဆောင်ရွက်ရာ၌ လိုအပ်သောကုန်ကျစရိတ်များ၊

(ခ) အကြမ်းဖက်မှုကြိုတင်ကာကွယ်ရေးနှင့် တားဆီးရေးတို့အတွက် လိုအပ်သောအစီအမံများ ချမှတ်ဆောင်ရွက်သည့်ကိစ္စများ၊

(ဂ) အကြမ်းဖက်မှုများအား စုံစမ်းစစ်ဆေးဖော်ထုတ်မှုများနှင့် အရေးယူဆောင်ရွက်သည့်ကိစ္စများ၊

(ဃ) အကြမ်းဖက်မှုကြောင့် ဘေးဒဏ်သင့်သူများအား သင့်လျော်သောကူညီထောက်ပံ့မှုများ၊

(င) အကြမ်းဖက်သမားများအား ခံယူချက်ပြုပြင်ပြောင်းလဲရေးနှင့် ပြန်လည်ထူထောင်ရေးကိစ္စများ၊

(စ) အကြမ်းဖက်မှုများနှင့်စပ်လျဉ်း၍ အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများ၊ ဒေသဆိုင်ရာအဖွဲ့အစည်းများ၊ ပြည်ပနိုင်ငံများနှင့် ပူးပေါင်းဆောင်ရွက်သည့်ကိစ္စများ၊

(ဆ) ဗဟိုအဖွဲ့ကသတ်မှတ်သော အခြားလိုအပ်သည့်ကိစ္စများနှင့် အခြားအရေးပေါ်လုပ်ငန်းတာဝန်များဆောင်ရွက်ရာ၌ ကုန်ကျစရိတ်များ။

## အခန်း (၁၉)
## အထွေထွေ

၆၅။ အကြမ်းဖက်မှု သို့မဟုတ် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုဆိုင်ရာပြစ်မှုနှင့်ဆက်စပ်သည့် ငွေကြေး၊ ပစ္စည်းများနှင့်စပ်လျဉ်း၍ စုံစမ်းစစ်ဆေးခြင်း ခံရသူမဟုတ်ဘဲ အခြားသူတစ်ဦးဦးက ထိုငွေကြေးနှင့်ပစ္စည်းတစ်ခုခုကို သဘောရိုးဖြင့် အဖိုးစားနားပေး၍ တစ်နည်းနည်းဖြင့်လွှဲပြောင်းရယူထားပြီး လက်ဝယ်ထားခြင်းဖြစ်ကြောင်း သက်သေထင်ရှားတင်ပြနိုင်ပါက ထိုသူ၏အခွင့်အရေးကို ထိခိုက်နစ်နာစေခြင်းမရှိစေရ။

၆၆။ ဗဟိုအဖွဲ့သည် လူ့အခွင့်အရေးအရ ဒုက္ခသည်အဖြစ် ခိုလှုံခွင့်တောင်းခံလာခြင်းနှင့်စပ်လျဉ်း၍ ထိုသို့ ခိုလှုံခွင့်တောင်းခံလာသူမှာ အကြမ်းဖက်မှုကျူးလွန်ခဲ့ခြင်း ရှိ၊ မရှိနှင့် ထိုအကြမ်းဖက်မှုကို ကျူးလွန်ရန် အားပေး ကူညီမှု၊ လှုံ့ဆော်မှု၊ ပူးပေါင်းကြံစည်မှု ကျူးလွန်ခြင်း ရှိ၊ မရှိတို့ကို သေချာစွာစိစစ်စေပြီး အကြမ်းဖက်မှု ကျူးလွန်ခဲ့ကြောင်းကိုသော်လည်းကောင်း၊ ထိုအကြမ်းဖက်မှုကိုကျူးလွန်ရန် အားပေးကူညီမှု၊ လှုံ့ဆော်မှု သို့မဟုတ် ပူးပေါင်းကြံစည်မှု ကျူးလွန်ခဲ့ကြောင်းကိုသော်လည်းကောင်း တွေ့ရှိပါက ထိုသူအား ဤဥပဒေအရ ထိုက်သင့်သလို အရေးယူဆောင်ရွက်ရမည်။

၆၇။ ဤဥပဒေအရ တရားစွဲဆိုတင်ပို့ထားသော အကြမ်းဖက်မှုတစ်ခုခုနှင့်သက်ဆိုင်သည့် သက်သေခံ ပစ္စည်းသည် တရားရုံးရှေ့သို့တင်ပို့ရန် မလွယ်ကူသောပစ္စည်းဖြစ်ပါက ယင်းသက်သေခံပစ္စည်းကို တရားရုံး ရှေ့သို့ တင်ပို့ရန်မလိုဘဲ မည်ကဲ့သို့ထိန်းသိမ်းထားကြောင်း အစီရင်ခံစာ သို့မဟုတ် သက်ဆိုင်ရာ စာရွက် စာတမ်းအထောက်အထားများဖြင့် တင်ပြနိုင်သည်။ ယင်းသို့ တင်ပြခြင်းကို တရားရုံးရှေ့သို့ သက်သေခံပစ္စည်း တင်ပြဘိသကဲ့သို့ မှတ်ယူကာ သက်ဆိုင်ရာတရားရုံးက ဥပဒေနှင့်အညီ စီမံခန့်ခွဲသည့်အမိန့် ချမှတ်ရမည်။

၆၈။ ပြည်ထဲရေးဝန်ကြီးဌာနသည် ဗဟိုအဖွဲ့နှင့် ဤဥပဒေအရဖွဲ့စည်းသော လုပ်ငန်းကော်မတီများနှင့် အဖွဲ့များ၏လုပ်ငန်းတာဝန်များ ဆောင်ရွက်ရာတွင် အထောက်အကူပြုနိုင်ရန် လိုအပ်သော ရုံးအဖွဲ့ကို ဖွဲ့စည်း၍ ရုံးဝန်ထမ်းများကို ခန့်အပ်တာဝန်ပေးရမည်။

၆၉။ တည်ဆဲဥပဒေတစ်ရပ်ရပ်တွင် မည်သို့ပင်ပါရှိစေကာမူ ဤဥပဒေပါ အကြမ်းဖက်မှုများကို ဤဥပဒေ ဖြင့်သာ အရေးယူရမည်။

၇၀။ ဤဥပဒေပါ အကြမ်းဖက်မှုတစ်ခုခုဖြင့် တရားစွဲဆိုရာတွင် ဗဟိုအဖွဲ့ သို့မဟုတ် ဗဟိုအဖွဲ့က လွှဲအပ် ပေးထားသောအဖွဲ့၏ ကြိုတင်ခွင့်ပြုချက်ကို ရယူရမည်။

၇၁။ ဤဥပဒေပါ လုပ်ငန်းတာဝန်တစ်ရပ်ရပ်ကိုဆောင်ရွက်ရန် တာဝန်ပေးအပ်ခြင်းခံရသည့်သူတစ်ဦး သို့မဟုတ် အဖွဲ့အစည်းတစ်ခုခု၏ အဖွဲ့ဝင်တစ်ဦးဦးအပေါ် ယင်းတို့၏လုပ်ငန်းတာဝန်များကို သဘောရိုးဖြင့် ဆောင်ရွက်မှုအတွက် တရားမကြောင်းအရသော်လည်းကောင်း၊ ပြစ်မှုကြောင်းအရသော်လည်းကောင်း တရား စွဲဆိုခြင်းမပြုရ။

၇၂။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် -

(က) ပြည်ထဲရေးဝန်ကြီးဌာနသည် လိုအပ်သော နည်းဥပဒေနှင့် စည်းမျဉ်းများကို ပြည်ထောင်စုအစိုးရ အဖွဲ့၏ အတည်ပြုချက်ဖြင့် ထုတ်ပြန်နိုင်သည်။

(ခ) ဗဟိုအဖွဲ့၊ လုပ်ငန်းကော်မတီနှင့် သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနတို့သည် လိုအပ်သော လုပ်ထုံးလုပ်နည်းများ၊ အမိန့်ကြော်ငြာစာ၊ အမိန့်နှင့်ညွှန်ကြားချက်များကို ထုတ်ပြန်နိုင်သည်။

မှတ်ပုံတင်အမှတ်—၃၉

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
# ပြန်တမ်း

ရန်ကုန်မြို့ { ၁၃၇၅ ခုနှစ်၊ တပို့တွဲလဆန်း ၁၅ ရက် ( ၂၀၁၄ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၄ ရက် ) } သောကြာနေ့

ဤအပိုင်းကို သီးခြားစုပေါင်း၍တွဲထားနိုင်ရန် သီးခြားစာမျက်နှာတပ်ထားပါသည်။

## အပိုင်း ၂

### နိုင်ငံတော်သမ္မတရုံး
### အမိန့်ကြော်ငြာစာအမှတ် ၁/၂၀၁၄

၁၃၇၅ ခုနှစ်၊ ပြာသိုလဆန်း ၄ ရက်
( ၂၀၁၄ ခုနှစ်၊ ဇန်နဝါရီလ ၄ ရက် )

ခွင့်ပြုထားသည့် နိုင်ငံတော်သမ္မတရုံး ဖွဲ့စည်းပုံအရ လစ်လပ်လျက်ရှိသော လက်ထောက်ညွှန်ကြားရေးမှူးရာထူး လစာနှုန်း (၁၄၀,၀၀၀-၂,၀၀၀-၁၅၀,၀၀၀) နေရာများတွင် အောက်ဖော်ပြပါ ဦးစီးအရာရှိ (၃) ဦးအား ၂၀၁၄ ခုနှစ်၊ ဇန်နဝါရီလ ၄ ရက်နေ့ နံနက်ပိုင်းမှစ၍ တစ်နှစ် အစမ်းတိုးမြှင့်ခန့်ထားလိုက်သည် -

(၁) ဒေါ်မိမိမှော်
(၂) ဒေါ်သီတာအေး
(၃) ဒေါ်ခင်ခင်ညို

### အမိန့်ကြော်ငြာစာအမှတ် ၂/၂၀၁၄

ခွင့်ပြုထားသည့် နိုင်ငံတော်သမ္မတရုံး ဖွဲ့စည်းပုံအရ လစ်လပ်လျက်ရှိသော ဦးစီးအရာရှိရာထူး လစာနှုန်း (၁၂၀,၀၀၀-၂,၀၀၀-၁၃၀,၀၀၀) နေရာများတွင် အောက်ဖော်ပြပါ ဒုတိယဦးစီးမှူး (၁၅) ဦးအား ၂၀၁၄ ခုနှစ်၊ ဇန်နဝါရီလ ၄ ရက်နေ့ နံနက်ပိုင်းမှစ၍ တစ်နှစ် အစမ်းတိုးမြှင့်ခန့်ထားလိုက်သည် -

(၁) ဒေါ်ခင်ခင်ထွန်း
(၂) ဒေါ်နှင်းနှင်းအေး
(၃) ဒေါ်ခင်ဆွေလတ်
(၄) ဒေါ်စန်းစန်းအေး
(၅) ဒေါ်အေးအေးနွယ်

(၆) ဒေါ်နွယ်နွယ်ဝင်း
(၇) ဒေါ်စောသီတာအောင်
(၈) ဒေါ်နန္ဒာစုခိုင်
(၉) ဒေါ်ခင်မေစီ
(၁၀) ဒေါ်ခင်သန်းဦး
(၁၁) ဒေါ်အေးအေးသက်
(၁၂) ဒေါ်လဲ့လဲ့မွန်
(၁၃) ဒေါ်နှင်းနွယ်အေး
(၁၄) ဒေါ်ကြည်ကြည်ဝင်း
(၁၅) ဒေါ်စိုးစန္ဒာထွေး

လှထွန်း၊
ညွှန်ကြားရေးမှူးချုပ်၊
နိုင်ငံတော်သမ္မတရုံး။

# ပြည်ထောင်စုအစိုးရအဖွဲ့ရုံး
## အမိန့်ကြော်ငြာစာအမှတ် ၂/၂၀၁၄

နေပြည်တော်၊ ၁၃၇၅ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၁ ရက်
( ၂၀၁၄ ခုနှစ်၊ ဇန်နဝါရီလ ၁၆ ရက် )

ပြည်ထောင်စုအစိုးရအဖွဲ့ရုံးတွင် တာဝန်ထမ်းဆောင်လျက်ရှိသော အောက်ဖော်ပြပါ လက်ထောက်ညွှန်ကြားရေးမှူး လစာနှုန်း (၁၄၀,၀၀၀-၂,၀၀၀-၁၅၀,၀၀၀) များအား လစ်လပ်လျက်ရှိသော ဒုတိယညွှန်ကြားရေးမှူး လစာနှုန်း (၁၆၀,၀၀၀-၂,၀၀၀-၁၇၀,၀၀၀) ရာထူးနေရာများသို့ **၂၀၁၄ ခုနှစ်၊ ဇန်နဝါရီလ ၁၆ ရက်နေ့ နံနက်ပိုင်း**မှစ၍ တိုးမြှင့်ခန့်ထားလိုက်သည် -

| | | |
|---|---|---|
| (က) | ဦးသက်ကိုကို<br>လက်ထောက်ညွှန်ကြားရေးမှူး | အဖွဲ့အစည်း၊ သုတေသနနှင့်အစီရင်ခံစာဌာန |
| (ခ) | ဦးကျော်လွင်<br>လက်ထောက်ညွှန်ကြားရေးမှူး | စီမံဌာန |
| (ဂ) | ဦးမိုးကျော်အောင်<br>လက်ထောက်ညွှန်ကြားရေးမှူး | ညွှန်ကြားရေးမှူးချုပ်ရုံးအဖွဲ့ |
| (ဃ) | ဦးအောင်နိုင်ထွန်း<br>လက်ထောက်ညွှန်ကြားရေးမှူး | တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့နှင့်ဝန်ကြီးဌာန |

ဇော်သန်းသင်း၊
ညွှန်ကြားရေးမှူးချုပ်၊
ပြည်ထောင်စုအစိုးရအဖွဲ့ရုံး။

## အမျိုးသားလွှတ်တော်ရုံး

## အမိန့်ကြော်ငြာစာအမှတ် ၆၁/၂၀၁၃

နေပြည်တော်၊ ၁၃၇၅ ခုနှစ်၊ နတ်တော်လပြည့်ကျော် ၁၃ ရက်

( ၂၀၁၃ ခုနှစ်၊ ဒီဇင်ဘာလ ၃၀ ရက် )

အမျိုးသားလွှတ်တော်ရုံးသို့ လွှဲပြောင်းအမှုထမ်းဆောင်စေလိုက်သော နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးမှ ဦးမောင်မောင်သန်းအား စီမံရေး၊ ဘဏ္ဍာရေးနှင့်ကျန်းမာရေးဌာနကြီးတွင် လက်ထောက်ညွှန်ကြားရေးမှူး လစာနှုန်း (၁၄၀,၀၀၀-၂,၀၀၀-၁၅၀,၀၀၀) ရာထူးနေရာသို့ ၂၀၁၃ ခုနှစ်၊ ဒီဇင်ဘာလ ၃၀ ရက်နေ့မှစ၍ တာဝန်ပေးအပ်လိုက်သည်။

(ပုံ) ကြည်မင်း၊
ညွှန်ကြားရေးမှူးချုပ်၊
အမျိုးသားလွှတ်တော်ရုံး။

## စစ်ရာထူးခန့်ချုပ်ရုံး

## (ရေတပ်ဌာနခွဲ)

၁၃၇၅ ခုနှစ်၊ နတ်တော်လဆန်း ၄ ရက်

( ၂၀၁၃ ခုနှစ်၊ ဒီဇင်ဘာလ ၆ ရက် )

အမှတ်စဉ် ၃/၂၀၁၃ ။ ။ အောက်ဖော်ပြပါ တနတ (၁၆) မှ ဗိုလ်လောင်းများအား တပ်မတော် (ရေ) တွင် ပြန်တမ်းဝင်အရာရှိ (ဒုတိယဗိုလ်) အဖြစ် ၂၀၁၃ ခုနှစ်၊ ဒီဇင်ဘာလ ၆ ရက်နေ့မှအစပြု၍ ခန့်အပ်လိုက်သည် -

**တပ်မတော် (ရေ)**

**စက်မှုလက်မှုဌာနခွဲ**

| | | | |
|---|---|---|---|
| (၁) | တင်ထွန်းအောင် | ရေ | ၅၀၄၂ |
| (၂) | သန်းစိုးဦး | ရေ | ၅၀၄၃ |
| (၃) | ဖြိုးအောင်ကျော် | ရေ | ၅၀၄၄ |
| (၄) | မင်းကိုကို | ရေ | ၅၀၄၅ |
| (၅) | မင်းသူ | ရေ | ၅၀၄၆ |
| (၆) | စိုင်းဟိန်းသူအောင် | ရေ | ၅၀၄၇ |
| (၇) | ဟိန်းသီဟနိုင် | ရေ | ၅၀၄၈ |
| (၈) | ပြည့်ဝေအောင် | ရေ | ၅၀၄၉ |
| (၉) | အောင်မြင့်ဦး | ရေ | ၅၀၅၀ |
| (၁၀) | အောင်မိုးထက် | ရေ | ၅၀၅၁ |
| (၁၁) | ကျော်ဇင်သက် | ရေ | ၅၀၅၂ |

| | | | |
|---|---|---|---|
| (၁၂) | လင်းအောင် | ရေ | ၅၀၅၃ |
| (၁၃) | ကျော်မင်းဦး | ရေ | ၅၀၅၄ |
| (၁၄) | စိုးသိန်းထွန်း | ရေ | ၅၀၅၅ |
| (၁၅) | ရဲထွန်းဟိန်း | ရေ | ၅၀၅၆ |
| (၁၆) | သန်းတိုးအောင် | ရေ | ၅၀၅၇ |
| (၁၇) | ဝေလင်းထွန်း | ရေ | ၅၀၅၈ |
| (၁၈) | ရှိုင်းနောင်သိန်း | ရေ | ၅၀၅၉ |
| (၁၉) | ကျော်သီဟအောင် | ရေ | ၅၀၆၀ |
| (၂၀) | ကောင်းထက်ဝေ | ရေ | ၅၀၆၁ |
| (၂၁) | နေလင်းမောင် | ရေ | ၅၀၆၂ |
| (၂၂) | ကျော်ဖြိုးလင်း | ရေ | ၅၀၆၃ |
| (၂၃) | နိုင်ထက်အောင် | ရေ | ၅၀၆၄ |
| (၂၄) | မောင်မောင် | ရေ | ၅၀၆၅ |
| (၂၅) | သိန်းထူးလတ် | ရေ | ၅၀၆၆ |
| (၂၆) | ထက်လင်းအောင် | ရေ | ၅၀၆၇ |
| (၂၇) | ကျော်ရဲဟန် | ရေ | ၅၀၆၈ |
| (၂၈) | ဝင်းထက် | ရေ | ၅၀၆၉ |
| (၂၉) | ရဲဝင့်သူ | ရေ | ၅၀၇၀ |
| (၃၀) | ဟိန်းသုခ | ရေ | ၅၀၇၁ |
| (၃၁) | ဇေယျာထွန်း | ရေ | ၅၀၇၂ |
| (၃၂) | ထက်ဝင်းအောင် | ရေ | ၅၀၇၃ |
| (၃၃) | တင်မိုးကျော် | ရေ | ၅၀၇၄ |
| (၃၄) | ထက်ကျော် | ရေ | ၅၀၇၅ |
| (၃၅) | ထွန်းမြင့်အောင် | ရေ | ၅၀၇၆ |
| (၃၆) | ဇင်မင်းဦး | ရေ | ၅၀၇၇ |
| (၃၇) | မင်းလွင် | ရေ | ၅၀၇၈ |
| (၃၈) | မင်းဆွေ | ရေ | ၅၀၇၉ |
| (၃၉) | လှိုင်ဖြိုးဝေ | ရေ | ၅၀၈၀ |
| (၄၀) | ထက်နေဝင်း | ရေ | ၅၀၈၁ |
| (၄၁) | ထိုက်ဝေယံစိုး | ရေ | ၅၀၈၂ |
| (၄၂) | စိုးပိုင်ဦး | ရေ | ၅၀၈၃ |
| (၄၃) | ကျော်ဝေဖြိုး | ရေ | ၅၀၈၄ |

အမိန့်အရ

ဒုတိယဗိုလ်ချုပ်ကြီးဝင်းမြင့်၊
စစ်ရာထူးခန့်ချုပ်၊
စစ်ရာထူးခန့်ချုပ်ရုံး။

မှတ်ပုံတင်အမှတ်—၃၉

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
# ပြန်တမ်း

ရန်ကုန်မြို့ { ၁၃၇၅ ခုနှစ်၊ တပို့တွဲလဆန်း ၁၅ ရက် ( ၂၀၁၄ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၄ ရက် ) } သောကြာနေ့

ဤအပိုင်းကို သီးခြားစုပေါင်း၍တွဲထားနိုင်ရန် သီးခြားစာမျက်နှာတပ်ထားပါသည်။

## အပိုင်း ၄

**မရင်းကော(မ်)ပဲ့(စ်) ကုမ္ပဏီလီမိတက်**
**MARINE COMPASS COMPANY LIMITED.**
**အစုရှင်များ၏ဆန္ဒအရ စာရင်းရှင်းလင်းဖျက်သိမ်းခြင်း**

၂၀၁၄ ခုနှစ်၊ ဖေဖော်ဝါရီလ (၁၃) ရက်နေ့တွင် ကုမ္ပဏီရုံးခန်း၌ ကျင်းပပြုလုပ်သော အဖွဲ့ဝင်များ၏ အထူးအစည်းအဝေးဆုံးဖြတ်ချက်အရ **မရင်းကော(မ်)ပဲ့(စ်) ကုမ္ပဏီလီမိတက် (MARINE COMPASS CO., LTD.)** အား (၁၃-၂-၂၀၁၄) ရက်နေ့မှစ၍ စာရင်းရှင်းလင်းဖျက်သိမ်းရန် ဆုံးဖြတ်ခဲ့ပြီးဖြစ်ပါသည်။ ယင်းသို့ စာရင်းရှင်းလင်းဖျက်သိမ်းရာတွင် ဦးအီနုစ် (တရားလွှတ်တော်ရှေ့နေ) အား စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ်လည်းကောင်း၊ ဒေါ်မိုးမိုးအေး (B.Com, Dip I.F.R, Diploma in Business Law) အား တွဲဖက်စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ်လည်းကောင်း ခန့်အပ်လိုက်ပါသည်။

ကုမ္ပဏီမှ ရရန်နှင့်ပေးရန်ရှိသည်များကို ၂၀၁၄ ခုနှစ်၊ မတ်လ (၁၄) ရက်နေ့ကို နောက်ဆုံးထား၍ ဖော်ပြပါ စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိထံ တောင်းခံခြင်းများနှင့် ပေးသွင်းခြင်းများ ပြုလုပ်နိုင်ကြောင်း ကြေညာအပ်ပါသည်။

ဦးကျော်ဟိန်း
Managing Director
Marine Compass Co., Ltd.

ဦးအီနုစ် (တရားလွှတ်တော်ရှေ့နေ)
စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ
YE NOOS & ASSOCIATES (Law Firm)
အမှတ်-၁၇၆ (ပထမထပ်)၊ ဗိုလ်တထောင်ဘုရားလမ်း၊
ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း-၂၉၆၁၃၂၊ ၃၉၇၂၃၄၊ ၃၉၇၂၃၅။

Notice Under Section 208 (E) of Myanmar Companies Act

မြန်မာနိုင်ငံကုမ္ပဏီများအက်ဥပဒေပုဒ်မ ၂၀၈ (င) အရ

**ချင်းတွင်းနဂါးများ ကုမ္ပဏီလီမိတက်**ကို

အပြီးသတ်စာရင်းရှင်းလင်းဖျက်သိမ်းကြောင်း

နောက်ဆုံးအစည်းအဝေး **(Final Meeting For Dissolution)** တက်ရောက်ရန် ဖိတ်ကြားခြင်း

**ချင်းတွင်းနဂါးများ ကုမ္ပဏီလီမိတက် (Chindwin Dragons Co., Ltd)** ကုမ္ပဏီမှတ်ပုံတင် အမှတ်- (၃၆၁/၂၀၀၇-၂၀၀၈) ၏ အပြီးသတ်စာရင်းရှင်းလင်းဖျက်သိမ်းကြောင်း နောက်ဆုံးအစည်းအဝေးကို ၂၀၁၄ ခုနှစ်၊ မတ်လ (၁၄) ရက် ၁၄း၀၀ နာရီအချိန်တွင် အမှတ်-၅၃၊ ပထမထပ်၊ ကိုင်းတန်းလမ်း၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့တွင် ကျင်းပပြုလုပ်သွားမည်ဖြစ်၍ အစုရှယ်ယာဝင်များအားလုံး တက်ရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။

အစည်းအဝေးတွင် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ၏ အစီရင်ခံစာနှင့် စာရင်းရှင်းတမ်းများ တင်ပြပြီး ကုမ္ပဏီကို အပြီးသတ်ဖျက်သိမ်းသွားမည်ဖြစ်ပါသည်။

ဦးခင်ဝင်း
စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ
B.A., H.G.P., R.L., D.B.L., D.I.L., D.M.L.,
P.G.D.I.T (New Delhi) ; D.Jap;
M.P.A., M.A (B.L)

**မြန်မာမော်တော်ယာဉ်ကော်ပိုရေးရှင်းရောင်းဝယ်ရေးအများနှင့်သက်ဆိုင်သောကုမ္ပဏီလီမိတက်**

**MYANMAR MOTOR CORPORATION TRADING PUBLIC COMPANY LIMITED**

နောက်ဆုံးအစည်းအဝေးခေါ်ယူခြင်း

ဤကုမ္ပဏီ၏စာရင်းများကို ရှင်းလင်းပြုစုဆောင်ရွက်ထားပြီးဖြစ်၍ အစုရှင်များအားလုံးသို့ တင်ပြအတည်ပြုချက်ရယူလိုပါသဖြင့် အောက်ပါအတိုင်း ကျင်းပမည့်အစည်းအဝေးသို့ အစုရှင်များ မပျက်မကွက်တက်ရောက်ကြပါရန် ဖိတ်ကြားပါကြောင်း ကြေညာအပ်ပါသည် -

အစည်းအဝေးကျင်းပမည့်ရက် - ၁၄-၃-၂၀၁၄
အစည်းအဝေးကျင်းပမည့်အချိန် - နံနက် ၁၀း၀၀ နာရီ
အစည်းအဝေးကျင်းပမည့်နေရာ - အမှတ်-(၂၄)၊ ယောမင်းကြီးလမ်း၊ ဒဂုံမြို့နယ်၊ ရန်ကုန်မြို့။

ဦးမြိုင်
စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ
အမှတ်-၅၂၊ အိုးဘိုလမ်း၊ အိုးဘိုရပ်ကွက်၊
ကြည့်မြင်တိုင်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း - ၅၁၃၅၆၁

## UNIVERSAL SKY TOP TRADING CO., LTD.

### ဖျက်သိမ်းရန်ကြေညာချက်

၁။ **UNIVERSAL SKY TOP TRADING CO., LTD.** ကို အစုရှင်များ၏ဆန္ဒအလျောက် ဖျက်သိမ်းရန် ၂၀၁၄ ခုနှစ်၊ ဖေဖော်ဝါရီလ (၁၀) ရက်နေ့ ကုမ္ပဏီရုံးခန်းတွင် ကျင်းပသော သာမန်ထက် ထူးကဲသည့် အထွေထွေအရပ်ရပ်အစည်းအဝေးက အထူးဆုံးဖြတ်ချက်ချမှတ်ခဲ့ပါသည်။

၂။ ယင်းအစည်းအဝေးကပင် ကုမ္ပဏီစာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ် တိုက်အမှတ် (၂၉၅)၊ အနော်ရထာလမ်းနှင့် (၅) လမ်းထောင့်၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့နေ ဦးဇင်ဝေ (၂၁၀) လက်မှတ်ရ ပြည်သူ့စာရင်းကိုင်အား ခန့်အပ်ထားရန် ဆုံးဖြတ်ကြပါသည်။

၃။ သို့ပါ၍ ကုမ္ပဏီထံ ပေးရန်နှင့်ရရန်ရှိသည်များကို တစ်လအတွင်း ဦးဇင်ဝေ (၂၁၀) လက်မှတ်ရ ပြည်သူ့စာရင်းကိုင်နှင့် ဆက်သွယ်ဆောင်ရွက်ရန် ကြေညာလိုက်ပါသည်။

ဦးစိန်သောင်း
မန်နေးဂျင်းဒါရိုက်တာ
UNIVERSAL SKY TOP TRADING CO., LTD.

ဦးဇင်ဝေ (၂၁၀)
B.Com, C.P.A
ZIN & FRIENDS AUDIT FIRM
စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ

## GOLDEN NEO ENGINEERING COMPANY LIMITED

ဖျက်သိမ်းခြင်းနှင့်စပ်လျဉ်း၍ နောက်ဆုံးအစည်းအဝေးခေါ်ယူခြင်း

မြန်မာနိုင်ငံကုမ္ပဏီများအက်ဥပဒေပုဒ်မ ၂၀၈-င အရ ဖျက်သိမ်းဆဲ **GOLDEN NEO ENGINEERING COMPANY LIMITED** ၏ နောက်ဆုံးအစည်းအဝေးကို အောက်ပါအတိုင်း ကျင်းပမည်ဖြစ်ပါ၍ အစုရှင်များ၏သဘောတူညီချက်ကို ရရှိရန်ရှိသဖြင့် အစုရှင်အားလုံး တက်ရောက်ကြရန် ဖိတ်ကြားအပ်ပါသည်။

အစည်းအဝေးတွင် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ၏ အစီရင်ခံစာနှင့်စာရင်းရှင်းတမ်းများ တင်ပြပါမည်။

| | | |
|---|---|---|
| အစည်းအဝေးကျင်းပမည့်နေ့ | - | ၁၄-၃-၂၀၁၄ |
| အစည်းအဝေးကျင်းပမည့်အချိန် | - | နံနက် (၁၀း၀၀) နာရီ |
| အစည်းအဝေးကျင်းပမည့်နေရာ | - | အမှတ်-၄၅၀၊ ၄ လွှာ၊ ကမ်းနားလမ်း၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။ |

ဒေါ်တင်တင်ကျော်
စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ

မြန်မာနိုင်ငံကုမ္ပဏီများအက်ဥပဒေအရ

**ဂိုး(လ်)ဒင်းနဲ့ရေ့(စ်) ကုမ္ပဏီလီမိတက်**

**(Golden Nereid Company Limited)**

အပြီးသတ်စာရင်းရှင်းလင်းဖျက်သိမ်းခြင်း

**ဂိုး(လ်)ဒင်းနဲ့ရေ့(စ်) ကုမ္ပဏီလီမိတက် (Golden Nereid Company Limited)** ၏ အပြီးသတ်စာရင်းရှင်းလင်းဖျက်သိမ်းရန်အတွက် နောက်ဆုံးအရပ်ရပ်အထွေထွေအစည်းအဝေးကြီးအား ကုမ္ပဏီ၏ရုံးခန်းလိပ်စာဖြစ်သော အမှတ်-၁၆၅၊ အလုံလမ်း၊ အလုံမြို့နယ်၊ ရန်ကုန် (၁၄-၃-၂၀၁၄) နေ့လယ် (၁း၀၀) နာရီတွင် ကျင်းပမည်ဖြစ်ကြောင်း ကုမ္ပဏီ၏အစုရှယ်ယာရှင်အားလုံး တက်ရောက်ကြပါရန် အကြောင်းကြားအပ်ပါသည်။

ဒေါ်တင်ဝင်းယု
စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ
ဖမ်မက်ဂရု(ပ်)
အမှတ်-၆၃၅ (အေ-၁)၊ အခန်း (ဘီ-၃)၊ ရိုးမရိပ်သာ၊
ပြည်လမ်း၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း - ၀၁-၂၃၀၄၃၄၉၊ ၅၂၃၃၂၇

ပ၊ စ၊ လ - အမှတ် ၇၀၀/၁၃/ပုံနှိပ်ရေးနှင့်စာအုပ်ထုတ်ဝေရေးလုပ်ငန်း/စောင်ရေ - ၂၁၅၅/၁၄-၂-၂၀၁၄။